
www.burmeseclassic.com

# LU NAY

# လူနေ ဘီအိုအိုကေ




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

S M T W T F S
Date / /

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၃၀၀၃၁၀၀၃၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၀၀၃၂၃၀၃၁

ထုတ်ဝေသူ - ဦးဝင်းသုရှင် (အိမ်မက်အသစ်စာပေ)

၁၃၇ လမ်း အိမ်အမှတ် (၁၈)၊ ၃-ရွာ

တာမွေမြို့နယ်၊ ရန်ကုန်မြို့

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးအောင်မြင့်ဝင်း (ကလျာဏရွှေပုံနှိပ်တိုက်)

၁၀၄ (ဘီ)၊ ၃၁ လမ်း (အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်း - Yèlay @ Yè Wint Kyaw

ကာတွန်းသရုပ်ဖော် - Myo Minn Myat

ပုံနှိပ်ခြင်း - ပထမအကြိမ် (၂၀၀၁ ဒီဇင်ဘာလ)

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ၂၀၀ိ/

ဖြန့်ချိရေး - ရာဇာစာအုပ်တိုက်

- ၀၁-၃၈၀ ၉၃၂၂၊ ၀၁ ၅၉ ၂၄၀-၉၁၉

| | |
|---|---|
| ဂျင် | ၈၉၅.၈၃ |
| ဘီအိုအိုကေ / ဂျင် ။ - ရန်ကုန် | |
| အိမ်မက်အသစ် ၊ ၂၀၀၁ | |
| ၁၈၂ - စ ၊ ၁၂ × ၁၈.၅ စင်တီ | |
| (၁) ဘီအိုအိုကေ | |

S M T W T F S
Date / /

# ဂျင်

## ဘီအိုအိုကေ

(လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

S M T W T F S

Date / /

S M T W T F S

Date / /

BURMESE CLASSIC .com

Eainmakathit presents

co-presents

Yèlay @ Yè Wint Kyaw (Book Layout)

Myo Minn Myat (Cartoonist)

distributed by

RATHA

09 540 9322, 09 49 220 959

www.burmeseclassic.com

www.burmeseclassic.com

S M T W T F S
Date / /

ငယ်ငယ်တုန်းက သူငယ်ချင်းများအတွက်
အမှတ်တရ ရေးထားခြင်း ဖြစ်ပါသည်။
မကြိုက်နှစ်သက်ပါက
ပရိသတ်အား
အနူးအညွတ် တောင်းပန်အပ်ပါသည်။
စာရေးဆရာ လက်ဆော့ထားခြင်း
ဖြစ်သည်ဟု
ယူဆပေးပါရန် ...

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

S M T W T F S
Date / /

## ဇွန်လ

**အင်္ဂါနေ့**

သားကို ဒီစာအုပ်ပေးခဲ့တုန်းက “ ဒိုင်ယာရီ ” ရေးဖို့ဆိုပြီး အမေက ပေးခဲ့တယ်။ ဒိုင်ယာရီဆိုတာကို သားနားမလည်ပါဘူး။ နောက်မှ ဒိုင်ယာရီဆိုတာ “နေ့စဉ် လုပ်ဆောင်ချက် ”တွေ ရေးရတာဆိုပြီး အမေကတစ်ချက်ပြပါတယ်။ အမြဲဆောင်ထားပြီး နေ့စဉ်ရေးလို့လည်း ဆိုသေးတယ်။

အလုပ်ရှုပ်လိုက်တာ။ ဒီစာအုပ်ကြီး ကျောင်းမှာ “တကိုင်ကိုင်နဲ့” နဲ့ ဟိုလူက အမြင်ကတ် ဒီလူက အမြင်ကတ်နဲ့ဖြစ်နေမှာပေါ့။

နဂိုကတည်းကမှ အတန်းကြီးကျောင်းသားတွေက “စာအုပ် တကိုင်ကိုင်” နဲ့ ကျောင်းသားဆိုရင် အမြင်ကတ်ကကတ်နဲ့…။



ထားပါတော့လေ။ ဘာပဲဖြစ်ဖြစ် ဒီစာအုပ်ထဲမှာ သားရဲ့ ခံစားချက်တွေ၊ အတွေးတွေ၊ နေ့စဉ်အဖြစ်အပျက်တွေကို ရေးဖို့တော့ အမေ့ကိုသဘောတူလိုက်တယ်။



BURMESE CLASSIC .com
www.burmeseclassic.com


www.burmeseclassic.com

နောင်တစ်ချိန်မှာ သားက နိုင်ငံကျော်မဖြစ်နိုင်ဘူးလို့ ဘယ်သူက ပြောနိုင်လို့လဲ။ အဲ့ဒီအခါကျမှ……




အဲ့ဒီနိုင်ငံကျော်အတွေးနဲ့တင် အတော်ပျော်နေပြီ။ ဒီတော့ ဘာပဲဖြစ်ဖြစ် ဒီစာအုပ်လေးကို တစ်နေ့ကျရင် အသုံးဝင်နိုင်တယ်။ အမေ ပြောသလို စာအုပ်ထိပ်ဆုံးမှာ "သား အဲ့ဒါသောဒီရဲ့ ဒိုင်ယာရီ" လို့တော့ ရေးချင်ပါဘူး။

စာအုပ်ဆိုတော့ ရိုးရိုးရှင်းရှင်းလေးပဲ "ဘီအိုဂရာ" လို့ ရေးလိုက်မယ်။ ကောင်းတယ်။ အဲ့ဒီအတိုင်းပဲ ရေးမယ်။





**မုန့်တူးနေ့**

ဒီနေ့က ကျောင်းစဖွင့်တဲ့ရက်ဆိုတော့ နည်းနည်းအရေးကြီးတယ်။ ကျောင်းကိုစောစောသွားရတယ်။ ပြီးတော့ အတန်းသစ်ကို စတက်ရမှာဆိုတော့ နေရာကောင်းကောင်းရဖို့ကလည်း လိုအပ်တယ်လေ။

တက်ရမယ့် အတန်းရောက်တော့ တစ်ယောက်နှစ်ယောက်ပဲ ရောက်သေးတယ်။ လွတ်နေတဲ့ ခုံမှာ ဝင်ထိုင်လိုက်တယ်။

ခဏနေတော့ …




မရှိပေမယ့်လည်း ရှိတယ်လို့ ပြောလိုက်တယ်။ ရုပ်က နည်းနည်း ဆိုးတယ်။ သူနဲ့တော့ ပူးတွဲထိုင်ချင်ပါဘူး။ ထိုင်မိရင်တော့ စိတ်ပျက်စို့ကောင်းမှာပဲ။


ဒီလိုနဲ့ ကျောင်းသား၊ ကျောင်းသူတွေ တဖြည်းဖြည်းများလာလိုက်တာ။ နောက်ဆုံးတော့ သား နေရာလေးက အတော်အဆင်ပြေနေလေရဲ့…။



www.burmeseclassic.com

www.burmeseclassic.com

S M T W T F S
Date : / /



မိန်းကလေးတွေနဲ့ဆိုင်တော့ ...။ ယောကျ်ားလေးတွေလို ရန်မဖြစ်ရတော့ဘူးပေါ့။ အဲ ... ဒါပေမယ့် တစ်ခါတစ်ခါတော့ သူတို့ရဲ့ စာအိုလုလင်တော့ လုပ်ရတယ်။ စိတ်ပျက်စရာတော့ မကောင်းပါဘူး။ ပျော်စို့တော့ ကောင်းသား။





S M T W T F S
Date : / /

သားတော့တ ကောင်မလေးနှစ်ယောက်က မြင်တဲ့အတိုင်းပဲ အတော်ကလေးလှတယ်။ အဲ... သူတို့ရဲ့ နာမည်တွေကို မိတ်ဆက် ရှိုးမယ်။



နာမည်က အဆိုတော်နာမည်တွေလိုလို ဘာလိုလိုနဲ့ ထားလိုက်ပါ။ သူတို့လည်း သီချင်းဆိုတာ ဝါသနာပါတော့ သူတို့ အိမ်တွေက အဲ့ဒီလိုပေးထားတာဖြစ်မှာပေါ့။

တစ်ခန်းလုံးမှာ သူတို့နှစ်ယောက်က အလှဆုံးပဲ။ အဲ့ဒီတော့ တခြားကျောင်းသားတွေက သားကို မနာလိုသလိုလို အားကျသလိုလို ဟား ဒို့တွေ ကြည့်ကြတယ်။

တချို့ဆို နေရာလာဝယ်တာတောင် ရှိတယ်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




ဝယ်လို့မရမှန်းလည်း သိရော တချို့က ခပ်ညစ်ညစ်အတွေးတွေနဲ့ လုပ်ကြတယ်။




လိမ်တာပါ။ ဆရာမက အကျန်း [illegible] မရောက်သေးတာ။ သားက "တုတ်လား ... ဘယ်မှာလဲ" ဆိုပြီး [illegible] သားရဲ့ အဖိုးတန်



နေရာလေး ပျောက်သွားမှာပေါ့။ အဲဒီလိုနဲ့ ပေတေ ထိုင်နေလိုက်တယ်။

အားလုံးတော့ သားတို့ တင်းသွားကြတယ် ထင်တယ်။ မျက်စောင်းတထိုးထိုးနဲ့ ...။ သားတလည်း အားအားရှိ ဘေးနားက ကောင်မလေးနှစ်ယောက်နဲ့ စကားပြောနေတာကိုး ......။

အဲ... ပြောစရာကျန်သေးတယ်။ ဘေးနားက ကောင်မလေး နှစ်ယောက်နဲ့တော့ အဆင်ပြေပါရဲ့ ...။ မိယေးမယ့် ရှေ့နောက်မှာတော့ ဘဲတွေဖြစ်နေတယ်။ သိပ်စိတ်ညစ်တာပဲ ....။



လူပုံတင် ရုပ်ဆိုးလားဆိုတော့ မဟုတ်ဘူး။ နာမည်တွေကလည်း သားလောက် မသားနားဘူး... အဟင်း။ တကယ်ကျွတာ။ သူတို့ နာမည် ဒကာ တောကနာမည်တွေနဲ့ ခပ်ဆင်ဆင်ပဲ။ တစ်ယောက်ကတော့ ရုပ်ရှင်ကြိုနာမည်နဲ့ တူတယ်လို့ ထင်တာပဲ။

အဖေက သားတို့ မိသားစုကို ခေါ်သွားလို့ ကြည့်ဖူးတဲ့ ရုပ်ရှင်ကိုလို့ထင်တာပဲ။ သိပ်တော့ မမှတ်မိဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပဲဖြစ်ဖြစ်ပါ။ ဘောင်ဘူနဲ့ ရှေ့ဆောင်မှာ ဘောင်ဘူနဲ့တော့ တော်တော်လေး ခင်သွားတယ်။ ဘောင်ဘူကတော့ နည်းနည်းလေး တုံးပုံရတယ်။

ဟိုကောင်ရှေ့ဆောင်ကတော့ နည်းနည်းလည်ပုံရတယ်။ နာမည်နဲ့ လိုက်အောင် ရှေ့ကခပ်စောင်းစောင်းနဲ့ သွားမယ့်ပုံပေါက်တယ်။

မဖြစ်ဘူး။ ဘောင်ဘူနဲ့ပဲ ပေါင်းထားမှ...။




သားတို့ အတန်းပိုင်ဆရာမရောက်လာတော့ ခုံလုခြင်းတွေ ပြီးသွားတယ်။ နေရာတွေ အားလုံးလည်း တရားဝင် ဖြစ်သွား ဗ: ဒ။

သားတို့ အတန်းပိုင်ဆရာမကလည်း ခန့်ခန့်ချောချော ကြီးပါ။ မထင်ရင် မထင်သလို တွယ်မယ့်ပုံလည်း ပေါက်တယ်။

အဲ့ဒီမှာ နောက်ထပ် ကိစ္စတစ်ခု စတော့တာပဲ။








ဆရာမအသံကြားတော့ သားက မီးကို နည်းနည်းမှတ်မိလိုက်တယ်။

ညက သား အစ်ကိုရဲ့ ဖတ်လက်စစာအုပ်ဖြစ်တဲ့ "ယုံကြည်ချက် နှင့် အောင်မြင်ခြင်း" ဆိုတဲ့ စာအုပ်ထဲက "တစ်စုံတစ်ခုကို လိုချင်ပြီဆိုရင် ရင်ကော့ပြီး မိမိကိုယ်ကို မိမိပဲဖြစ်ရမယ်ဆိုတဲ့ စိတ်ထားစေပါ" ဆိုတဲ့ စာသားအတိုင်း လုပ်မိလိုက်တာပါ။

သူ့ဟာက ပုံလေးလည်းပါတယ်။ အခုအနေအထားက ဟုတ်ရဲ့ လားလို့ ကိုယ့်ကိုကိုယ် ပြန်ကြည့်ရသေးတယ်။





www.burmeseclassic.com

www.burmeseclassic.com



မော်နီတာ (အတန်းခေါင်းဆောင်....) ဟုတ်လား။ လို့ချင်တာ ပေါ့မှာ။ အဲ့ဒီရာထူးကို ကျောင်းသားတိုင်းလိုချင်ကြတယ်။ စနိုးပွင့်တယ်။ ကောင်မလေးတွေက အားကိုးကြတယ်။ အခြားကျောင်းသားတွေကိုလည်း ကောင်မလေးတွေရှေ့မှာ ခိုင်းလို့ရတယ်။




ဆရာမကတော့ အတန်းတစ်တန်းလုံးကို လျှောက်ကြည့် တယ်။ ပြီးတော့ ဆရာမက ကျောင်းသားနာမည်တွေပါတဲ့ စာရွက်ကိုကြည့် လိုက်၊ လမ်းလျှောက်လိုက်လုပ်နေတော့ အားလုံးက မျိုး ဖြစ်နေကြတာပေါ့။

တစ်နေရာရောက်တော့ ဆရာမက သားကို စိုက်ကြည့်နေတယ် ဒီလိုပဲဖြစ်ရမယ်လေ။ ရင်ကိုလည်း နည်းနည်းထပ်ကော့ထားလိုက်ရတယ်








ကောင်မလေးတွေ အကြည့်က သူ့ဆီ ရောက်သွားကြတယ်။ ခံပြင်းလိုက်တာ။ အရပ်ရှည်ပြီး နာမည်က နမိတ်ရှိတယ် ဆိုပြီး မော်နီတာ လုပ်တဲ့။

အခြားကောင်မလေးတွေ ကြည့်နေတာကိုတော့ မပြောလိုပါဘူး။ သားဘေးက ကောင်မလေးနှစ်ယောက်ကလည်း သူ့ကိုကြည့်နေတော့ သားခံပြင်းတာပေါ့။

လောရှည်ကလည်း ပါကိုပဲ ကျေနပ်နေပုံရတယ်။





www.burmeseclassic.com


www.burmeseclassic.com



ကျောင်းကနေ အိမ်ပြန်ရောက်တော့ အိပ်ယာထဲကို မကျေ မနပ်နဲ့ ဝင်အိပ်နေလိုက်တယ်။ ထမင်းတောင် ထွက်မစားဘူး။

## ကြာသပတေးနေ့

ကျောင်းရှေ့ကတော့ ကောင်မလေးတွေ ဝိုင်းနေတဲ့ ဖရော့ချည် ကို တွေ့ရတယ်။ အရင်က ကလန်ကလားနဲ့ ကောင်မလေးတွေကလည်း ဘာကြည့်ပြီး ကြိုက်ကြလည်း မသိဘူး။






မမြင်ချင်တာနဲ့ အခန်းထဲ စောစောဝင်ထိုင်နေလိုက်တယ် ဆောင်ဘူကတော့ ရောက်နေပါပြီ။ စားပွဲပေါ်က စာအုပ်ကို ကုန်းကု ကုန်းဟုန်းနဲ့ သဲကြီးမဲကြီး ဖတ်နေလေရဲ့။









ရှိမွက်သ်ဗို ဆန်ဆန်လုပ်နေတာကြောင့် စိတ်ဝင်စားသွားတယ်။ စာအုပ်ကို သူက မသိမသာပြတယ်။ စာအုပ်နာမည်က ယောက်ျားနဲ့ မိန်းမ ကွာခြားချက်များတဲ့...။ အိမ်မယ်... ကလေးစာအုပ် မဟုတ်တော့ တော်တော်လေး စိတ်ဝင်စားသွားတယ်။ ဒါနဲ့ သူ့အနားမှာ ပူးကပ်ထိုင်လိုက်ပြီး စာအုပ်ကို အတူတူဖတ်လိုက်တယ်။

စာအုပ်က ယောက်ျားနဲ့ မိန်းမအကြောင်းကို အမြင်တစ်မျိုးလေးနဲ့ ရေးထားတာပါ။ အဟိ....။ ဖတ်လို့တော့ ကောင်းသား...။

သား ဝင်ဖတ်တဲ့အချိန်မှာ "မိန်းကလေးများအကြောင်း သိကောင်းစရာ" ဆိုတဲ့ အခန်းကို ရောက်နေပါပြီ။






www.burmeseclassic.com

www.burmeseclassic.com



တော်တော်လေးကို သဘောကျသွားကြတယ်။ မိန်းကလေးတွေရဲ့ စိတ်ကိုလည်း မြင်လာသလို ခံစားရတယ်။ နှစ်ယောက်သား တိုးတိုးကျိတ် ကျိတ် ဖတ်လို့ကောင်းနေကြတယ်။ နောက်တစ်ခန်းကတော့ "အဟိ... အဟိ ....တခစ်ခစ် " တဲ့...။ ဘာမှန်းမသိပေမယ့် စဖတ်မလို့ ပြင်နေတုန်း။




ဟော့ရှည်က စာအုပ်ယူပြီး အခန်းအပြင်ကို ပြေးထွက်သွားတယ်။ သားနဲ့ ဆောင်ဘုက မှင်သက်နေတယ်။ ဟော့ရှည်ကတော့ အခန်းအပြင်ကနေ စာအုပ်ကြီး ကိုင်ပြီး အော်ပြေးနေတယ်။








သားနဲ့ ဆောင်ဘုမှာ ထိတ်လန့်သွားပြီး ဘာလုပ်လို့ လုပ်ရမှန်းမသိ ဖြစ်သွားကြတယ်။ ဒီကိစ္စကို ကျောင်းအုပ်ကြီးတိုင်လို့ကတော့ ခုက္ခပဲ။

အတန်းထဲက ထွက်ပြီး ဟော့ရှည်နောက်ကို နှစ်ယောက်စလုံး ပြေးလိုက်ကြတယ်။ မတွေ့ပါဘူး။ စိတ်ညစ်သွားကြတယ်။ ဒါနဲ့ အတန်းထဲမှာ ကြောက်ကြောက်လန့်လန့်နဲ့ပဲ နှစ်ယောက်စလုံး ပြန်ဝင်နေကြရတယ်။



ဆရာမကတော့ အတန်းထဲ ဝင်လာပြီ။ ဟော့ရှည်ကတော့ ပြန်မရောက်သေးဘူး။ ဘယ်အချိန်များ ကျောင်းအုပ်ကြီးက ခေါ်မလဲဆိုပြီး ရင်တမိတ်မိတ်နဲ့ ....။ ဆရာမက စာအုပ်ထုတ်တော့လို့ ပြောချိန်အထိ လက်တွေ တုန်နေတာကြောင့် စာအုပ်ထုတ်လို့မရသေးဘူး။






www.burmeseclassic.com

www.burmeseclassic.com

သွားပြီ...။ အားလုံးရဲ့ အကြည့်တွေက သားတို့နှစ်ယောက်ပေါ် ရောက်လာတယ်၊ အဆိုးဆုံးက ဖွင်းနဲ့ စုပိုင်းက လူဆိုးတွေကို ကြည့်နေတဲ့ အကြည့်မျိုးနဲ့ ကြည့်နေကြတယ်။

အထင်သေးသွားပြီလား မသိဘူး။ အောင်ဘုကို လှမ်းကြည့်လိုက်တော့ အောင်ဘုကလည်း ရှက်လို့ ငိုနေတယ်။





ရုံးခန်းကို ရင်တဒိတ်ဒိတ်နဲ့ သွားနေတုန်း လော်ရှည်ကတော့ အတန်းထဲ မှာ သူတို့အကြောင်းကို ဖွဖြိုးနေလောက်ပြီထင်တယ်။ ဖွင်းနဲ့ စုပိုင်းကတော့ သားတို့ "နှာဘူး" လို့ ထင်သွားရင် ခုတွေ...။ အောင်ဘု ကတော့ သားဘေးနားမှာ ခေါင်းငုံ့ပြီး လိုက်လာတယ်။ မိကိုရွှာ ဒင်းယူလာလို့ ဖြစ်ရတာ။ ဒါနဲ့ အောင်ဘုကို တစ်လမ်းလုံး စကားမပြောဘဲနေလိုက်တယ်။






ဘယ်လိုပဲပြောပြော ဆရာကြီးက သားတို့နှစ်ယောက် စလုံးကို "လူလေးတွေက သေးသေးလေးပဲရှိသေးတယ်၊ ဒါတွေ စိတ်ဝင်စား နေပြီလား"၊ "မင်းတို့တွေကို မပြောချင်ဘူး"၊ "မင်းတို့ လူငယ်တွေ ဆိုတာ...." စသည်ဖြင့် ပြန်မမှတ်မိလောက်တဲ့ စကားတွေပြောပါ တော့တယ်။

သားနဲ့အောင်ဘုကတော့ "နောက်မလုပ်တော့ပါဘူး" ဆိုတဲ့ အိုက်တင်နဲ့ နေနေရတာပေါ့။



www.burmeseclassic.com

S M T W T F S

Date : / /

စိတ်ထဲကလည်း "ေလာ့ရှည်" ကို "ကမ္ဘာ့မကြေ" ဖြစ်နေမိတယ်။ ဒါတောင် အောင်ဘုတ ရုံးခန်းထဲက ပြန်ထွက်ခါနီး သူ့ရဲ့စာအုပ်ကို ပြန်ယူလာနေလို့ မနည်းခွဲပြီး ထွက်လာခဲ့ရတယ်။


**သောကြာနေ့**

အောင်ဘုန်က တစ်ရပ်ကွက်ထဲမို့လို့ ကျောင်းသွားခါနီး သူ့ရဲ့အိမ်ကို ဝင်ခေါ်ရတယ်။ သူက တစ်ဦးတည်းသော သားမို့လို့ သူ့အမေက သေသေချာချာ ပြင်ဆင်ပေးနေတာကို အတော်ကြီး ထိုင်စောင့်ရတယ်။ သူ့အမေက သူ့သားအပေါ်ကို နည်းနည်းပိုလွန်းတယ်။

အိမ်က ထွက်ခါနီးတောင် "ဟိုဟာ မလုပ်နဲ့ ...... ဒီဟာလုပ်" ဆိုပြီး မှာနေသေးတယ်။ အောင်ဘုတတော့ လမ်းပေါ်ရောက်တာတောင် "ဟုတ်...ဟုတ်...ဟုတ်" နဲ့ လုပ်နေမိတုန်း ရှိသေးတယ်။

ကျောင်းသွားတဲ့ လမ်းမှာတော့ နှစ်ယောက်စလုံး စကားမပြောမိကြပါဘူး။

မနေ့က ကိစ္စနဲ့ပတ်သက်ပြီး ကျောင်းမှာ ဘာတွေများ ဖြစ်မလဲ ဆိုပြီး ရင်တမိတ်မိတ်နဲ့ စိုးရိမ်နေတာကြောင့် စိတ်ညစ်ပြီး ခေါင်းငိုက်စျော့ကျနေမိတယ်။





S M T W T F S

Date : / /

ကျောင်းရောက်တော့ အတန်းထဲက ကောင်မလေးတစ်ဖွဲ့နဲ့ စတွေ့တယ်။ သူတို့က သားတို့နှစ်ယောက်ကို စတွေ့တော့ နှာခေါင်းရှုံ့လိုက်ကြပြီး "ဟွန်း" ဆိုတဲ့ ပုံစံနဲ့ ရှောင်ကွင်းသွားကြတယ်။


ရုတ်လိုက်တာ။ မျက်နှာတောင် ဘယ်နားသွားထားရမှန်း မသိဘူး။

အဲ့ဒီလိုနဲ့ အတန်းထဲရောက်တော့ ဂျင်နီနဲ့ စုပိုင်းတ သားကို မြင်လည်းမြင်ရော သား ထိုင်ရမယ့် ထိုင်ခုံရဲ့ ဘေးနားမှာ ထိုင်နေရာကနေ တခြားနေရာကို သွားထိုင်ကြတယ်။

ပုံစံတွေကလည်း သားကို အထင်သေးသွားကြပုံရတယ်။

သားမျက်နှာကလည်း သူများတွေ ပြောပြောနေတဲ့ ခရီးသီးနှောလောက်ပဲ ရှိတော့တယ်။

အောင်ဘုကိုကြည့်လိုက်တော့ သူက ဖရုံသီးနှောလောက်ပဲရှိတော့တယ်ထင်တယ်။



ကိုယ့်ခုံကို ဝင်ထိုင်ပြီး ခဏအကြာမှာ "ေလာ့ရှည်" က အတန်းထဲ ဝင်လာတယ်။ ဂျင်နီနဲ့ စုပိုင်းက ထိုင်နေရာမှ ပြေးသွားပြီး "ကိုကိုလော" "ကိုကိုလော" ဆိုပြီး ဝိုင်းနှုတ်ဆက်ကြတယ်။




www.burmeseclassic.com

www.burmeseclassic.com



အမြင်ကတ်လိုက်တာ။ လော့ရှည်က သားတို့နှစ်ယောက်ကို မတွေ့သလို တစ်ချက်ကြည့်ပြီး သူ့နံမှာ သူ့ဝင်ထိုင်လိုက်တယ်။ သူ့နံဆိုတာက သားနောက်က ခုံကို ပြောတာပါ။

ခဏနေတော့ လော့ရှည့်နားကို ကောင်မလေးတစ်ယောက် ရောက်လာပြီး.....




လော့ရှည်က သာခင်ဆိုတဲ့ ကျောင်းသားကို တစ်ချက်လှမ်းကြည့်လိုက်တယ်။ သာခင်က ကြိမ်ကြိမ်တုတ်တုတ်လေး ဖြစ်သွားပြီး တစ်ဖက်လှည့်သွားတယ်။

နောက်ထပ် ကောင်မလေးတစ်ယောက် ထပ်ရောက်လာပြန်ရော–







လော့ရှည်က သူ့ မအားကြောင်း ... ။ ကောင်မလေးတစ်ဖွဲ့က မုန့်ဝယ်ကျွေးမလို့ ဆိုပြီး လာတိခိုတာကြောင်း ... ။ နောက်တစ်ပတ်မှ ကျွေးလို့ရမည်ဖြစ်ကြောင်း ... အမြင်ကတ်လောက်အောင် ပြောဆိုနေတော့တယ်။

မုန့်ဝယ်ကျွေးမယ်ဆိုတဲ့ ကောင်မလေးလဲ စိတ်မကောင်းသလို ဖြစ်သွားပြီး "နောက်တစ်ပတ်ကျရင် ငါ့အတွက် အချိန်ပေးပါတော့" ဆိုပြီး ဘိုကင်လုပ်တာ သူ့နေရာသူ သွားပြန်ထိုင်နေတာကို တွေ့ရတယ်။



သားတို့ ကြားအောင် ပြောပုံရတယ်။ ဒါကြောင့် မသိချင်ယောင် ဆောင်နေလိုက်တယ်။

အဲဒီအချိန်မှာပဲ ဆရာမက စာတန်းထဲ ဝင်လာတယ်။ ဆရာမ ဝင်လာတာကို တွေ့လိုက်တော့ သား တုန်လှုပ်သွားသလို ခေါင်ဘုလည်း တုန်လှုပ်သွားတာကို တွေ့လိုက်ရတယ်။



www.burmeseclassic.com


www.burmeseclassic.com





ရှက်လွန်းလို့ မျက်နှာကို အတင်းကြီး ငုံ့ထားရတယ်။ အီးအီး ပါချင်သလိုလို ရှူးပေါက်ချင်သလိုလိုလည်း ဖြစ်လာတယ်။ အရေးထဲအောင်ဘုရဲ့ ဘောင်းဘီတိုက သရေကျိုးလျှော့နေလို့ ဆွဲဆွဲတင်နေသေးတယ်။

အားလုံးကတော့ တခိခိနဲ့ သဘောကျနေကြတာပေါ့။



ဆရာမက မနေ့က ကိစ္စကို ပြန်အစဖော်ပါတယ်။ ကျောင်းအုပ်ဆရာကြီးက သူတို့ ခေါ်တွေ့တာ လူငယ်ကလေးများ မှားသင့်တာ မမှားရအောင်၊ ဒီအရွယ်မှာ မလိုအပ်တဲ့ သတင်းအချက်အလက်များ မရအောင် ဆုံးမပေးရန် ဆရာမှာ တာဝန်ရှိကြောင်း စသည်ဖြင့် အတန်းသား





အားလုံးကို ကြည့်ပြီး သားတို့နှစ်ယောက်ကို ဆုံးမနေတော့တယ်။

အပြစ်လည်း ပေးရမယ်ဆိုတာကြောင့် သားတို့နှစ်ယောက်မှာ နားများပင် ပူထူသွားကြတယ်။

ဆရာမက အတန်းသား အားလုံးကိုကြည့်ပြီး–

သူတို့နှစ်ယောက်ကို ဘာအပြစ်ပေးရင်ကောင်းမလဲ?

လို့မေးတယ်။



ထိုစကားများကို နားထောင်ရင်း အောင်ဘုမှာ ရှူးများ ပေါက်ချလိုက်ပါလေရော။ အားလုံးမှာ ဝိုင်းရယ်လိုက်ကြပြီး "သေးပေါက်" "သေးပေါက်" လို့ ဝိုင်းအော်ကြတယ်။

ဆရာမက အားလုံးကို တိတ်ဆိတ် အမိန့်ပေးလိုက်ပြီး လော့ရှည်ဘက်လှည့်ကာ–



www.burmeseclassic.com

www.burmeseclassic.com



လောရှည် ...

ဗျာ ... ဆရာမ

သူတို့နှစ်ယောက်ကို တစ်ပတ်တိတိ
သန့်ရှင်းရေးလုပ်ခိုင်း...

ဟုတ်ကဲ့...ဆရာမ...

ဒါပြီးနောက် ဆရာမက ဆုံးမမှုတွေ တစ်ရှော့ကြီးပေးတာ အောင်သူအားလည်း သူ့ရှုံးမှုများကို ပြန်သုတ်ခိုင်းတယ်။ တစ်ခန်းလုံး ကတော့ ရယ်စရာပွဲကြီး ကြည့်နေရသလို တဝါးဝါးနဲ့ ရယ်နေကြတယ်။

သားတို့နှစ်ယောက်စလုံးရဲ့ စိတ်ထဲမှာ ရှက်လည်းရှက်၊ လောရှည်ကိုလည်း အမြင်ကတ်၊ မိန်းမတွေကိုလည်း မုန်းတီး စသည်ဖြင့် အတွေးများစွာ ရောထွေးနေကြတော့တယ်။

ကျောင်းကနေအိမ်ပြန်ရောက်တော့ အမေက "ဘာဖြစ်လာတာလဲ" လို့ မေးတယ်။ သားလည်း ဘာမှ မပြောချင်တာနဲ့ အခန်းထဲ ဝင်နေလိုက်တယ်။ အခန်းထဲရောက်တဲ့အထိ စိတ်တွေက မတည်ငြိမ်ဘူးလို့ ထင်တယ်။ ထရမလို ထိုင်ရမလို ဖြစ်နေတယ်။

ဘာမှလုပ်မရတဲ့အဆုံး တစ်ဖက်ခန်းမှာရှိတဲ့ သားအကို့ရဲ့ အခန်းကို ကူးသွားလိုက်တယ်။

သူကတော့ ဒီအချိန်ကျောင်းမှာပဲ ရှိနေသေးတယ်။ ဘာပဲ ပြောပြော သူ့အခန်းထဲရောက်ရင် ဟိုဟာမွှေနှောက်၊ ဒီဟာမွှေနှောက်နဲ့ စိတ်ပြောင်းသွားမယ်ထင်လို့ တံခါးဖွင့်ဝင်နေကျပါ။







အခန်းကတော့ ရှုပ်ပွနေတာပဲ။ ရှုပ်စရာ စာအုပ်တွေ၊ ဘာမှန်း မသိတဲ့ ပစ္စည်းတွေနဲ့ ရှုပ်နေတယ်။ အံ့ဆွဲတစ်ခုထဲမှာတော့ သူ့ ကောင်မလေး ဖြစ်ခဲ့ရတဲ့ ဓာတ်ပုံတစ်ပုံတွေ့တယ်။ ရုပ်ဆိုးလိုက်တာ။



ပြန်ချထားလိုက်တယ်။ ဟိုကြည့် ဒီကြည့် ဆက်ကြည့်တယ်။ တိုင်အောက်မှာ ဖုံးထားတဲ့ စာအုပ်နှစ်အုပ် တွေ့တယ်။ ဖတ်ကြည့်တော့ ဘာတွေရေးထားမှန်း မသိဘူး။ မျက်နှာက ရှုံ့မဲ့ရှုံ့မဲ့မိန်းမိန်း ဖြစ်လာတာနဲ့ ပြန်ထားလိုက်တယ်။ ကလေးတွေဖတ်ရင် မျက်နှာပူတဲ့ စာအုပ်လား မသိဘူး။




www.burmeseclassic.com

www.burmeseclassic.com



ဒါ့ပြင်လို့ စာအုပ်တစ်အုပ်တွေ့ပြန်ရော။ ဒါကတော့ ကလေးတွေ တကယ်ဖတ်လို့ရတဲ့ စာအုပ်ဖြစ်ပုံရတယ်။ စာအုပ်ပေါ်မှာတောင် "ကလေးများအတွက်သိပ္ပံ" ဆိုပြီး ရေးထားသေးတယ်။

ယူဖတ်ရင်း အိပ်ပျော်သွားလိုက်တာ ...



အစ်ကိုပြန်ရောက်လာပြီး ဆူဆူညံညံနဲ့ လုပ်တော့မှ သူ့အခန်းထဲက ပြန်ထွက်လာမိတယ်။

**စနေနေ့**

ကျောင်းပိတ်တော့ ပျင်းတာနဲ့ အောင်ဘုတို့ အိမ်ဘက် ထွက်လာခဲ့လိုက်တယ်။ ပျင်းလိုက်တာ၊ ဘယ်သူမှလည်း ကစားမယ့် အဖော်မရှိဘူး။ အစ်ကိုကလည်း "ငါလူပျိုဖြစ်နေပြီ မင်းနဲ့မကစားတော့ဘူး" ဆိုပြီး အခန်းထဲမှာ အောင်းနေတယ်။

အောင်ဘုအိမ်ရောက်တော့ အောင်ဘုက အိမ်ရှေ့မှာ ငုတ်တုတ် လေးထွက်ထိုင်နေတယ်။ မျက်နှာက မှိုင်တိုင်တိုင်နဲ့ဆိုတော့ သူ့အိမ်က





ဆူထားသလားမသိဘူး။ ဒါနဲ့ ဝင်ထိုင်ရင်း အားပေးစကား ပြောရတာပေါ့။

မင်းအမေဆူထားတာလား ?

မဟုတ်ပါဘူးကွာ။

ဒါဆို ဘာဖြစ်နေတာလဲ ?

တနင်္လာနေ့ကို တွေးပြီး စိတ်ညစ်နေတာ။ အမိုက်တွေလုပ်၊ အမိုက်တွေကျူးနဲ့ ငါတော့ တွေးရင်းနဲ့ ရှက်နေတာ

သူ့စိတ်ညစ်နေပုံကြည့်ရင်း သားလည်း စိတ်မကောင်းဖြစ်သွားတယ်။ သားလည်း စိတ်ညစ်တာပဲ။ ဒါပေမယ့် အောင်ဘုကတော့ ပိုလွန်းတယ်လို့ ထင်တယ်။

သူငယ်ချင်းဖြစ်နေတော့လည်း နှစ်သိမ့်ပေးရမယ့် တာဝန်က ရှိနေပြန်ရော။

ဘာမှစိတ်မညစ်နဲ့ ငါလည်းအမိုက်လုပ်ရမှာဘဲ။

အာ ... ငါ့ဘာငါ ရှက်နေတာ၊ ပြီးတော့ ငါ့အမေက အဲဒီကိစ္စကို သိသွားရင်မလွယ်ဘူး။ မူးမေ့လဲသွားနိုင်တယ်။

ယုံပါတယ်။ သူ့အမေက လူရှေ့သူရှေ့ရောက်ရင် သူ့သားအကြောင်းတွေချည်းပဲ ပြောတော့ ဒီကိစ္စသာကြားရင် မူးရုံတင်မကဘူး။ တက်တောင် တက်နိုင်သေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အမေကိုတ မခိုက်တာပါ။ ကလေးပဲ တစ်ခါတော့ မှားမှာပေါ့ ဟုတ်ဘူးလား။

မင်းစိတ်ပြေသွားအောင် မနက်ဖြန် ကာတွန်းပြပွဲ သွားမလား။ ငါတို့ မြို့နယ်ရုံးမှာ လုပ်တဲ့ ပွဲကွ။

အာ ... သွားချင်ပါဘူး။ အမေဆူလိမ့်မယ်။

နီးနီးလေးပါ။ ဘယ်သူမှ မသိအောင်သွားမှာပေါ့။ လမ်းထိပ်ကို မုန့်ဝယ်သလိုလို ဘာလိုလိုနဲ့ သွားမယ်လေ။

ဒီကောင် အောင်ဘုတွေဝေသွားပါတယ်။ သား မပြောဘူးလား။ သူက ခိုးကြောင်ခိုးဝှက်လုပ်ရင် သိပ်စိတ်ပါတာလို့။

ဒီလို့နဲ့ မနက်ဖြန်ကျရင် ခိုးသွားမယ့် အစီအစဉ်ကို ဆွဲကြ[ပြီး] တိတ်တိတ်ခိုး ကစားနေလိုက်တယ်။ တစ်နေကုန်ပါပဲ။ ပြော်...ပြောရဦးမယ် အောင်ဘုအိမ်ကို သွားချင်တဲ့အကြောင်းအရာထဲမှာ ဒီတိတ်တိတ်ခိုး[လ] ပါတယ်။ သားအိမ်မှာက တိတ်တိတ်ခိုး အရှိဘူးမျ။

<u>တနင်္ဂနွေနေ့</u>


ကာတွန်းပြပွဲက သိပ်စည်ကားတယ်။ သားကြိုက်[...] ကာတွန်းနေ့ကြည့်တို့၊ အယ်ပီကျယ်တို့ရဲ့ ကာတွန်းတွေလည်း တွေ့တ[...] တစ်ချို့ဆို သိပ်ရယ်ရတယ်။ တစ်ချို့ကတော့ နားမလည်ပါ[...]





အောင်ဘုနဲ့ သားတတော့ ဖီးထုပ် တစ်ယောက်တစ်ထုပ်ကိုင်ပြီး လျှောက်ကြည့်တယ်။ တခြားကလေးတွေလည်း တွေ့ရတယ်။ သူတို့တတော့ တံကောင်းတယ်။ မိဘတွေကို လက်ဆွဲပြီး ကာတွန်းတွေ လိုက်ကြည့်နေတာ တွေ့ရတယ်။

အရေးထဲ အောင်ဘုအဖေရဲ့ အသိတစ်ယောက်ကို လှမ်းတွေ့ရလို့ တိုရှောင် ဒီရှောင်နဲ့ ပုန်းအောင်းပြီး ကြည့်ခဲ့ရသေးတယ်။ အောင်ဘု ကတော့ ဆေးချွေးတွေပြန်နေလောက်ပြီ။



အဲ့ဒီလိုကြည့်ရင်းနဲ့ ပြခန်းကောင်တာနားကို ရောက်သွားတယ်။ အောင်ဘုက သားကို အလန့်တကြားနဲ့ လှမ်းတို့တယ်။ သားတလည်း သူ့အမေ အသိများလားဆိုပြီး ပုန်းဖို့ပြင်ရတာပေါ့။

မဟုတ်ဘူး။ ဒီမှာ၊ ဒါကို ပြတာ။


လက်ပြန်ခွဲထားတာကြောင့် အောင်ဘုပြရာကို ကြည့်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com






စိတ်ဝင်စားသွားတယ်။ ကလေးတွေအတွက် သီးသန့်ဖွင့်ပေးထားတဲ့ ရတာကြောင့် ကောင်တာမှာ ထိုင်နေတဲ့ လူကြီးကိုမေးပြီး လှမ်းမေး လိုက်တယ်။

ဦးရေးကြီး။ ပြိုင်ပွဲက ဘယ်တော့လဲ။

အခု တစ်ခါတည်းပြိုင်သွားလို့ရတယ်။

ဟင် ... ဘယ်လိုကြီးလဲ။

ဒီလိုလေ – ဦးတို့က ပြိုင်ပွဲခေါင်းစဉ်ပေးထားတယ်။ အဲဒါနဲ့ ပတ်သက်လို့ ကာတွန်းကွက်တစ်ခုခွဲရတယ်။ အားလုံးခွဲပြီး ပေးတဲ့ ကာတွန်းတွေထဲကမှ အကောင်းဆုံးတစ်ခုကို ရွေးချယ်၊ ပြီးတော့ မြို့နယ်အဆင့် ဆုပေးမှာကွ။

ခေါင်းစဉ်ကဘာလဲ .. ဦး။





ကာတွန်းပြိုင်ရမယ့် ခေါင်းစဉ်က သားအစ်ကို စကားကြီး စကားကျယ်ပြောရင်ပါနေကျ စကားလုံးပါပဲ။ "သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး"တဲ့။ အရမ်းကြီးတော့ နားမလည်ပါဘူး။ ဒါပေမယ့် ဘယ်ဟာတွေ များများသုံးရင်၊ ဘာဖြစ်မယ် စတာတွေကိုတော့ မကြားချင်ပဲ ကြားနေရတာပေါ့။

ဟိုနေ့က မှတ်ထားတဲ့ "ကလေးများအတွက် သိပ္ပံ" ဆိုတဲ့ စာအုပ်ထဲမှာလဲ နည်းနည်းပါးပါး ပါသေးတယ်။

ဘာဆုပေးမှာလဲ။

မြို့နယ်အဆင့်ဆိုတော့ ဆုကများမှာပေါ့။ ဘာလဲ မင်းတို့တွေက ပြိုင်မလို့လား။

ဦးလေးကြီးက အထင်သေးတဲ့ ပုံစံနဲ့ ကြည့်နေတာကြောင့် အောင်ဘိုနဲ့ သားက နည်းနည်းတော့ တင်းသွားတယ်။

အဲဒီအချိန်မှာပဲ ကာတွန်းပြခန်းထဲကို လှော်ရှည်က သူ့အမေ လက်ကိုဆွဲပြီး ဝင်လာတာတွေ့ရတယ်။ အတန်းထဲက သူနဲ့ တွဲဖော်တွဲဖက် နှစ်ယောက်သုံးယောက်လဲ ပါတာတွေ့ရတယ်။


သားတို့ ရှိရာကောင်တာကို လှမ်းလာတာတွေ့ရတော့ သားနဲ့ အောင်ဘိုမှာ ထိတ်လန့်သွားပြီး ကောင်တာဘေးမှာ ရှိတဲ့ နံရံအကွယ်မှာ ဝင်ကပ်နေလိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com

S M T W T F S
Date . / /



ဦး ... ကာတွန်းပြိုင်ချင်လို့။

သော့ရှည်အသံကို ကြားရတယ်။

ဆွဲထားတဲ့ပုံပါလား။

ပါပါတယ်၊ ဒီမှာပါ။

ချောင်းကြည့်လိုက်တော့ သော့ရှည်က ပုံတစ်ပုံ လှမ်းပေးနေတာ တွေ့ရတယ်။

ပုံလေးကကောင်းလှချည်လား။

သားဘာသာသား ဆွဲထားတာလေ။

ကောင်းတယ်၊ ကောင်းတယ်။

ကောင်တာက ဦးလေးကြီးက သော့ရှည်ရဲ့ နာမည်၊ ကျော[illegible] သည့် လိပ်စာတွေ မေးနေတယ်။ သားတို့ကလည်း အကွယ်က[illegible]



S M T W T F S
Date : / /

ဘယ်မှမသွားခဲ့ဘူး။ မြင်သွားပြီး ကိုချိုမှာစိုးတာကြောင့်ပါ။

ခဏနေတော့ အသံမကြားရမှ နံရံအကွယ်ကနေ ထွက်လာခဲ့ရတယ်။

ဟေ့ကောင်တွေ ... မင်းတို့ ပြိုင်ဦးမလို့လား။

ပြိုင်တော့ပြိုင်ချင်တယ်၊ ဘာမှ မဆွဲရသေးဘူး။

ဟိုနားမှာ ကာတွန်းဆွဲရန်ဆိုပြီး နေရာရှိတယ်၊ ဆွဲစရာပစ္စည်းတွေလည်း ရှိတယ်၊ သွားဆွဲ။

သားနဲ့ ဆောင်ဘူက ဝမ်းသာအားရ ဖြစ်သွားပြီး "ကာတွန်းဆွဲရန်" ဆိုတဲ့ နေရာကို သွားပြီး ပြိုင်ပွဲအတွက် ဘာပုံဆွဲရမလဲ စဉ်းစားကြတယ်။

ဆွဲလိုက်၊ ဖျက်လိုက်နဲ့ စိတ်တိုင်း မကျပါဘူး။ အဲဒီအချိန်မှာပဲ သားတို့ဘေးနားကို သော့ရှည်တို့ ရောက်လာကြတယ်။

ဟား ... ဟား ... ဟား ၊ မင်းတို့က ကာတွန်းဝင်ပြိုင်မလို့လား။ အေးလေ ... တံမြက်စည်းလှည်းပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရမှာဘဲ၊ ဒီတော့ ... အဲဒီအကြောင်းလေး ဆွဲလိုက်ပေါ့။

သော့ရှည်စကားကြောင့် ဘေးနားက ဆွဲနေတဲ့ လူများကပါ လှည့်ကြည့်ကြတယ်။ ဆောင်ဘူကတော့ ရှက်လို့ ဆက်မဆွဲတော့ဘူး။ သော့ရှည်ကတော့ ဟိုပြော ဒီပြောနဲ့ ထွက်သွားတယ်။ သားနဲ့



www.burmeseclassic.com

www.burmeseclassic.com

S M T W T F S
Date. / /

အောင်သူကတော့ လော့ရှည်တို့ အမှုန့်ကြိုက်ပစ်ချင်လိုက်တာ။ သူ့အမေက လှမ်းကြည့်နေတာကြောင့် ငြိမ်နေလိုက်ရတယ်။

ထိုစဉ် သားတို့ ရေးဆွဲနေတဲ့ နေရာ ရွှေခပ်လှမ်းလှမ်းကနေ ကားတစ်စီး မြတ်သွားတာ တွေ့လိုက်ရတယ်။

အကြံတစ်ခုရသွားပြီ ချက်ချင်းဆိုသလိုပင် ကာတွန်းတစ်ပုံ ဆွဲလိုက်တယ်။

တနင်္လာနေ့

အမှိုက်တွေကလည်း ကုန်ပဲမကုန်နိုင်ဘူး။ တံမြက်စည်းလှဲ နေရတာ တော်တော်လေးတောင် ကြာနေပြီ။ လော့ရှည်နဲ့ သူ့လူတွေက "အမှိုက်ကလေးပစ်ချင်လို့" ဆိုပြီး လာလာပစ်ချတာနဲ့တင် အမှိုက်က တော်တော်များနေပြီ။ လော့ရှည်လူတွေဆိုလို့ လော့ရှည်ရဲ့ လူတွေ အကြောင်း နည်းနည်းပြောချင်တယ်။ သုံးယောက်ပါပဲ။ လော့ရှည်လောက် နီးနီး ရုပ်ဆိုးကြတယ်။







S M T W T F S
Date. / /

အောင်သူကတော့ သားသေးမှာ ပွစိတောက်ပွစိတောက် ပြောရင်း တံမြက်စည်းလှဲနေတယ်။ အတန်းထဲက လူတွေကလည်း ပိုင်းပြောင် နေတာကြောင့် တံမြက်စည်း လှဲတာကို တီထွင်ခဲ့တဲ့လူကို စိတ်ဆိုး နေမိတယ်။

တစ်ခါတစ်ခါ လော့ရှည်က ကောင်မလေးတွေ ရှေ့မှာ ဝိုင်ပေးပြီး "ဟိုနားမှာ အမှိုက်ရှိသေးတယ်၊ ဒီနားမှာ မပြောင်သေးဘူး" လာလာ ပြောနေလို့ သူ့ပါးကြည့်ပြီး အမှိုက်လှဲပစ်ချင်တဲ့ စိတ်ကို ထိန်းထားရတယ်။ ဂျွင်နီနဲ့ စုပိုင်းကလည်း သကြားလုံးအခွံတွေ လာပစ်သေးတယ်။ ရက်စက်လိုက်တာ။ ကိုယ်ချင်းစာစိတ် မရှိကြဘူး။ ဒါကြောင့် တံမြက်စည်း ကိုပဲ ဖိဖိပြီး လှဲနေလိုက်တယ်။

လှဲပြီးတဲ့ အမှိုက်တွေကို စုပြီး အမှိုက်ပုံတဲ့ နေရာကို သွားရတယ်။ နံစော်နေတာပဲ။ အောင်သူကိုင်ရတဲ့ အမှိုက်တောင်းက ပိုဆိုးတယ်။ ဘာတွေလာပစ်ထားမှန်း မသိဘူး။





www.burmeseclassic.com

www.burmeseclassic.com

S M T W T F S
Date: / /

စာအုပ်အဟောင်းတစ်အုပ်ကို အမှိုက်ပုံနားမှာ တွေ့ရတယ်။ ဗလာစာအုပ်လိုလိုကြောင့် ကောက်ယူကြည့်မိတယ်။ စာအုပ်က တော်တော်ကြီးကို ဟောင်းနေပြီ။ အောင်ဘုကတော့ စာအုပ်ကို တစ်ချက်ကြည့်ပြီး အမှိုက်တောင်းထဲက အမှိုက်တွေကို ဆက်သွန်နေတယ်။

စာအုပ်ကတော့ ကျောင်းသားတစ်ယောက်ရဲ့ ကျောင်းစာအုပ်ပါ။ တော်တော်ကြီးကို ဟောင်းနွမ်းနေပြီး ညစ်လည်းညစ်ပတ် နေပြီ။ ဟိုလှန် ဒီလှန် လှန်ကြည့်တော့ စာအုပ်အနောက်မှာ ဟိုခြစ်ဒီခြစ် လျှောက်ရေးထားတာက လွဲလို့ ကျောင်းစာအုပ် တစ်အုပ်ပါပဲ။ ဒါကြောင့် အမှိုက်ပုံထဲ ပြန်ပစ်လိုက်တယ်။

ဒီနေ့ကတော့ သားရော အောင်ဘုရော အတန်းထဲမှာ နေတော် နေတဲ့နေ့ပါပဲ။ ဝမ်းနည်းဖို့ကောင်းတာကတော့ ဂျပ်ဖိနပ် စုပိုင်းက သားနား တနေ့ ခပ်ခွာခွာထိုင်နေကြတာပဲ။

**တစ်နေ့**

ဒီနေ့ကတော့ အခန်းတွင်း သန့်ရှင်းရေး လုပ်ရတယ်။ ကျောင်းသားတွေ ဘယ်သူမှ မရောက်ခင်မှာ သားနဲ့ အောင်ဘုက ကျောင်းကို စောစောလာပြီ အခန်းတွင်းမှာ သန့်ရှင်းရေးလုပ် ရတယ်။

အောင်ဘုကတော့ ဆရာမ နေမကောင်းလို့ ကျောင်းစောစော သွားရမယ်ဆိုပြီး လိမ်ပြောခဲ့တယ်တဲ့။ ဘာမှလည်း မဆိုင်ဘူး။ သားကတော့ သန့်ရှင်းရေး အလှည့်ကျလို့ ဆိုပြီး အမေကို ပြောခဲ့တယ်။



S M T W T F S
Date: / /

ပထမဦးဆုံး ခုံအောက်တွေ ရှင်းရတယ်။ လောချည်တို့ နေရာတိုက်မှာ သာမန်ထက် အမှိုက်တွေ များနေတယ်။ တောက်။ ဒါတမင်သက်သက် လုပ်ထားတာပဲ။

နံရံမှာ ကပ်နေတဲ့ မှုန့်တွေကို ရှင်းရတယ်။ မမှီမကမ်း ဖြစ်နေတာကြောင့် ခုံတစ်ခုံပေါ် တက်ပြီး ရှင်းရတယ်။

အတော်ကြာ ရှင်းပြီး မောသွားတာကြောင့် ခုံပေါ်က ပြန်ဆင်းကာ နံရံနားမှာ ခုံတစ်ခုတွင် ဝင်ထိုင်ရင်း အမောဖြေလိုက်တယ်။

အောင်ဘုကတော့ အစောကြီးကတည်းက ခုံပေါ်မှာ ထိုင်ပြီး လျှာထွက် နေလေရဲ့။ “နောက်ဆို ကလေးတွေနဲ့ မဆိုင်တဲ့ စာအုပ်တွေ မဖတ်တော့ဘူး” လို့လည်း ညည်းနေတယ်။

သူကြည့်ရတာ ဗိုက်ညစ်လို့ နံရံကိုပဲ ငေးနေမိတယ်။ ကျောင်းသား၊ ကျောင်းသူများ ရေးခြစ်ထားတဲ့ စာသားအချို့ကို တွေ့ရတယ်။ မောမောနဲ့ လျှောက်ဖတ်ကြည့်မိတယ်။ “မနက်ဖြန် ကျောင်းပိတ်တယ်” ဆိုတာမျိုး၊ “စာမေးပွဲကျတာ အမေ့ကို ဘယ်လိုပြောရမလဲ”၊ “သေနာကောင်” စသည်ဖြင့် အမျိုးမျိုးရေးထားတယ်။ ထိုသို့ ဖတ်နေရင်း နံရံပေါ်ရှိ စာသားတစ်ခုကို ဖတ်မိလိုက်တယ်။

ငါ့ကို
သတိ သတိရကြတော့မယ်
သူက



www.burmeseclassic.com

www.burmeseclassic.com

S M T W T F S
Date : / /

ဒီနှာမည်းနဲ့ လက်ရေးတို့ ရင်းရင်းနှီးနှီးကြီး သိသလို ခံစားလိုက်ရတယ်။

သားတို့ အတန်းထဲက မဟုတ်တာတော့ သေချာတယ်။ ရေးထားသည့် လက်ရေးက အတော်ကြီး ကြာနေပြီ။ လက်ရေးကလည်း မှိန်မှိန်လေးပဲ ကျန်တော့တယ်။

အခြားစာတန်းတွေနဲ့ မတူပဲ ဒီစာတန်းက ထူးခြားသလို ခံစားနေရတယ်။ အဓိကကတော့ လက်ရေး။ ဒီလက်ရေးတို့ မြင်ဖူးတယ်။

အဖိုက်ပဲ.....။

အဖိုက်ပုံနှားမှာ မနေ့က တွေ့ခဲ့တဲ့ စာအုပ်ထဲက လက်ရေးပဲ။ စာအုပ်ပေါ်က မထင်မရှား နှာမည်းလေးတို့ ဖတ်လိုက် သေးတယ်။

သေချာတယ်။ အဲဒီ စာအုပ်ထဲက လက်ရေးပဲ။ မနှစ်တုန်းက အတန်းတက်သွားတဲ့ လူတွေရေးထားတာလား။ ဒါဆို စာအုပ်က ဘာဖြစ်လို့ အဖိုက်ပုံနှားမှာ ရှိနေရတာလဲ။ မနှစ်ကဆိုရင် အဲဒီစာအုပ်က အဖိုက်ပုံနှားမှာ မရှိနိုင်တော့။ ဒါမှမဟုတ် အဖိုက်တူးတဲ့ သူတွေက စာအုပ်ဆိုပြီး ထားထားပစ်ခဲ့လို့ ဒီနှစ်အထိ ကျန်ခဲ့တာလား။ အဲဒါဖြစ်နိုင်တယ်။

စာအုပ်ရဲ့ နောက်ဆုံးထဲက တောင်ခြစ်မြောက်ခြစ်များတို့ ပြန်တွေးနေမိတယ်။ မမှတ်မိတော့။

နံရံပေါ်က စာကလည်း ထူးဆန်းတယ်။ "ငါတို့ သူတို့ သတိကြတော့မယ်" တဲ့။ အတန်းထဲတို့ ကျောင်းသား၊ ကျောင်းသူများ ရောက်လာတာကြောင့် နံရံပေါ်ကထက်ပြီး တံမြက်စည်း ပြန်လှဲ



S M T W T F S
Date : / /

နေလိုက်ရတယ်။

ခဏကြာတော့ လော့ရှည်ရောက်လာပြီး ဆရာကြီးပိုင်နဲ့ လာစစ်နေတော့ တံမြက်စည်းကိုပဲ သည်းကြီးမည်းကြီး လှဲနေလိုက်ရတယ်။

ဗုဒ္ဓဟူးနေ့

မနေ့က ပင်ပန်းသည့်အတွက်ကြောင့် ဒီနေ့ ဖျားနေတယ်။ အမေ့ကိုလည်း ကျောင်းကို ခွင့်တိုင်ခိုင်းရတယ်။ ဒါတောင် အမေက ကျောင်းမတက်ချင်လို့ ကလိကမာ လုပ်နေတယ် ထင်ပြီး ရှင်းပြရသေးတယ်။ တူး.....။ မိဘတွေများ သားသမီးဆိုရင် သိပ်မယုံချင်ဘူး။

အမေ ကျောင်းကို ခွင့်သွားတိုင်တော့ ဆေးသောက်ပြီး အခန်းထဲက စာအုပ်တွေမှာ အခွေတွေကြည့်ဖို့ ရှာဖွေနေလိုက်တယ်။

တိုက်တိုက်ဆိုင်ဆိုင် အခွေတွေက ရုပ်ရှင်ကားတွေ ဖြစ်နေတယ်။ ကြည့်နေရင်းနဲ့ မနေ့က စာတန်းကို ခေါင်းထဲ ပေါ်လာတယ်။ အခွေကို ဆက်ကြည့်လို့ မရတော့....။ ဒါကြောင့် အခန်းကိုအခန်းထဲက ထွက်ပြီး ကိုယ့်အခန်းထဲကိုယ် ပြန်ကာ ကုတင်ပေါ်ပြန်တွေးနေလိုက်တယ်။

ညနေရောက်တော့ အောင်ဘုက အိမ်ကို ဝင်လာတယ်။ သူ့တစ်ယောက်ထဲ သန့်ရှင်းရေး လုပ်ရလို့ လာညီးညူတာပါ။

ဒီနေ့ စကားပြောင်းအောင်ဆိုပြီး မနေ့က တွေ့ခဲ့တဲ့ စာတန်းနဲ့ အဖိုက်ပုံနှားက စာအုပ်အကြောင်း ပြောပြလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အောင်ဘုက သားအာဆိုတဲ့ လက်မခံပါဘူး။ ဒီကောင်သိပ်တုံးတဲ့ ကောင်ပါ။ ဉာဏ်ပညာထက်တဲ့ စုံထောက်တွေမှ မျိုးက

အဲ့ဒီလို ငြင်းခုံရင်း နောက်ဆုံး "မနက်ဖြန် ကျောင်းမှာ သူခိုးဆိုတဲ့ ကျောင်းသားအကြောင်း စုံစမ်းမယ်" ဆိုပြီး သဘောတူတာ အောင်ဘု အိမ်ပြန်သွားတယ်။

ကြာသပတေးနေ့

ဆရာမ စာသင်ပြီးလို့ အတန်းအပြင်ထွက်တော့မယ့် အချိန်မှာ သားက အောင်ဘုကို မျက်စပစ်ပြလိုက်တယ်။ အောင်ဘုကလည်း ခေါင်းငြိမ့်ပြပြီး စာအုပ်ကို ကိုင်ကာ ထတယ်။

ထိုအချိန်မှာ သော်ရှည်က -



 ဟော့ကောင်တွေ ... မနက်ဖြန် မင်းတို့နှစ်ယောက် မုန့်ဈေးတန်းမှာ အမှိုက်ကောက်ရမယ်...

 ဘာ

သော်ရှည့်စကားကြောင့် တင်းသွားတယ်။ မုန့်ဈေးတန်းမှာ အမှိုက်ကောက်ရတာ သားတို့ အလုပ်မှ မဟုတ်ပဲ။ ကျောင်းသန့်ရှင်းရေးတွေက လုပ်ရမှာ။ သားတို့က အခန်းနီးနားမှာပဲ သန့်ရှင်းရေးလုပ်ရမှာ။ ဒီကတော့ ဒီကောင် သိပ်သိပ်ညစ်တာပဲ။

သားက ငြင်းမလို့ ပြင်နေတုန်း အောင်ဘုက -

 အေး...အေး ၊ ငါတို့ကောက်လိုက်ပါ့မယ်...

ဆိုပြီးဝင်ပြောတယ်။

သားရဲ့အသားတွေ တဆတ်ဆတ်တုန်နေတာကြောင့် သော်ရှည့်ကို တစ်ချက်ကြည့်လိုက်တယ်။ သော်ရှည်ကလည်း မထီမဲ့မြင်ပုံစံနဲ့ ပြန်ကြည့်တယ်။

အောင်ဘုက "ဆရာမ ထွက်သွားပြီ" လို့ အသိပေးမှ သတိဝင်လာပြီး ဆရာမနောက်ကို လိုက်ရတယ်။

လမ်းမှာ မတွေ့တော့ဘဲ ဆရာမများ နားနေခန်းမှာ တွေ့ရတယ်။

 မေးလို့အဆင်ပြေပါ့မလား...

အောင်ဘု စကားကြောင့် တွေဝေသွားတယ်။ စာမေးမှာ မဟုတ်သောကြောင့် နည်းနည်းတော့ စိုးရိမ်စိတ်ဝင်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့မှ မထူးဘူးဆိုပြီး အခန်းထဲ ဝင်လိုက်တယ်။ အောင်ဘုကတော့ နောက်ကနေ ကုတ်ကုတ်ကလေး ပါလာတယ်။




မေး ... မေးစရာရှိလို့ပါ ဆရာမ ....

ခုနက အတန်းထဲမှာ မရှင်းတာ ဘာရှိသေးလဲ
ဆိုတော့ ဘာမှမရှိဘူးဆို...

စာ ... စာမေးမလို့မဟုတ်ပါဘူး ...

ဒါဆို ဘာမေးမလို့လဲ...

ဆရာမရဲ့ လေသံကြောင့် နည်းနည်းတော့ တွန့်နေတယ်။ အောင်ဘုက သွားရအောင်ဆိုပြီး အနောက်က ဆွဲနေတယ်။

ဟို ... သုတဆိုတဲ့ ကျောင်းသားအကြောင်း
သိချင်လို့ပါ...

ဘာ





ဆရာမ မျက်နှာပျက်သွားတာ တွေ့လိုက်ရတယ်။ အောင်ဘုက နောက်ကနေ ဆွဲထားတဲ့ လက်ကို လွှတ်လိုက်တယ်။

နင်တို့ကဘာလုပ်မလို့လဲ ...

ဟို ...

သွား ... ကိုယ့်အတန်းကိုယ်ပြန်သွား ၊ ကိုယ်နဲ့
မဆိုင်တာတွေ လျှောက်မမေးနဲ့ ... သုတဆိုတဲ့
ကျောင်းသားလည်း ဆရာမတို့ကျောင်းမှာမရှိဘူး...

ဆရာမက ဆူပူကြိမ်းမောင်းလိုက်လို့ ကြောက်ကြောက်နဲ့ ပြန်ထွက်လာခဲ့ရတယ်။ စိတ်ထဲမှာတော့ မတင်မကျ ခံစားလိုက်ရတယ်။ အောင်ဘုကလည်း သေးကာ တိတ်တိတ်လေးနဲ့ လိုက်လာတယ်။

ဆရာမ မျက်နှာပျက်သွားတယ်ကွ...

အေး ... ဟုတ်တယ်၊ သုတက ငါတို့ကျောင်းက
မဟုတ်ဘူးဆိုရင် ဘာဖြစ်လို့ သူ့လက်ရေးက
ငါတို့အခန်းထဲမှာ ရှိရတာလဲ ...

မင်းပြောတာ စဉ်းစားစရာပဲ ...

အတန်းထဲ ပြန်ရောက်တော့ လေးရှည်၊ ဖွင်းနီနဲ့ စိုးငြိမ်းတို့က စိတ်တစ်ခုကို သဘောကျလို့ ရယ်မောနေတာ တွေ့ရတယ်။ သူတို့ကို စိတ်မဝင်စားအားဘဲ နံရံပေါ်က စာသားကိုပဲ စိတ်ဝင်စားနေမိတယ်။



www.burmeseclassic.com

www.burmeseclassic.com

S M T W T F S
Date : / /

ဒေါင်ဘူကို လှမ်းကြည့်လိုက်တော့ သားကြည့်ခဲ့တဲ့ စာသားတို
နံရံပေါ်မှာ လိုက်ရှာနေတယ်။

<u>သောကြာနေ့</u>


ကျောင်းရဲ့ မုန့်ဈေးတန်းကို အစောကြီးရောက်တော့
ဆိုင်တစ်ဆိုင်ဘဲ ဖွင့်ဖို့ ပြင်ဆင်နေတာ တွေ့ရတယ်။
ဆိုင်ကလည်း သားတို့ ဝယ်စားနေကျ မုန့်ဟင်းခါးသည် ဒေါ်စိ
ဆိုင်ပါ။



ဒေါ်စိန်က သားတို့ကို မှတ်မိတယ်။ အတန်း A01 က မှတ်လ
လို့လည်း ပြောတယ်။ သားတို့ကလည်း တံမြက်စည်းလေးပြပြီး သန့်
ရေးတာလို့ လာလုပ်ရကြောင်း ပြောတော့ ဒေါ်စိန်က သနားသွားပုံပေါ်
သူပါ ဝိုင်းလှဲပေးပါတော့တယ်။



S M T W T F S
Date : / /



သားတို့က ကလေးတွေဆိုတော့ သိပ်မလှဲတတ်ဘူး။ ဒေါ်စိန်ကို
အမှိုက်တွေစုပေးရတယ်။ ဒေါ်စိန်က သစ်သစ်ရစ်ရစ် လှဲပေးတယ်။

ကြီးကြီး ဒေါ်စိန်က ဒီကျောင်းမှာ ဈေးရောင်းတာ ကြာပြီလား ...

ပလတ်စတစ်အိတ်ကို ကောက်တိုင်ရင်း ဒေါင်ဘူက စပ်စု
တယ်။ သားကတော့ တစ်ဖက်မှာရှိတဲ့ ရှုံ့လုံးလေးလား ဘာလားမသိဘူး
သေချာသိအောင် သွားကိုင်ကြည့်နေတယ်။

ကြာပြီပေါ့ ... သားတို့ တစ်သက်မကတော့ဘူး...

ရှုံ့လုံး မဟုတ်ပဲ ကော်ဇွေလုံးကြီး ဖြစ်နေတာကြောင့် အမှိုက်ပုံထဲ
ပြန်ပစ်ထည့်လိုက်တယ်။
အမှိုက်တွေက ကုန်ပဲ မကုန်နိုင်ဘူး။ မုန့်ဈေးတန်းဖြစ်တာကြောင့်
လှဲပတ်သလို အမှိုက်လည်း ပိုများတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို ... ကြီးကြီး ဒေါ်စိန်က ဒီမှာတက်သွားတဲ့ ကျောင်းသား၊ ကျောင်းသူအားလုံးကို သိမှာပေါ့ ...

သိတာပေါ့ ... ကြီးကြီးကလည်း သူတို့လေးတွေကို အမြဲတမ်းမှတ်ထားတယ် ... မင်းတို့ A01 က ကျောင်းသား ကျောင်းသူတွေကိုတော့ ကြီးကြီးတို့ မုန့်ဈေးတန်းနဲ့နီးတော့ ပိုမှတ်မိတာပေါ့ ...

အောင်ဘုက သားကို လှမ်းကြည့်တာ တွေ့ရတယ်၊ သားကလည်း အောင်ဘုအကြည့်ကို နားလည်သွားတယ်။ ဒီတော့ သိပြီး တော်နေပါလား။

ဒါဆို တစ်ခုလောက်မေးချင်လို့ ...

အမယ် ... သိပ်စကားတတ်ပါလား ... ဘာမေးမလို့လဲ ...

ဟို ... သားတို့ အခန်းက၊ အခုနှစ်တန်းကတော့ မဟုတ်ပါဘူး ... သူနာမည်က သုတတဲ့ ... သူ့ကို သိလားဟင် ...

ဒေါ်စိန် မျက်ခုံးပင့်သွားသလိုတော့ ဖြစ်သွားတယ်။ ဆက် ... လောက်တော့ အမူအရာ မပျက်ပါဘူး။ သူစဉ်းစားနေတာလည်း ဖြစ်... တာပေါ့။





သားတို့ရဲ့ အသိလား ...

မဟုတ်ပါဘူး ... သိချင်လို့မေးကြည့်တာပါ ...

ဒေါ်စိန်က အချိုတ်များကို ကော်ပြားထဲ စုထည့်ပြီး ကျန်ရှိနေတဲ့ သံမှုန်များကို ပြန်ပြီး စုထည့်နေတယ်။

အဲဒီနောက် တံမြက်စည်းနဲ့ ကော်ပြားကို ထောင့်တစ်နေရာမှာ ထောင်လိုက်ပြီး လက်ကို ဆပ်ပြာနဲ့ ဆေးတယ်။

ပြီးမှ –

မနှစ်က မင်းတို့အတန်းထဲက ကျောင်းသား တစ်ယောက်ပေါ့ ... သူ့ကြောင့်ပဲ ကျောင်းတစ်ကျောင်းလုံး အလုပ်ရှုပ်သွားကြတယ် ...

ဘာဖြစ်လို့လဲ ...

ကြီးကြီးဒေါ်စိန်က စိတ်မကောင်းတဲ့ မျက်နှာ ဖြစ်သွားတယ်။ ပြီးတော့မှ တစ်ခွန်းချင်း ပြောတယ်။

သူက မင်းတို့နေတဲ့ အခန်းထဲမှာပဲ ကျောင်းတက်ရင်း ဆုံးသွားတယ် ...

ဟင် ...



www.burmeseclassic.com

www.burmeseclassic.com

သားတို့နှစ်ယောက်စလုံး ထိတ်လန့်သွားကြတယ်။ ခပ်လှမ်းလှမ်းမှာ ရှိတဲ့ သားတို့ အခန်းကိုလည်း ပြန်ကြည့်နေမိတယ်။

ကြက်သီးလည်း ထသွားတယ်။

မေမြင့် ဆက်ပြောတာကတော့ “သုတ”က ကျန်းမာရေး မကောင်းတော့ စာသင်နေရင်း သေဆုံးသွားတာဖြစ်ကြောင်း၊ သုတ သေဆုံးမှုကြောင့် သားတို့ အတန်းပိုင်ဆရာမက အလုပ်ရှုပ်ပြီး ရုံးမှာမှင် အခြားကိစ္စများ ရှုပ်ထွေးသွားကြောင်း စသည်တို့ကို ဆက်ပြောပြတယ်။

ဒါဆို သုတက ကျန်းမာရေးမကောင်းလို့ လဲကျသေသွားတာလား ...

ဆုံးသွားတာလို့ ပြောရတယ် ...

အင်း ... အင်း ဆုံးသွားတာလား ...

ဟုတ်တယ် ... ဆရာဝန်တွေကလည်း အဲဒီလို ပြောကြတယ် ...

သူဆုံးသွားတာနဲ့ပဲ ... ဘာဖြစ်လို့ အလုပ်ရှုပ်သွားရတာလဲ ...

သူ့မိဘတွေက ဆရာမရိုက်လို့၊ နှိပ်စက်လို့ စသဖြင့် အမျိုးမျိုး စွပ်စွဲကြတာပေါ့ ... တော်တော်လေးကို ရှင်းလိုက်ရသေးတယ် ...

အဲ ... ဒီကိစ္စကို ဘယ်သူမှမပြောနဲ့နော် ၊ တော်ကြာ ကြီးကြီးရဲ့ ဈေးရောင်းခွင့်လေးပါ ပိတ်သွားဦးမယ် ...



အင်းပါ ... သားတို့ မပြောပါဘူး ...

ခဏနေတော့ ကျောင်းသားတွေ တဖွဲဖွဲဝင်လာတာကြောင့် မေမြင့်လည်း သူ့ဆိုင်မှာ ပြန်ထိုင်နေတယ်။

သားနဲ့ အောင်သူကတော့ တံမြက်စည်းလေး ကိုယ်စီကိုင်ပြီး ကိုယ့်အတန်းကို ပြန်ခဲ့ကြတယ်။

ကလေးပီပီ သခဏကြာကတော့ အောင်သူက တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေသေးတယ်။

နောင်ဆို ဘယ်လို ကိစ္စပဲဖြစ်ဖြစ် ကျောင်းကို စောစောမလာတော့ဘူးလို့လည်း ရေရွတ်တယ်။

သားလည်း ကြောက်တာပေါ့။ ဒါပေမယ့် အောင်သူလောက်တော့ အဖြစ်မသည်းပါဘူး။

အတန်းထဲကို ရောက်ပြီး ခုံပေါ်မှာ ထိုင်နေတဲ့အချိန်အထိ နံရံပေါ်က စာကိုပဲ စိတ်ထဲမှာ ပေါ်နေမိတယ်။

ငါ့ကို
သူတို့ သတိရကြတော့မယ်
သုတ



www.burmeseclassic.com

www.burmeseclassic.com

S M T W T F S
Date : / /

## သောကြာနေ့ (ညနေ)

ညနေ ကျောင်းဆင်းတော့ ဟိုတစ်နေ့က အမှိုက်ပုံနားကို ပြန်သွားလိုက်တယ်။ အောင်ဘုကိုလည်း ခေါ်ခဲ့ရတာပေါ့။ တစ်ယောက်တည်းတော့ မသွားရဲပါဘူး။ "သူတ"။ အင်း… ကိုသူတ လို့ ပြောရမှာပေါ့။ သူနဲ့ကျောင်းစာအုပ်ကို သွားပြန်ရှာတာပါ။

မတွေ့ဘူး။ အမှိုက်တွေက ဟိုတစ်နေ့ကထက် ပိုများလာတယ်။ အမှိုက်ကား မလာသေးလို့ ထင်တယ်။

အောင်ဘုလည်း လိုက်ရှာပေးပါတယ်။ ဒါပေမယ့် အမှိုက်ပုံတွေကြားထဲမှာ ရောက်နေတယ်ထင်တယ်။ ဘယ်လိုမှ မတွေ့ဘူး။

မင်းက အဲဒီစာအုပ် ဘာလုပ်မလို့လဲ …

အောင်ဘုက နှာခေါင်းကို ပိတ်ရင်းမေးတယ်။

သူ့စာအုပ်နောက်ကျောမှာ ခြစ်ထားတဲ့ပုံလေးတွေ ပြန်ကြည့်ချင်လို့ကွ …

အာ … မင်းကလည်း … သူ့စာအုပ်ယူသွားလို့ ငါတို့ကို လာခြောက်နေရင် ဘယ်လိုလုပ်မလဲ …

အောင်ဘုပြောတာ ဟုတ်တော့လည်း ဟုတ်တယ်။ ရှာရင်းနဲ့ ကြက်သီးတောင်ထလာတယ်။ ဒါကြောင့် ဆက်မရှာရဲတော့ဘဲ အိမ်ကိုပဲပြန်ခဲ့လိုက်တယ်။



S M T W T F S
Date : / /

## စနေနေ့

ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက် ဖြစ်တာကြောင့် ဒီနေ့ အိမ်မှာ လူစုံတော်တော်စည်တယ်။ နေ့လယ်ထမင်းစားအပြီး အစ်ကိုက "လူပျိုတွေက ဒီလိုပဲအပြင်ထွက်ရတယ်ကွ" ဆိုပြီး အိမ်ကနေ ထွက်သွားလေရဲ့။ အဖေကတော့ သူ့ထုံးစံအတိုင်း စာအုပ်ဖတ်နေတယ်။ အမေကတော့ အိမ်နောက်ဖေးမှာ အလုပ်ရှုပ်နေတာပေါ့။

သားကိုလည်း ဘယ်သူကမှ "သားလေးရေ… ပုတုတုလေးရေ" ဆိုပြီး မလုပ်တာကြောင့် ပျင်းပျင်းနဲ့ အိမ်ရှေ့လေးမှာ ထိုင်နေရတယ်။

အောင်ဘုဆီ သွားပြီး ကစားတော့ရင် ကောင်းမလား…လို့ စဉ်းစားတယ်။ သူ့အမေက သူ့သားလေး အညောင်းမိတယ်လေး ဘာလေးနဲ့ ပြောဆိုနေတာကြောင့် ကစားရတာ နည်းနည်းတော့ စိုးလဲ ပျက်တယ်။

ဒါနဲ့ ဟိုတွေး ဒီတွေး၊ ဟိုငေး ဒီငေးပဲ လုပ်နေလိုက်ရတယ်။ အဲဒီအချိန်မှာပဲ ခပ်လှမ်းလှမ်းက ဦးအောင်ကိုဝင်းလှုင်ဦးတို့ အိမ်ရှေ့နားမှာ အမှိုက်ကားတစ်စီး ရပ်နေတာ တွေ့ရတယ်။





www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ဆိုသလိုပင် ကျောင်းက အမှိုက်ပုံကို သွားသတိရ တယ်။ သိန့် အိမ်ထဲကို တစ်ချက်ပြန်ကြည့်လိုက်တော့ အားလုံးက အေးဆေးပဲ ဖြစ်နေတာကြောင့် အိမ်ထဲက ထွက်ပြီး အမှိုက်ကားနားက ဦးလေးကြီးတစ်ယောက်ဆီ ပြေးသွားလိုက်တယ်။

ဦးလေးကြီး ... ဦးလေးကြီး ...

အဲဒီဦးလေးကြီးက အမှိုက်တွေကို ကားပေါ်တင်ရင်း သူ့ကို ငုံ့ကြည့်တယ်။

ဟာ ... ကလေး ... ဒီမှာ ညစ်ပတ်တယ် ... သွား ... သွား .. ဟိုဘက်သွားနေ ...

ဟုတ်ဘူး ... မေးစရာရှိလို့ ...

ဟင် ... မင်းက ငါ့ကို မေးစရာရှိလို့ ...

ကလေးဖြစ်ပြီး စကားကြီး စကားကျယ် ပြောတယ် ထင်သွား တယ်ပေါ့။ ဒါတောင် ခါးထောက်ပြီး မမေးရသေးဘူး။

အဲ့ဒီမှ လက်ကလေးတို့ နောက်ပစ်ပြီး မျက်နှာလယ်လေး လုပ်ထားလိုက်တယ်။





ဟုတ်ကဲ့ ... သားနည်းနည်းမေးစရာရှိလို့ ...

အော် ... အေး ... ဘာမေးမလို့လဲ ...

သားတို့ကျောင်းက အမှိုက်ပုံကြီးကို သယ်ပြီးသွားပြီ လား ...

ဘယ်ကျောင်းကလဲ ...

ဟို ........ ကျောင်းကလေ ...

အော် ... ဒီကပြီးမှ သွားသယ်ရမှာ ကလေးရဲ့ ... ဘာလုပ်ဖို့လဲ ... အော် သိပြီ သိပြီ၊ မသယ်မှာ စိုးလို့လား ... မပူနဲ့ ... သယ်ပေးမယ် .. သယ်ပေးမယ်

အဲဒီဦးလေးကြီးရဲ့ စကားကြောင့် ဘာပြောလို့ ပြောရမှန်းမသိ ဖြစ်သွားတယ်။ ခေါင်းကို ကုတ်လိုက်၊ ဖင်ကို ကုတ်လိုက်နဲ့ ဖြစ်နေရတယ်။

အိမ်ကိုလည်း တစ်ချက်၊ တစ်ချက် လှည့်ကြည့်ရသေးတယ်။

"ဟဲ့...အဲ့သလိုအောင် ဘာလုပ်နေတာလဲ" ဆိုပြီး အသံပြကြီး ကြားရရင် သေပြီ။ သိန့် ခပ်မြန်မြန်ပဲ -

ဦးလေးကြီး ...

အာ ... မင်းမပြန်သေးဘူးလား ...

အကူအညီတောင်းချင်လို့ ...

ဟေ ...



www.burmeseclassic.com

www.burmeseclassic.com

ဦးလေးကြီးက သူ့အမှိုက်တောင်းကို ချထားပြီး သားကို ကြည့်တယ်။

ဘာများလဲ ကလေးရဲ့ ...

ဟို ... သားတို့ကျောင်းက အမှိုက်ပုံမှာ

သားကျောင်းစာအုပ်ပျောက်သွားလို့ ... အဲဒါ ...၊

အော် သိပြီ ... သိပြီ ... ဆရာမနဲ့ အိမ်ကသူမှာ

ကြောက်နေလို့လား ... မပူနဲ့ ... မပူနဲ့ ...

ဦး ရှာလာခဲ့ပေးမယ် ... ဟုတ်လား ...

နာမည်က ဘယ်လိုရေးထားလဲ ...

သုတလို့ ရေးထားပါတယ် ဦးလေး ...

ကြက်သီးထသွားတယ်။ သုတများ ရောက်နေတာလား မသိဘူး ဆိုပြီး ပြောပြောပြီးချင်း အိမ်ဘက်ကို တစ်ချိုးတည်း ပြန်ပြေးခဲ့တယ်။

ဦးလေးကြီးကလည်း "ဟဲ့... ကောင်လေး" ဆိုပြီး အော်တစ်ကျန်ခဲ့ လေရဲ့။

အိမ်ပေါ်ရောက်တော့ အမောတကော ပြေးလာတဲ့ သားကို အမေက စာဖတ်ရင်းမှ လှမ်းကြည့်တယ်။

ငြိမ်ငြိမ်ကုတ်ကုတ်လေး လမ်းပြန်လျှောက်ပြီး အိပ်ခန်းထဲ ပြန်ဝင်တာ စောင်ခြုံပြီး ပြန်တွေးနေလိုက်တယ်။

"ငါတို့ သူတို့ သတ်ကြတော့မယ်" "ငါတို့ သူတို့ သတ်ကြတော့မယ်"



အိမ်မက်ထဲမှာလည်း ငါ့စာအုပ်ပြန်ပေး၊ ငါ့စာအုပ်ပြန်ပေး ဆိုတဲ့ အော်သံတွေကြောင့် အိပ်လို့မရဘဲ နိုးနိုးလာခဲ့ရတယ်။

တနင်္လာနေ့

မီနေ့လည်း ဘာမှလုပ်စရာ မရှိပြန်ဘူး။ ကျောင်းကပေးလိုက်တဲ့ အိမ်စာ တစ်ချို့တော့ ရှိတယ်။ နည်းနည်းလေးပါ။ မဖြစ်စလောက်လေး။ အပေါင်း အနုတ် နှစ်ပုဒ်လောက်ပဲ။

ထုံးစံအတိုင်း မေမေ့ကို ပူဆာနေတဲ့ စိမ်းစက်ကိုပဲ ပူဆာ နေရတယ်။ မေမေကတော့ ထုံးစံအတိုင်း "နင့်အဖေ သွားပြော" လို့ ပဲ ပြန်ပြောတယ်။

သားက အဖေကို သွားမပြောရဲလို့ တမင်သက်သက် ပြောမှန်း သိပါတယ်။

ဒါနဲ့ စိတ်ကောက်ပြီး "ထမင်းမစားဘူး" လို့ ပြောလိုက်တယ်။

အမေက ထူးခြားတဲ့ တုန့်မပြန်ပါဘူး။ ဒါနဲ့ စိတ်ကောက်ပြီး ကစားနေကျ အရုပ်နှစ်ရုပ်ယူကာ ရေနံတာကို ထွက်နေလိုက်တယ်။

မသွားခင် မုန့်တစ်ခုကို အမေမသိအောင် ကောက်ယူခဲ့ရ သေးတယ်။

ရေနံတာရောက်တော့ သေနတ်နဲ့ပဲ ဆော့နေရတယ်။ ဒီအချိန်ဆို အောင်ဘုတစ်ယောက်တော့ ဂိမ်းထဲမှာ ကောင်းနေလောက်ပြီ။


မီကောင့်အိမ်လည်း သွားချင်တယ်။ အခု အမေနဲ့



www.burmeseclassic.com

စိတ်ကောက်ထားတာဆိုတော့ ပြောလို့ကတော့ မဖြစ်ပြန်။

ထိုသို့ ဟိုကြည့် ဒီကြည့် လုပ်နေရင်းပင် မနေ့ကတွေ့ရသော အမှိုက်ကားကြီးကို ဝရန်တာမှ တွေ့လိုက်ရတယ်။



ပိုဆိုးတာက မနေ့က ဦးလေးကြီးက သားအိမ်ဘက် လျှောက်လာတာကို တွေ့လိုက်ရတယ်။ ထိတ်လန့်သွားပြီး လှမ်းအော်မလို့ ပြင်လိုက်တယ်။



ဒါပေမယ့် မအော်ဖြစ်လိုက်ဘူး။ အမေနဲ့ အဖေကြားသွားရင် ပြဿနာပဲ ဆိုပြီး ငြိမ်နေလိုက်တယ်။ ဦးလေးကြီးကို ထပ်ကြည့်လိုက်တော့ သေချာတယ်၊ လက်ထဲမှာလဲ စာအုပ်တစ်အုပ် ကိုင်ထားတယ်။




သူက စာအုပ်ကို တွေ့လို့ အိမ်ကို လာပေးတာပဲ။ မဖြစ်ဘူး။ မဖြစ်ဘူး။ အိမ်ကို အရောက်လာပေးရင် အမေနဲ့ အဖေက ဟိုမေးဒီမေး လုပ်နေဦးမယ်။ ဘယ်လိုလုပ်ရမလဲ။

ရုပ်ရှင်တွေထဲမှာ မြင်ဖူးသည့်အတိုင်း လူကြီးတွေလို လက် ကလေးနောက်ပစ်ပြီး ခေါက်တုံ့ခေါက်ပြန် လျှောက်စဉ်းစားနေမိတယ်။



ဟုတ်ပြီ။ ချထားတဲ့ ကစားစရာ သေနတ်ကို ယူလိုက်တယ်။ ဖော့ကျည်လေး တည့်ပြီး လှမ်းလျှောက်လာတဲ့ ဦးလေးကြီးနားသို့ ပစ်လိုက်တယ်။






www.burmeseclassic.com

www.burmeseclassic.com


အသံက ကျယ်သွားပြီး လမ်းလျှောက်လာတဲ့ ဦးလေးကြီးလည်း လန့်သွားပုံရတယ်။ ဘယ်ကလာတာလဲ ဆိုပြီး ဟိုဟိုဒီဒီ ကြည့်ရင်း သားကို တွေ့သွားတယ်။

လက်ပြလိုက်တယ်။ ဦးလေးကြီးက မှတ်မိသွားပုံရပြီး လက်ပြန် ပြတယ်။ စာအုပ်ကိုလည်း ထောင်ပြတယ်။

သားက "ရှူး" ဆိုတဲ့ ပုံစံ လုပ်ပြတော့ ဦးလေးကြီးက နားလည် သွားပုံရပြီး တစ်ခုခု လုပ်ပြတယ်။

ဒီစာအုပ်ကို ဘယ်လိုလုပ်ရမလဲ ဆိုတဲ့ ပုံစံပေါ့။ သားလည်း မစဉ်းစားတတ်ပါဘူး။ ခေါင်းကုတ်နေလိုက်ရတယ်။ ခုနကလို လက်နောက် ပစ်ပြီးလည်း စဉ်းစားဖို့ အချိန်မရပါဘူး။


ဦးလေးကြီးကပဲ ဆုံးဖြတ်လိုက်တယ်။ စာအုပ်ကို နီးစပ်ရာ သစ်ပင်နားမှာ ချထားလိုက်တာကို တွေ့ရတယ်။



ပြီးနောက် လက်ပြနှုတ်ဆက်ပြီး အမှိုက်ကားဆီကို ပြန်သွား တယ်။



ခဏကြာတော့ ဟိုလိုလို ဒီလိုလိုလုပ်ရင်း အမေနဲ့ အမေ လစ်တုန်း သစ်ပင်နားကို ပြေးသွားပြီး စာအုပ်ကို ယူကာ အင်္ကျီအောက်မှာ ထိုးထားလိုက်တယ်။ ခိုးကြောင်ခိုးဝှက်လုပ်ရတော့ ရင်တဒိတ်ဒိတ်နဲ့ပေါ့။



အခန်းထဲရောက်တော့ စာအုပ်ကို ကြည့်လိုက်တယ်။ သေချာတယ်။ ဒါ သူတာရဲ့ စာအုပ်ပဲ။

စာအုပ်ကို အလောတကြီး လှန်လိုက်တယ်။ ရှေ့မှာ ရေးထားသော ကျောင်းစာများကို ကျော်ခဲ့ ... ကျော်ခဲ့ပြီး နောက်ဆုံး ရောက်ခါနီးတွင် ခြစ်ရာဖျက်ရာပုံစံဖြင့် ရေးထားတဲ့ အရာများကို တွေ့ရတယ်။

ဟင် !



www.burmeseclassic.com

www.burmeseclassic.com

S M T W T F S
Date : / /


<u>တနင်္လာနေ့</u>

သားနဲ့ အောင်ဘုတို့ ကျောင်းရှေ့ရောက်တဲ့ အချိန်မှာ ကျောင်းအဝင်ဝ ကြော်ငြာသင်ပုန်းမှာ ကျောင်းသား၊ ကျောင်းသူများ တိုးရွေ့ကြည့်နေတာကို တွေ့ရတယ်။ ဘာတွေများ ကြည့်နေတာပါလိမ့် စိတ်ဝင်စားသွားတယ်။

ကလေးပီပီ သားလည်း အတင်းတိုးပြီး ဝင်ကြည့်တာပေါ့ အောင်ဘုတလည်း အနောက်က ကပ်ပါလာပြီး အရင်ပုတော့ ချို ကြည့်တယ်။

ကြော်ငြာသင်ပုန်းပေါ်မှာ ပုံတစ်ပုံနှင့်အတူ ခေါင်းစည်းတစ်ခု လည်း ရေးကပ်ထားတာကို တွေ့လိုက်ရတယ်။

<u>မြို့နယ်ပေါင်းစုံ ကလေးကာတွန်းပြိုင်ပွဲ၌</u>
<u>ပထမဆုရရှိသော ရွှေဆောင်၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး</u>
<u>ကာတွန်းလက်ရာ</u>






S M T W T F S
Date / /

ရုတ်တရက် နားများပင် ယုံမှားကာ မျက်လုံးများ ပြူးသွားတယ်။ ဘေးဘက်မှာရှိသော လောရှည်၏ ပြောင်စပ်စပ် ဓာတ်ပုံကို ကြည့်ပြီး ဘေးနားက ကျောင်းသား၊ ကျောင်းသူများ၏ အသံများကို မကြားချင်ပဲ ကြားနေရတယ်။

ရွှေဆောင်က တော်လိုက်တာ ...
ဟဲ့ ... ရွှေဆောင်ကို ကပ်ထားရအောင် ...
သူကနာမည်ကြီးတော့မှာ ...
သိပ်ထိမိတဲ့ ကာတွန်းလေးပဲနော် ...
အဲဒီ ငါတို့ကျောင်းရဲ့ လစဉ်ထုတ်စာစောင်ထဲမှာ
ရွှေဆောင်ကတော့ ဒီလရဲ့စတားဖြစ်လာမှာ
သေချာတယ် ...

အောင်ဘုက သားရဲ့ ဘောင်းဘီတိုကို ဆွဲပြီး သတိပေးတယ်။ သွားရအောင်။ သားရဲ့ ရင်ထဲမှာ အမေ တစ်ခါတုန်းက ပြောခဲ့ဖူးတဲ့ မနာလိုမှုဆိုတဲ့ စိတ်ခံစားမှုလိုမျိုး တစ်ခုခုဖြစ်နေတယ်။

ဒီလိုနဲ့ အခန်းထဲရောက်တော့ လောရှည်က အောင်ပွဲခံနေတာ တွေ့တော့ ပိုပြီးစိတ်ညစ်သွားတယ်။

ပိုဆိုးတာက ဖွင်းနိမ့် စုပိုင်းက သားဝင်လာတာတောင် မကြည့်တော့တာပါပဲ။

လောရှည်က လှမ်းအော်တယ်။



www.burmeseclassic.com

www.burmeseclassic.com

အံ့ဩအောင် ... မင်းကာတွန်းက ဘိတ်ချေးရတယ်
ထင်တယ်ကွ ... ငါနဲ့ အတူ ဓာတ်ပုံရိုက်မလား ...
ဆုရတဲ့သူနဲ့အတူ ဓာတ်ပုံရိုက်ခွင့်ရတာပေါ့
... ဟား ... ဟား

အားလုံးက ဝိုင်းရယ်ကြတယ်။ ဖွင်းနိုနဲ့ စုပိုင်းက ဓာတ် ရိုက်သလို တဖျတ်ဖျတ်လုပ်နေတာကြောင့် ပိုပြီး စိတ်နာသွားရတယ် ဒါကြောင့် အောင်ဘုန်းနဲ့အတူ မုန့်ဈေးတန်းကို ထွက်လာခဲ့တယ်။

ကြီးကြီးဒေါ်စိန်ရဲ့ မုန့်ဟင်းခါးဆိုင်နားရောက်တော့ လှူရှင်းနေတာ ကြောင့် အောင်ဘုန်းကို စားမလားဆိုပြီး အဖော်ညှိကြည့်တယ်။ အောင်ဘုန်း လည်း စားမယ်ဆိုတာကြောင့် ဝင်စားဖြစ်တယ်။

နင်တို့ သန့်ရှင်းရေး အပတ်စဉ် ပြီးသွားပြီလား ...

ကြီးကြီးဒေါ်စိန်က အရင်တစ်ခေါက်က သန့်ရှင်းရေးလုပ်တာကို ပြန်ပြီး အစဖော်တာပါ။ သားတို့ကလည်း ပြုံးပြုံးရော ခေါင်းညိတ်ပြ မုန့်ဟင်းခါးကိုပဲ ဆက်တိုက်ဆိုသလို စားနေလိုက်တယ်။

ဘေးဆိုင်မှာ မုန့်ဝယ်နေတဲ့ ကောင်မလေးတစ်စုရဲ့ လော့ရှည် အကြောင်း ပြောနေသံကြားရတယ်။

တစ်ဖက်က ကောင်မလေးကလည်း လော့ရှည်သိပ်တော်တဲ့ အကြောင်းပြောနေတယ်။

စိတ်ညစ်ပြီး ဘာမှမဆိုင်ဘဲ မုန့်ဟင်းခါးရည် ထဝ်တော



လိုက်တယ်။

ထိုအခါမှ တစ်စုံတစ်ခုကို သတိရသွားပြီး –

ကြီးကြီးဒေါ်စိန် ...
အေး ... ဘာလဲ ... သားရဲ့ ... ဟင်းရည်နည်းလို့လား
မဟုတ်ပါဘူး ...

အရေးထဲ အောင်ဘုန်းက နည်းရင်သူ့ဆီကယူ လုပ်နေသေးတယ်။ မဟုတ်ပါဘူး ပြောပြီး ကြီးကြီးဒေါ်စိန်ကို စကားထပ်ပြောရတယ်။

ဟို ... ဟို တစ်နေ့ကပြောတဲ့ သုတဆိုတဲ့
ကျောင်းသားအကြောင်းလေ မှတ်မိလား ...
အင်း ... မှတ်မိတာပေါ့ သားရဲ့ ... ဘာဖြစ်လို့လဲ ...
သူက ကျွန်တော်တို့ အခုနေတဲ့ အခန်းမှာပဲ
တစ်နှစ်လုံး နေခဲ့ရတာလား ...

ကြီးကြီးဒေါ်စိန်က ဟင်းအိုးကို မွှေလိုက်ရင်းမှ စဉ်းစားနေတယ်။ ပြီးမှ –

သိပ်တော့ မမှတ်မိဘူး ... ဒါပေမယ့် မင်းတို့နေတဲ့
အဆောင်က အသစ်ဆောက်ထားတာဆိုတော့ ...



www.burmeseclassic.com

ဩော် ... သိပြီ ... ဒီအဆောင်သစ်ကြီးကို အခန်း
တစ်ချို့ပြောင်းရတယ် ... မင်းတို့နဲ့ အခန်း A01 က
လည်း ပြောင်းရတယ် ... ပြောင်းလာပြီး
တစ်လလောက်လား မသိဘူး ... သုတသုံးတာပဲ ...

ကျောင်းတက်ခေါင်းလောင်းထိုးသံ ကြားလိုက်ရတယ်။ မှန်တံခါးကို ကမန်းကတန်း လက်စသတ်လိုက်ပြီး အတန်းထဲကို နှစ်ယောက်သား ပြန်ပြေးလာရတယ်။

ဆရာမ ဝင်လာတော့ ထုံးစံအတိုင်း လူစာရင်း ခေါ်တယ်။ အားလုံးပြီးတော့ ထင်တဲ့အတိုင်းပဲ သောရှည်အကြောင်း မပြောပါတော့တယ်။

ကျန်တဲ့သူများက သောရှည်ကို အတုယူသင့်ကြောင်း၊ သောရှည်ဟာ တစ်ချိန်ကျရင် ဘာဖြစ်မှာဖြစ်ကြောင်း၊ ညာဖြစ်ရင်လည်း ဖြစ်နိုင်ကြောင်းစသည့်ဘာဘာညာညာများကို ဆရာမက ပြောပါတော့တယ်။

အားလုံးကတော့ ဆရာမစကားကို ငေးပြီး နားထောင်နေတယ်။ တစ်ချက်တစ်ချက် သောရှည်ကိုလည်း လှမ်းလှမ်းကြည့်တတ်သေးတယ်။

စိတ်ပျက်လိုက်တာ။ အလိုလိုနေရင်း သိမ်ငယ်လာတယ်။ ဆရာမက သားဝင်ပြိုင်ပြီး ဆုမရဘူးဆိုတဲ့ အကြောင်းကိုလည်း ပြောလိုက်မှာ စိုးရိမ်နေတယ်။

ဆရာမ မသိပါစေနဲ့။ မပြောလိုက်ပါစေနဲ့။

မပြောပါစေနဲ့။



မပြောပါစေနဲ့။

လက်ထဲက ခဲတံကို ကိုင်ပြီး ရေးတွက်ရှိနေသော ဗလာစာအုပ်၏ နောက်ကျောတွင် ဦးတည်ရာမဲ့ လိုက်ခြစ်နေမိတယ်။

နောက်မှ ကျောင်းစာအုပ်ပဲဆိုတာ သတိရသွားပြီး ခဲဖျက်ဖြင့် ပြန်ဖျက်ရတယ်။ ဒီအချိန်မှာပဲ ဆရာမက စာစသင်နေပြီ...။

ကျောက်သင်ပုန်းက စာကို လိုက်ကူးနေတုန်းမှာပဲ အခန်းရှေ့ ကနေ လူကြီးတစ်ယောက် ဖြတ်သွားတာကို တွေ့ရတယ်။

အကြံတစ်ခုရသွားပြီး ရှေ့တွင် စာကုန်းရေးနေတဲ့ အောင်ဘိုကို လက်လှမ်းတုတ်လိုက်ကာ ဗလာစာအုပ်တွင် အလျှင်အမြန် ချရေးလိုက်သော စာကြောင်း တစ်ကြောင်းအား ပြလိုက်တယ်။

“မနက်ဖြန် မိတို့ ကျောင်းကို စောစောလာရအောင်။”

အောင်ဘိုရဲ့ အထိတ်တလန့် မျက်နှာကို တွေ့လိုက်ရတယ်။ စိတ်ပျက်လိုက်တာ။ မနက်ဖြန်ကျရင် သူ့ကို ဆွဲခေါ်လာရဦးမယ်။

**တပိနေ့**

ဒီနေ့ကျောင်းကိုရောက်တော့ ထင်ထားတဲ့အတိုင်း ကျောင်း ရှေ့မှာ လူတစ်ယောက်မှ မရောက်သေးပါဘူး။ ကျောင်းစောင့်ကြီးတစ်ယောက်ပဲ ရှိသေးတယ်။ အောင်ဘိုက ကျောင်းထဲမဝင်ချင်ဘဲ တွန့်ဆုတ်တွန့်ဆုတ်လုပ်နေတာကြောင့် လက်ကို အတင်းဆွဲထားရတယ်။

အောင်ဘို အမေကိုတော့ ကျောင်းစောစောလာလို့ရအောင် နည်းနည်းပါးပါး လိမ်ခဲ့ရတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

S M T W T F S
Date

သားတို့နှစ်ယောက်ကိုတွေ့တော့ ကျောင်းစောင့်ကြီးက တအံ့တသြကြည့်ပြီး -

ဟ ... မင်းတို့နှစ်ယောက် ကျောင်းကို အစောကြီးပါလား ... ဘာကိစ္စရှိလို့လဲ ...

ဆိုပြီး မသင်္ကာသလို မေးတယ်။

သားကလည်း စီစဉ်ထားတဲ့ အတိုင်း -

ဦးလေးကြီးနဲ့ စကားပြောချင်လို့ ...

ဆိုပြီး အရင်စကားစလိုက်တယ်။

ကျောင်းစောင့် ဦးလေးကြီးက မျက်လုံးတစ်ချက်ပင့်သွားပြီး ဒီကလေးတွေ ဘာစဝ်စုမလို့လဲ ဆိုပြီး ထင်သွားတယ်။

ဟို တစ်နေ့က သားတို့ အခန်းရှေ့ကနေ ဦးဖြတ်သွားတာတွေ့လို့ ... အဲ့ဒါ သားသူငယ်ချင်းနဲ့ သားနဲ့ မရှင်းတာမေးချင်လို့ ... ဦးက ကျောင်းမှာ လုပ်သက်အရင့်ဆုံးဆို ...

ကျောင်းစောင့်ဦးလေးကြီး သဘောကျသွားပုံ ရတယ်။

ဟဲ ... ဟဲ ... ဟုတ်တော့ ဟုတ်ပါတယ် .. မင်းပြောမှပဲ ငါဟာ ကျောင်းအုပ်ကြီးထက်တောင် လုပ်သက်



S M T W T F S
Date :

အရင့်ဆုံးဆိုတာ ပြန်တွေးမိတယ် ...

အင်း ... အဲ့ဒါ ... မေးစရာရှိလို့ ...

ကဲ .. မေးဗျာ ...

ဟို ... သားတို့ A01 အတန်းရဲ့ အခန်းဟောင်းက ဘယ်အခန်းလဲ ...

သြော် ... ဒါများ ... အခုစာသင်နေတဲ့ B15 အခန်းက A01 ရဲ့ အခန်းဟောင်းပေါ့ ... နေပါဦး .. မင်းတို့က ဘာလုပ်မလို့လဲ ...

သားတို့က စာစီစာကုံးရေးမလို့ ...

အဲဒါနဲ့ဘာဆိုင်လို့လဲ ...

ဆိုင်တာပေါ့ ... စာစီစာကုံးနာမည်က ... မိမိတို့ အခန်းတဲ့ ...

သြော် ... အေး အဲ့ဒီလိုဆိုတော့လည်းဆိုင်သားကွ

စာစီစာကုံးထဲမှာ မိမိတို့အခန်းက ဘယ်လိုရာဇဝင်ရှိပုံ၊ အတန်းပိုင်ဆရာမက ဘယ်လိုတော်ပုံ၊ ဘယ်လိုသန့်ရှင်းပုံ... နောက်ဆုံး မိမိတို့အခန်းအတွက် ထိန်းသိမ်းစောင့်ရှောက်ပေးရသော ကျောင်းစောင့်ကြီးရဲ့ ထက်မြက်ပုံ စတာတွေကို ရေးမယ်ဆိုပြီး တသီတတန်းကြီး ပြောပြလိုက်တယ်။

ကျန်တာတွေတော့ သိပ်စိတ်ဝင်စားပုံ မရပါဘူး။ ကျောင်းစောင့်ကြီးရဲ့ ထက်မြက်ပုံ နေရာကိုတော့ တော်တော်လေး သဘောကျနေပုံ ရတယ်။



www.burmeseclassic.com

www.burmeseclassic.com

S M T W T F S
Date : / /



လို့လည်းဆိုတယ်။

အဲ့ဒါ ... B15 အခန်းကို ခဏလောက် ကြည့်လို့ ရမလား ...

အာ ... ပြရမှာပေါ့ကွ ... တစ်စာကုံးထဲမှာ ဦးနာမည် အရင်းကို ထည့်မရေးနဲ့နော် ...

ဟာ ... ရေးမှကောင်းမှာပေါ့ ... ဦးနာမည်အရင်းက ဘယ်သူ ...


ကျောင်းစောင့်ကြီး ဦးလူလှ ကွ ... မရေး ... မရေးပါနဲ့ကွာ ... အပြီး ...

နာမည်နဲ့ လူနဲ့ မလိုက်ပါဘူး။ ဒါပေမယ့်လည်း ဦးလူလှကို ထည့်ရေးမှ တစ်စာကုံးက ပြည့်စုံမှာပဲလို့ ပြောလိုက်လို့ ချက်ချင်းဆိုသလိုပင်



S M T W T F S
Date : / /

B15 အခန်းကို လိုက်ပြတယ်။




တစ်ကျောင်းလုံးမှာ ဘယ်သူမှ မရောက်သေးလို့ B15 အခန်းမှာလည်း တိတ်ဆိတ်ပြီး ချောက်ချားနေတယ်။

ကျောင်းစောင့်ကြီးသာ မပါလို့ကတော့ B15 အခန်းထဲကို ဝင်ရဲမှာ မဟုတ်ဘူး ...။

အောင်ဘုကတော့ ကျောင်းစောင့်ကြီး ပါလာလို့ နှုတ်ခမ်းတွန့်ရဲနေပုံရတယ်။

သိပ်မကြာခင်နဲ့ဦး ... တော်ကြာ ကျောင်းသား ကျောင်းသူတွေလာတော့မှာ ...

ဟုတ်ကဲ့ ... ခဏပဲ ကြည့်မှာပါ ... ဦး ...

ဒေါ့ ... ဒေါ့ ...

ကျောင်းစောင့်ကြီးက အပြင်မှာ ဟိုကြည့် ဒီကြည့်လုပ်ရင်း ကျန်ခဲ့တယ်။ သားနဲ့ အောင်ဘုက B15 အခန်းထဲကို ဝင်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com




တိတ်ဆိတ်မှုကြောင့် ကြက်သီးထသွားတယ်။ သူတနေတဲ့ အခန်းထဲကိုတော့ ရောက်ပြီ ဘာလုပ်ရမှာလဲ ?

အောင်ဘုက သားကို လှမ်းကြည့်တယ်။ ဘာဆက်လုပ်ရမလဲ ဆိုတဲ့ ပုံစံပါ။ သား ခေါင်းခါပြလိုက်တော့ သူလည်း စိတ်ညစ်သွားပုံရတယ်။

အဲဒီအချိန်မှာပဲ အခန်းထဲမှာ ဘယ်အချိန်က ရောက်နေမှန်း မသိတဲ့ ငှက်တစ်ကောင်က "တဖျတ်ဖျတ်" နဲ့ ထပြန်တယ်။

အောင်ဘုက လန့်ပြီး "အမလေး" လို့ အော်တယ်။

သားကလည်း ကြောက်ကြောက်လန့်လန့်နဲ့ ခုံတစ်ခုနောက်မှာ ဝင်နေလိုက်တယ်။



စာရေးခုံတစ်ခုပေါ်မှာ နားနေတဲ့ ငှက်ကို တွေ့လိုက်ရမှ အလန့် ပြေသွားပြီး တစ်ယောက်နဲ့တစ်ယောက်ကြည့်ကာ ရယ်လိုက်ကြတယ်။

ငှက်က ခုံပေါ်မှာ ငြိမ်ပြီး ရပ်နေတယ်။

ပြီးတော့....


သားတို့နှစ်ယောက်ကို ကြည့်နေတယ်လို့လည်း ခံစားလိုက်ရတယ်။

အောင်ဘုနဲ့ သားမှာ ကြက်သေသေသွားပြီး တစ်ယောက်ကို တစ်ယောက် ထပ်ကြည့်မိကြပြန်တယ်။





ဒီတစ်ကြိမ်တော့ မရယ်ကြဘဲနဲ့ "ရှူး ...ရှူး" ဆိုပြီး ငှက်ကို မောင်းလိုက်တယ်။



ငှက်က ပြန်မသွားဘူး။ သားတို့ကို ကြောက်လန့်ပုံလည်း မပြဘူး။

ကြာလာတော့ ငှက်ကိုပင် တစ်မျိုးထင်လာတယ်။ ငှက်ကော ဟုတ်ရဲ့လား..။

အဲဒီအချိန်မှာပဲ ငှက်က ရုတ်တရက်ထပြန်ကာ သားတို့ဝင်ခဲ့တဲ့ အပေါက်ကနေ အပြင်ကို ပြန်ထွက်သွားတယ်။

 သု ... သုတ များလား ...

ကလေးပီပီ ကြောက်ကြတာပေါ့။ ခြေလှမ်းများကတော့ ငှက်နားခဲ့တဲ့ စာရေးစားပွဲနားကို သွားနေမိတယ်။



www.burmeseclassic.com

www.burmeseclassic.com

S M T W T F S
Date : / /

ဘာကြောင့်မှန်း မသိပါဘူး။ နှစ်ယောက်စလုံး အဲဒီခုံများကို သွားချင်နေမိတယ်။ တစ်ခုခုက ဆွဲခေါ်နေတယ်လို့လည်း ခံစားမိတယ်။

နောက်ပိုင်း အောင်သူ့ကို ပြန်မေးကြည့်တော့ အောင်သူက သူလည်း အဲဒီအချိန်က အဲဒီလို ခံစားရတယ်လို့ ပြန်ဖြေတယ်။

စာရေးစားပွဲ.....။

ထုံးစံအတိုင်း ခုံပေါ်မှာ ကျောင်းသား၊ ကျောင်းသူတွေ ဟိုခြစ် ဒီခြစ် စာပေါင်းစုံများကို တွေ့ရတယ်။

ဘာကြောင့်မှန်းမသိ .....။ သုတရေးထားတဲ့ စာများရှိမလား ဆိုပြီး ရှာနေမိတယ်။

သုတထိုင်ခဲ့တဲ့ ခုံလားဆိုတာကိုတော့ နှစ်ယောက်စလုံး မသိပါဘူး။ ရှာချင်စိတ်ပေါ်လာလို့ ရှာနေမိတာပါ။

ဟင် !

ခုံရဲ့ထောင့်စွန်းမှာ ရင်းနှီးသော လက်ရေးတစ်ခုကို တွေ့လိုက်ရတယ်။

ထိတ်လန့်သွားပြီး အောင်သူ့ကို ကမန်းကတန်း ကြည့်လိုက်တယ်။ အောင်သူက ဘာလဲ...ဘာလဲ... ဟု အတင်းမေးတယ်။

သု ... သုတ လက်ရေး ...

ဟင် ... ဟုတ်လို့လား ...



S M T W T F S
Date : / /

အောင်သူ့ကို စားပွဲအစွန်းနားက လက်ရေးတစ်ခုကို ပြလိုက်တယ်။ ပိုပြီး သေချာသွားတာက သုတက သူ့ထုံးစံအတိုင်း စာရေးပြီး စာတန်းအောက်တွင် သုတဆိုပြီး ရေးထားတာကို တွေ့လိုက်ရတယ်။

> ငါ့ဒိုင်ယာရီကို ပျောက်ပစ်
> ရတော့မယ်၊ ငါ့ကိုလည်း
> သတိရကြတော့မယ် ထင်တယ်
> ကြောက်လိုက်တာ ...
>
> သုတ

တစ်ဦးကို တစ်ဦး ကြည့်လိုက်မိတယ်။ အဲဒီနောက် သုတဟာ တစ်စုံတစ်ဦးကြောင့် သေရတာဖြစ်လိမ့်မယ် ထင်တယ်ဆိုပြီး အခိုင်အမာ ယုံကြည်လိုက်ကြတော့တယ်။

B15 အခန်းထဲက ထွက်ပြီး A01 အခန်းထဲ ပြန်ရောက်သည့်တိုင် နှစ်ဦးစလုံး စိတ်ထဲတွင် ယောက်ယက်ခတ်နေတယ်။ "ငှက်" ကိုလည်း သုတဖြစ်ရမယ်လို့ စိတ်ထဲမှာ စွဲမှတ်နေတယ်။ ဟုတ်တယ်။ ငှက်က သုတ ဖြစ်ရမယ်။

မတရားခံခဲ့ရတဲ့ သုတဘဝက ရပ်တည်မယ်လို့လည်း တွေးနေမိတယ်။ မဖြစ်ဘူး။ မဖြစ်ဘူး။

ဒီကိစ္စကို ကျောင်းအုပ်ကြီး သိမှဖြစ်မယ်။ ကျောင်းအုပ်ကြီးကို အသိပေးရမယ်။



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ရောက်မှပဲ အောင်ဘုကို အဲဒီအကြောင်း ပြော
ဖြစ်တယ်။

မှန်တဲ့နေ့

ဖြစ် ... ဖြစ်ပါ့မလား ...

ဟ ... ဘာဖြစ်လို့ မဖြစ်ရမှာလဲ ... ငါတို့ သူရေးထား
တာကို တွေ့နေပြီပဲ ...


သူရေးထားတာပဲရှိတာ ... ငါတို့က သူ့အကြောင်း
သေချာသိတာလည်းမဟုတ်ဘူး ... ပြီးတော့ ...
ကျောင်းအုပ်ကြီးက ဘယ်သူ့သတ်လို့လဲမေးရင်
ဘယ်လိုဖြေမလဲ ...

ဒီတစ်ခါတော့ အောင်ဘု တော်သွားတယ်။ သူမေးတဲ့အကို
သာမေးခံရရင် ဖြေဖို့ အဖြေမရှိဘူး။

ဒါဆို သေချာအောင် ထပ်လုပ်ရဦးမှာပေါ့။

မုန့်စားဆင်းချိန်မှာ အောင်ဘုနဲ့ သားက ကျောင်းအိမ်သာနဲ့
လူရှင်းသောနေရာတွင် တိတ်တဆိတ်ထိုင်ကာ စကားပြောကြရတယ်။





အောင်ဘု ...

အေး ... ဘာလဲ ...

ငါတို့ သုတရဲ့ အမှုကို သေသေချာချာ အစအဆုံး
သိမှရမှာကွ ...

အောင်ဘုက မျက်စောင်းတစ်ချက် ထိုးတယ်။ သားရဲ့ပြီးစဉ်က
အမှုတွေဘာတွေ ဆိုတဲ့ စကားလုံး ထွက်နေတယ်ဆိုပြီး အမြင်ကတ်
နေပုံရတယ်။ ဒါကြောင့် ကလေးစကားပဲ ပြောင်းပြောရတယ်။

အင်း ... သုတ သေတဲ့အကြောင်း သိ ... သိမှ
ဖြစ်မယ် ...

ငါတို့က ဘယ်လိုလုပ်သိမလဲကွ ... လိုက်မေးမြန်း
ရင်လည်း ... သွား ... သွား ... ကလေးတွေ သိစရာ



www.burmeseclassic.com

www.burmeseclassic.com

S M T W T F S
Date : / /

မလိုဘူးဆိုပြီး ပြောကြဦးမှာ ...

အေး ... အဲဒါဆိုကလေးတွေ နစ်နာသကွာ ...

သားစကားကြောင့် ဓောင်ဘုလည်း စိတ်ဓာတ်ကျသွားပုံရတယ်။ သူမပြောနဲ့ သားတောင် စိတ်ပျက်နေမိတယ်။ အခုသိထားတဲ့ အကြောင်းအရာတစ်ချို့ကိုတောင် ကျောင်းအုပ်ကြီး သွားပြောရင် တလေးတွေ ဘာလာရှုပ်တာလဲဆိုပြီး ဆူခံရဦးမယ်။

အဲဒီလို စဉ်းစားနေစဉ်မှာပဲ ဆရာတစ်ယောက်က သားတို့ကို လှမ်းမြင်သွားပြီး -




ဆရာက သားတို့ကို မဟုတ်တာ တစ်ခုခုလုပ်နေတယ်လို့ ထင်သွားပုံရတယ်။ သားတို့ကလည်း တိုးတိုးတိတ်တိတ် ပြောနေကြတာကိုး...။



S M T W T F S
Date : / /

ဘာမှမလုပ်ပါဘူး ... ဆရာ ...

အေး ... ဘာမှမလုပ်ရင် ကိုယ့်အခန်းကိုယ်ပြန်တော့ မုန့်စားဆင်းတာ တက်တော့မယ် ...

ဟုတ်ကဲ့ပါ ... ဆရာ ...

သားတို့ ခပ်သွက်သွက်လေး ပြေးထွက်လာချိန်မှာပဲ ဆရာက သူ့လက်ထဲကအရာနဲ့ သားတို့ကို လှမ်းရိုက်တယ်။

လက်ထဲမှာ ကိုင်ထားတဲ့ သတင်းစာတစ်စောင်နဲ့ လှမ်းရိုက်တယ်။ အဲဒီအချိန်မှာပဲ သားခေါင်းထဲမှာ အတွေးတစ်ခု ရသွားတယ်။

ကြာသပတေးနေ့

ဒီနေ့ မုန့်စားဆင်းချိန်မှာ ကျောင်းမုန့်ဈေးတန်း မသွားတော့ဘဲ အိမ်က ယူလာတဲ့ မုန့်တစ်ခုနှစ်ခုကို အိတ်ကပ်ထဲ ထည့်လိုက်တယ်။

ဓောင်ဘုကို ကြည့်လိုက်တော့ သူလည်းပဲ အိမ်က ယူလာတဲ့ မုန့်တွေကို အိတ်ကပ်ထဲ ထည့်ပြီးတဲ့အပြင် လက်မှာလည်း ကိုင်ထားသေးတယ်။

အတန်းထဲကို တစ်ချက်ကြည့်လိုက်တော့ မုန့်စားဆင်းချိန် ထုံးစံအတိုင်း ဆူညံပြီး ရှုပ်ရှက်ခတ်နေတယ်။

သားနဲ့ ဓောင်ဘုကတော့ အခန်းထဲက ထွက်လိုက်ပြီး ကျောင်းအဆောက်အဦကြီးတစ်ခုရဲ့ အခန်းတစ်ခန်းဆီကို ဦးတည်လိုက်တယ်။


ကျောင်းရဲ့ အားထားရာ စာကြည့်တိုက်အခန်း...။



www.burmeseclassic.com

www.burmeseclassic.com






စာကြည့်တိုက်ဆိုတာ သားတို့ ကလေးတွေ သွားလေ့သွားထမရှိပါဘူး။ ကျောင်းမှာရှိတဲ့ အစ်ကိုအတန်းကြီးတွေတော့…။ အင်း… သူတို့လည်း သွားတာ သိပ်မတွေ့ရပါဘူး။ စာကြည့်တိုက်ဆိုတာ ဘယ်သူတွေ သွားမှန်းလဲမသိဘူး။

သေချာသိတာကတော့ စာအုပ်စာတမ်း၊ သတင်းစာ အဟောင်းတွေရှိတာလောက်တော့ သိတယ်။

ပြီးတော့ မျက်မှန်ထူထူတပ်ထားတဲ့ စာရေးမတစ်ယောက်လည်း ရှိတယ်။ နာမည်ကတော့ မသိပါဘူး။ မျက်မှန်တပ်ထားတော့ အန်တီမှုန် လို့ပဲ စိတ်ထဲမှာ အလွယ်ခေါ်လိုက်တယ်။



အန်တီမှုန်





စာကြည့်တိုက်ထဲ ဝင်လိုက်တော့ ရှုရှင်းနေတယ်။ အန်တီမှုန် တစ်ယောက်ပဲ စာအုပ်ကြီးတစ်အုပ်နဲ့ အလုပ်ရှုပ်နေတယ်။

သားနဲ့ အောင်ဘုဝင်လာတာ အန်တီမှုန် မသိပါဘူး။




မှန်မျက်ပေါ်ကနေပြီး သားတို့နှစ်ယောက်ကို ကျော်ကြည့်တယ်။

 ဘာကိုစွလဲ

စိတ်ဆိုးသွားလို့ ထင်တယ်။ လေသံက နည်းနည်းမာနေတယ်။ အောင်ဘုက ကြောက်လို့ သားဘေးနား ကပ်လာတယ်။

သားလည်း ကြောက်တာပဲ။ ဒါပေမယ့် မေးစရာရှိတာတော့ မေးရဦးမယ်ဆိုပြီး စိတ်တင်းထားရတယ်။

အိတ်ကပ်ထဲက စာရွက်အပိုင်းအစ အချို့ကို ထုတ်လိုက်တယ်။ စာရွက်ပေါ်မှာ မှန်ဟင်းခါးရောင်းတဲ့ အဘေကြီး ပြောလိုက်တဲ့ ဂဏန်းအချို့ကို ချရေးထားတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဟို ... ...... ရက် ..... လ ..... ခုနှစ် ပတ်ဝန်းကျင်
လောကက သတင်းစာတွေ လို ... လိုချင်လို့ပါ

ထင်တဲ့အတိုင်းပဲ အန်တီမှန် မျက်မှောင်ကြုတ်သွားတယ်။

ကျောင်း ... ကျောင်းအုပ်ကြီး ယူခိုင်းလိုက်လို့ပါ ...

ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကျောင်းအုပ်ကြီးနာမည် သုံးလိုက်တော့ အန်တီမှန် နည်းနည်းတော့ လန့်သွားပုံ ရတယ်။

သူ့ဆီကို ကျောင်းအုပ်ကြီးက တိုက်ရိုက်မလာပဲ ကလေးတွေက တဆင့် ခိုင်းလိုက်လို့ စိတ်မကောင်းတဲ့ဟန်လည်း ဖြစ်သွားတယ်။

ဟိုနားမှာရှိတဲ့ သတင်းစာပုံက ..... ခုနှစ်ရဲ့
သတင်းစာတွေပဲ ...

ခပ်လှမ်းလှမ်းမှာ ရှိတဲ့ သတင်းစာပုံကြီးတစ်ပုံကို လက်ညှိုးထိုးပြတယ်။

ကိုယ်ဘာသာကိုယ် ရှာသွားဆိုတဲ့ သဘောပါ။ ကိစ္စမရှိပါဘူး။ သားတို့နှစ်ယောက်ကလည်း သတင်းစာရှိတဲ့ နေရာကိုသိပြီဆိုတော့ ဘာမှ ဂရုမစိုက်တော့ပဲ သတင်းစာပုံကြီးရှိရာ ပြေးပြီး အလုအယက် ရှာကြတယ်။

အန်တီမှန်ကတော့ သူ့စာအုပ်မှာပဲ မျက်နှာပြန်ကပ်လိုက်တယ်။ တစ်စောင်ပြီး တစ်စောင် ရှာကြတယ်။



မတွေ့ဘူး။

ခဏကြာတော့မှ သတင်းစာမျက်နှာရှေ့တွင် စာလုံးကြီးနဲ့ ရေးထားတဲ့ စာတန်းတစ်ခုကို တွေ့လိုက်ရတော့တယ်။

**ကျောင်းတစ်ကျောင်း၌ ကျောင်းသားလေးတစ်ဦး**
**ရုတ်တရက် လဲကျသေဆုံး**

အန်တီမှန်ကို လှမ်းကြည့်လိုက်တော့ သူ့စာအုပ်သူ ဖတ်လို့ ကောင်းနေတုန်းပဲ....။

ဒါကြောင့် သတင်းစာထဲက သုတနဲ့ သက်ဆိုင်ရာ သတင်းကို နှစ်ယောက်စလုံး ခေါင်းချင်းဆိုင်ကာ ဖတ်ကြည့်မိကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

S M T W T F S
☐ ☐ ☐ ☐ ☐ ☐ ☐
Date : / /



S M T W T F S
☐ ☐ ☐ ☐ ☐ ☐ ☐
Date : / /

# ကျောင်းတစ်ကျောင်း၌ ကျောင်းသားလေးတစ်ဦး ရုတ်တရက် လဲကျသေဆုံး

.......... မြို့။ ..... လ၊ ..... ရက်

.......... မြို့ရှိ နာမည်ကြီးကျောင်းတစ်ကျောင်းတွင် ကျောင်းသားလေးတစ်ဦး ရုတ်တရက်လဲကျသေဆုံးခြင်း ကိစ္စဖြစ်ပွားခဲ့ပါသည်။

အဆိုပါကိစ္စအား စုံစမ်းကြည့်ရာတွင် ယမန်နေ့နံနက် ကျောင်းတက်ခေါင်းလောင်းထိုးပြီး အတန်းပိုင်ဆရာမ ..... စာသင်နေစဉ်တွင် လဲကျခဲ့ခြင်းဖြစ်သည်ဟု သိရပါသည်။ ထိုသို့ဖြစ်ပြီး မကြာမီ ကျောင်းအုပ်ဆရာကြီးနှင့်တကွ ဆရာ၊ ဆရာမများမှာ ကျောင်းသားလေးအား နီးစပ်ရာ ဆေးရုံသို့ အချိန်မီပို့ခဲ့ကြသောလည်း ကျောင်းသားမှာ သေဆုံးခဲ့ပါသည်။

ဆရာဝန်များ၏ ပြောကြားချက်အရ ကလေးမှာ ရုတ်တရက်လဲကျချိန်မှာပင် သေဆုံးခဲ့ပြီး ဖြစ်နိုင်ကြောင်း။ မည်သည့်ရောဂါကြောင့်ဆိုတာ တစ်အပ်မပြောနိုင်သေးကြောင်း။ ယခုအချိန်တွင် နှလုံးရောဂါဟု ယူဆထားပါကြောင်း ဖြေကြားခဲ့ပါသည်။

ကျောင်းသားလေး၏ မိခင်ကမူ သူ့သားလေးသည် နှလုံးရောဂါအခံရှိကြောင်း။ ကျန်သည့်ရောဂါမရှိကြောင်း ပြောကြားခဲ့ပြီး သူ့သားလေး သေဆုံးရခြင်းသည် အတန်းပိုင်ဆရာမက အကြောက်လွန်အောင် လုပ်သဖြင့် သူ့သားလေး ရှော့ဖြစ်သွားနိုင်ကြောင်း ပြောကြားခဲ့ပါသည်။

ဤကိစ္စအား တာဝန်ရှိသူများက ဆက်လက်စုံစမ်း စစ်ဆေးနေသည်ဟု သတင်းရရှိပါသည်။

ဆက်လက် စစ်ဆေးမှုများကို ကျန်နေ့များတွင် ဖော်ပြမည်။

.....သတင်းစာ



www.burmeseclassic.com

www.burmeseclassic.com

S M T W T F S

Date : / /



S M T W T F S

Date : / /

## သေဆုံးသွားသော ကျောင်းသားလေး၏ မိခင်က အတန်းပိုင်ဆရာမအား တရားစွဲဆိုလိုက်ပြီ

ကျောင်းတစ်ကျောင်း၌ ဖြစ်ပွားခဲ့သော ကျောင်းသားလေး တစ်ဦး၏ လဲကျသေဆုံးခဲ့မှု၌ ကျောင်းသား၏မိခင်သည် သူ့သား သေဆုံးမှုမှာ အတန်းပိုင်ဆရာမတွင် အပြစ်ရှိကြောင်း ပြောဆိုပြီးနောက် ယနေ့တွင် ထိုအတန်းပိုင်ဆရာမအား တရားစွဲဆိုလိုက်ပါသည်။

တရားစွဲဆိုမှုတွင် တရားလိုမှာ ကျောင်းသားမိဘဖြစ်ပြီး တရားစွဲဆိုခံရသူမှာ နာမည်ကြီးကျောင်း၏ အတန်းပိုင်ဆရာမဖြစ်ခြင်းကြောင့် လူအများ စိတ်ဝင်စားလျက် ရှိနေကြသည်။

.....သတင်းစာ



www.burmeseclassic.com

www.burmeseclassic.com



## ကျောင်းသားများနှင့် အင်တာဗျူး

----မြို့ရှိလူများသည် အခုတလော ဖြစ်ပွားခဲ့သည့် ကျောင်းသားလေး သေဆုံးမှုကို အထူးစိတ်ဝင်စားလျက် ရှိပါသည်။ ထို့ကြောင့် ထိုနေ့က အတန်းထဲတွင် ရှိနေသော ကျောင်းသားလေး၏ အတန်းဖော်များအား မိဘများ၏ ခွင့်ပြုချက်ဖြင့် အိမ်တိုင်ယာရောက် ဆက်သွယ် မေးမြန်းခဲ့ပါသည်။

**Q** သားလေးနာမည် ပြောပြပါဦး။

**A** သားနာမည်က မျိုးကျော်သူပါ ဦး။

**Q** သားက သူတနဲ့ တစ်ခန်းတည်းနော်။

**A** ဟုတ်ကဲ့

**Q** အဲ့ဒီနေ့က အဖြစ်အပျက်ကို သားမှတ်မိသလောက် ပြန်ပြောပြပါဦး။

**A** ကျောင်းတက်ခေါင်းလောင်းမထိုးခင်မှာ သားတို့ကစားကြပါ သေးတယ်။ ဒါပေမယ့် သူတကတော့ သူ့ထုံးစံအတိုင်း ဘေးနားကပဲ ကြည့်တတ်ပါတယ်။ သူက သားတို့ကစားနေရင် အမြဲတမ်း





ဝင်မကစား တတ်ဘူးလေ။ သူ့ဘာသာသူပဲ မျက်နှာမှိုင်မှိုင်နဲ့ နေတတ်တယ်။ အဲ့ဒီနေ့ကလည်း ဒီအတိုင်းပါပဲ။

**Q** အဲ့ဒီနေ့က ကျောင်းမှာ စိတ်ညစ်စရာ အကြောင်းရှိလို့များ မှိုင်နေတာလား။

**A** မသိဘူး။ အင်း... စိတ်ညစ်စရာဆိုလို့ ... တစ်ခုပဲရှိတယ်။

**Q** ဘာများလဲ။

**A** ဆရာမက စာကျက်ခိုင်းထားတယ်။ အဲ့ဒီတော့ စာမေးလိမ့်မယ်။ စိတ်ညစ်စရာဆိုလို့ အဲ့ဒါတစ်ခုပဲရှိပါတယ်။

**Q** ဪ... အေး... အေး ဟုတ်ပါပြီ။ ဆက်ပြောပါဦး။

**A** နောက်ပြီး သူက အတန်းဖော်ကောင်မလေးတစ်ယောက်နဲ့ ရန်ဖြစ်နေတာလည်းတွေ့သေးတယ်။ပြီးတော့ကျောင်းတက်ခေါင်းလောင်း ထိုးတော့ ဆရာမက စာမေးတယ်။ တစ်ဦးချင်းစီပေါ့။ အားလုံးက ရင်တထိတ်ထိတ်နဲ့။ မေးမယ့်စာကို ပြန်နွှေးနဲ့ လုပ်နေရတယ်။ အဲဒီအချိန်မှာပဲ "ဒုန်း" ဆိုတဲ့ အသံကြီးနဲ့အတူ ကျောင်းသား တစ်ယောက်လဲကျသွားတဲ့ အသံကြားလိုက်ရတယ်။ လှည့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြတော့ သူတာက ကြမ်းပြင်ပေါ်မှာ လဲကျနေတာ တွေ့လိုက်ရတာပါပဲ။

**Q** သားတို့ အတိုင်းပိုင်ဆရာမက အရိုက်ကြမ်းတယ်ဆို...။

**A** ..... ဟို ..... ။

**Q** ဖြေပါသားရဲ့ သားရဲ့ဆရာမက ဒီစာကို ဖတ်ရင် ပြန်ရိုက်မှာ ကြောက်လို့လား။

**A** (ကျောင်းသားက မဖြေခဲ့ပါဘူး)

**Q** ထားပါတော့ကွာ။ နောက်ဆုံးတစ်ခု ဦးမေးမယ်။

**A** ဟုတ်ကဲ့။

**Q** သားသူငယ်ချင်း သူတာကို သားဘယ်လိုမြင်လဲ။

**A** သူက သဘောတော့ကောင်းပါတယ်။ ဒါပေမယ့် တစ်ဦးတည်းနေတာ ပိုများပါတယ်။ သူ့အတွေးနဲ့ သူနေတာပေါ့။ ပြီးတော့ သူ့မျက်နှာက အမြဲတမ်း ဝမ်းနည်းနေသလိုပဲ။





**Q** ဘာကြောင့် ... သားက အဲ့ဒီလို ထင်တာလဲ။

**A** မသိဘူး။

**Q** သမီးနာမည် ပြောပြပါဦး။

**A** ချိုဝင့်ထိပ်ရှင်။

**Q** သူတာသေဆုံး ..... အဲ၊ လဲကျသွားတဲ့နေ့က သမီးနဲ့ သူတာနဲ့ ရန်ဖြစ်ကြသေးတယ်ဆို။

**A** ဟုတ်ပါတယ်။

**Q** ဘာများဖြစ်တာလဲ သမီးရဲ့။

**A** အဲဒီနေ့မတိုင်ခင်က သမီးရဲ့ သင်္ချာစာအုပ်ကို သူက ငှားတယ်လေ။ ငှားပြီးတော့ သမီးရဲ့ စာအုပ်နောက်မှာ ဟိုခြစ် ဒီခြစ်နဲ့ ဘာတွေမှန်းမသိဘူး လျှောက်ခြစ်ထားတယ်။ အဲ့ဒါနဲ့ သမီးက "ဟဲ့ ... နင် ငါ့စာအုပ်မှာ ဘာတွေလျှောက်ရေးထားလဲ ဆိုပြီး" ပြောမိတာပါ။ သူမရှိတော့လည်း အဲ့ဒီလို ပြောမိတဲ့အချိန်မှာ သူ့မျက်နှာ ပြန်မြင်ပြီး သနားမိနေသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

**Q** သူက ဘာတွေ လျှောက်ရေးထားလို့လဲ။

**A** မသိပါဘူး။ စာလုံးလိုလို၊ မျဉ်းကြောင်းတွေလိုလိုနဲ့ လျှောက်ခြစ်ထားတာပါ။ ခဲတံနဲ့ မဟုတ်ဘဲ ဘောပင်နဲ့ဆိုတော့ ဖျက်ရတာ ခက်သွားတာပေါ့။ ဒါနဲ့ စာအုပ်အသစ်ထုတ် ရေးရတော့တယ်။ ကောင်းပါတယ်။ သမီးလည်း စာအုပ်အသစ် ရေးချင်နေတာနဲ့ အတော်ဖြစ်သွားတာပေါ့။

**Q** သမီးသူ့ကို ဘယ်လိုမြင်လဲ။

**A** သမီးက သူ့ကို ရူးနေတယ်လို့ ထင်တယ်။

**Q** ဟင်... ဘာဖြစ်လို့လဲ သမီးရဲ့။

**A** တစ်ခါတစ်ခါဆို သူက အုတ်နံရံတွေ၊ ခုံတွေမှာ စာတွေ လျှောက်ရေးတယ် ဘာတွေရေးမှန်း မသိပါဘူး။ ဒါကြောင့် သမီးတို့က သူ့ကို "စာရူး၊ ပေရူး" လို့ ခေါ်တယ်။ သမီးတို့ အဲ့ဒီလိုခေါ်တာ မလွန်ပါဘူး ဦးရဲ့။

**Q** အင်း... ဟုတ်လိမ့်မယ်။ ဒါနဲ့ သမီးတို့ ဆရာမကိုရော သမီးတို့ ဘယ်လိုမြင်လဲ။



**A** ကြောက်တယ်။

**Q** ပြီးတော့ရော ...။

**A** မသိဘူး။

## သေဆုံးသွားသော ကျောင်းသားမိဘနှင့် အင်တာဗျူး

**Q** အန်တီက သုတရဲ့ အမေနော်။

**A** ဟုတ်ပါတယ်ကွယ်။

**Q** သုတရဲ့ ဖခင်ရော မသိဘူး။

**A** ဟို ... ဆုံးသွားတာ တစ်နှစ်လောက်ရှိပါပြီကွယ်။

**Q** အန်တီသားလေးအကြောင်းပြောပြပါဦး။

**A** သားလေးက သိပ်လိမ္မာတာ။ အန်တီ့ကိုလည်း အရမ်းချစ်တယ်။ အန်တီကလည်း အရမ်းချစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com

S M T W T F S
Date : / /

**Q** အဲဒီနေ့က အန်တီသားလေးမှာ ထူးခြားတာ ဘာများတွေ့မိလဲ ...။

**A** ပုံမှန်ပါပဲ။ မနက် အိပ်ယာက ထတယ်။ ကျွန်မတို့ အခန်းကိုလာပြ
ကျွန်မတို့ကို နှိုးတယ်။ သူကျောင်းသွားဖို့ ပြင်ပေးတယ်။ မနက်တ
စားကြတယ်။ ပြီးတော့ သူ့ကို ကျောင်းကားပေါ် တင်ပေးတယ်
ကျွန်မတို့ကိုတောင် လက်ပြသွားသေးတယ်။ နေ့ခင်းရောက်တော့
ကျွန်မဆီကို သားလေးကိစ္စနဲ့ ပတ်သက်ပြီး ဖုန်းဝင်လာတော့တာ

**Q** ဆရာမကိုရော ဘယ်လိုလဲပါလဲ။

**A** ကျွန်မသားလေး ခုလိုဖြစ်သွားတာက အတန်းပိုင်ဆရာမကြောင့်ဖ
သူ့ကိုလည်း တရားရင်ဆိုင်ဖို့ ဆုံးဖြတ်ပြီးသွားပါပြီ။

**Q** အခုလို ဖြေပေးတာ ကျေးဇူးတင်ပါတယ်။

**A** ကျွန်မကလည်း ကျွန်မသားလေးအတွက် အခုလို တကူးတ
မေးမြန်းပေးတာကို ကျေးဇူးတင်ရှိပါတယ်။

နောက်ဆက်တွဲသတင်းအရ တရားစွဲဆိုခံနေရသော ဆ
အား ဆက်သွယ်၍ မေးမြန်းခွင့်တောင်းထားသော်လည်း ယခုအချိန်
ပြန်လည်ဆက်သွယ်ခြင်း မရှိသေးကြောင်း သိရှိရပါသည်။

— သတင်း



S M T W T F S
Date : / /

## ဘယ်သူ့ကြောင့် သေရတာလဲ

— မြို့

— လ၊ — ရက်

ယနေ့နံနက်၌ တရားရုံးရှေ့တွင် လူများနှင့် အထူးစည်ကားနေလေသည်။ တစ်ခုခုကိုလည်း လည်တဆန့်ဆန့်နှင့် မျှော်နေပုံရသည်။ မနက် ၉း၃၀ အချိန်၌ တရားရုံးရှေ့သို့ ကားတစ်စီး ထိုးရပ်လာလေသည်။

ကားထဲမှ အမျိုးသမီးတစ်ဦး ဆင်းလာပြီး တရားရုံးရှေ့ရှိ လူများနှင့် ဓါတ်ပုံတဖျတ်ဖျတ် ရိုက်နေသော လူများသို့ တစ်ချက်ကြည့်ပြီး ပြုံးလိုက်သည်။

ထိုဆင်းလာသော အမျိုးသမီးမှာ လွန်ခဲ့သော နှစ်ပတ်ခန့်က နာမည်ကြီး ကျောင်းတစ်ကျောင်းတွင် သေဆုံးသွားသော ကျောင်းသားလေး၏ မိခင် ဖြစ်လေသည်။

ထိုအမျိုးသမီးနှင့်အတူ အမျိုးသားတစ်ဦးလည်း ပါလာလေ၏။

ခပ်လှမ်းလှမ်းရှိ သတင်းထောက်တစ်ယောက်က–

"အန်တီသား ဘာကြောင့် သေဆုံးရတယ်လို့ ထင်ပါသလဲ"

"ဆရာမရဲ့ အရိုက်ကြမ်းမှုကြောင့်ပါ"

ကျောင်းသားလေး၏ မိခင်မှာ ထိုသို့ ဖြေပြီးနောက် တရားရုံးအတွင်းသို့ ဝင်သွားလေသည်။

မရှေးမနှောင်းမှာပင် တရားရုံးရှေ့သို့ ကားတစ်စီး ရပ်လာပြန်သည်။ အမျိုးသမီးတစ်ဦး ဆင်းလာပြန်၏။



www.burmeseclassic.com

www.burmeseclassic.com

S M T W T F S
Date / /

အခုတလော နာမည်ကြီးနေသည့် အတန်းပိုင်ဆရာမ
ဖြစ်သည်။

"ဆရာမ.... ဆရာမ...."

"သုတ ကိစ္စကို ဘယ်လိုထင်ပါသလဲ"

"ဆရာမမှာ အပြစ်ရှိတယ်လို့ ထင်ပါသလား"

သတင်းထောက်များက အလုအယက် မေးကြသော်လည်း ဆရာမမှာ မျက်နှာကိုငုံ့ပြီး တရားရုံးအတွင်းသို့ အလျှင်အမြန် ဝင်သွားလေသည်။

ထိုနေ့က တရားရုံးအတွင်းသို့ သတင်းရယူခွင့် မရခဲ့ကြသော်လည်း မနက်ဖြန်လောက်တွင် တရားရုံးက အမိန့်ချမည်ဟုလည်း သတင်းရရှိပါသည်။

ကျောင်းသားလေး ဘယ်သူ့ကြောင့် သေရတာလဲ?

..... သတင်းတ



S M T W T F S
Date / /




အန်တီမှန် လှမ်းအော်လိုက်တာကြောင့် သတင်းစာကို စိတ်ဝင်စားနေတဲ့ သားတို့နှစ်ယောက် လန့်သွားကြတယ်။

ဟုတ် ... ဟုတ်ကဲ့ တွေ့ပါပြီ ...

ကြောက်ကြောက်လန့်လန့်နှင့် ဆွဲမိဆွဲရာ သတင်းစာ၊ နှစ်ခု၊ သုံးခု ဆွဲပြီး အခန်းအပြင်ကို မြန်မြန်ထွက်ခဲ့လိုက်ရတယ်။

တော်ကြာနေ ရိုက်မိသွားမှာလည်း စိုးရသေးတယ်။ မုန့်စားဆင်းချိန်လည်း ပြီးခါနီးနေပြီ ....။ ဒါပေမယ့် လက်ထဲက သတင်းစာကြီးတွေ ကိုင်ပြီးလည်း အတန်းထဲ ပြန်ဝင်လို့က မဖြစ်သေး....။

ဘယ်လိုလုပ်ရမလဲဆိုပြီး အောင်ဘုန့် ထိုင်ဆွေးနွေးနေရပြန်ရော..။ နောက်ဆုံး မုန့်ဟင်းခါးဆိုင်မှာ ခဏအပ်ထားမယ်ဆိုပြီး ဆုံးဖြတ်လိုက်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

S M T W T F S
Date / /

သောကြာနေ့

မနက်ကတည်းက မိုးတော်တော် ရွာနေတယ်။ အမေက ကျောင်းမသွားပဲ ခွင့်ယူပါလားပြောတယ်။ ဒါပေမယ့် ညက စဉ်းစားထားတဲ့ ကိစ္စလေးက ရှိနေတာကြောင့် အမေ့ကို "ကျောင်းမှန်မှန်တက် စာမခက်" ဆိုပြီး ထီးနဲ့ မိုးကာ နှစ်ခုစလုံးယူကာ အိမ်ထဲက ပြေးထွက်လိုက်တယ်။

အမေက အတင်းလိုက်ပို့မယ် လုပ်နေလို့ မပို့နဲ့ ဆိုပြီး အတင်းထွက်ခဲ့ရတာ။

မိဘတွေက သူ့ကလေးတွေဆို သိပ်လိုက်ပို့ချင်တာ။ ဘာဖြစ်လို့မှန်းမသိဘူး။ သားတို့ ကလေးတွေကလည်း မိဘတွေလိုက်ပို့ရင် သိပ်စိတ်ကျဉ်းကျပ်တာ။

ဟိုအဆင်ကို လှမ်းခေါ်ရင်လည်း လှမ်းခေါ်ပြန်ပြီ။ ရေအိုင်တွေလို ခုန်ဆင်းပြန်ရင်လည်း နင်တို့က သိပ်ညစ်ပတ်တာပဲ ဘာပဲနဲ့ ပြောနေတော့တာ...။ ဒါတောင် သားအမေက အလုပ်သိပ်မအားလို့၊ အားများ အားနေရင် နေ့တိုင်း လိုက်ပို့နေဦးမှာ ...။

အောင်ဘုအိမ်နားရောက်တော့ အောင်ဘုကလည်း သူ့အမေနဲ့ ကျောင်းလိုက်ပို့ရေး၊ မပို့ရေး စစ်ခင်းနေတယ်။

အောင်ဘုက သူ့ရဲ့ နောက်ဆုံးတိုက်ကွက်ကို ထုတ်သုံးလိုက်ပုံရတယ်။ သူ့တိုက်ကွက်က ထွေထွေထူးထူးတော့ မဟုတ်ပါဘူး။ စိတ်ကောက်တာပါ။

အောင်ဘုအမေက သူ့သား စိတ်ကောက်ရင် ဘယ်လိုဖြစ်တယ်မှန်းမသိဘူး။ အောင်ဘု စိတ်ကြိုက်လိုက်လျှောတာချည်းပဲ။



S M T W T F S
Date / /

အောင်ဘုက သားလိုပဲ မိုးကာနဲ့ ထီးနဲ့ ပြေးထွက်လာတယ်။ တွေ့တွေ့ချင်း ညက စဉ်းစားထားတာကို ပြောပြရတယ်။

အောင်ဘု

အေး...ဘာလဲ

ညက ဟိုကီစ္စနဲ့ ပတ်သက်ပြီး တစ်ခုစဉ်းစားမိတယ်။

အေး...ငါလည်း စဉ်းစားမိတယ်... ဒါပေမယ့်... မင်းအရင်ပြော

ငါတို့ထက် တစ်တန်းကြီးတဲ့ မချိုဝင့်ဝါကို သွားတွေ့ရမယ်ကွ

သုတကို စာအုပ်ငှားတဲ့ ကောင်မလေးလား...

အေး

မင်းက ဘယ်လိုထူးခြားမယ် ထင်လို့လဲ

သူ့မှာ သုတရေးခြစ်ထားတဲ့ စာအုပ်ရှိလိမ့်မယ် ထင်တယ် ... အဲဒီစာအုပ်နဲ့ ငါ့မှာ ရှိတဲ့စာအုပ်ထဲက ရေးထားတဲ့စာနဲ့ တိုက်ကြည့်မလို့

အေး ... အဲဒီ အကြံမဆိုးဘူး ...

မင်းကရော ဘာစဉ်းစားမိတာလဲ

သုတအမေကြီးမှာ နောက်ယောက်ျား ရှိရမယ်ကွ

ဟာ... ဘာဖြစ်လို့လည်း အောင်ဘု မင်းစကားက သေချာလှချည်လား... မဖြစ်နိုင်တာ။

www.burmeseclassic.com

ဖြစ်နိုင်တယ်ကွ

ကဲ... ကဲ ရှင်းပါဦး

မိုးရွာနေတာကြောင့် တစ်ယောက်အသံတစ်ယောက် မကြားရတာနဲ့ စကားကို အော်အော် ပြောနေရတယ်။



ဘေးလူတွေကြည့်ရင်တော့ ကလေးနှစ်ယောက် ရူးဖြစ်နေကြတယ်ပေါ့။

သတင်းစာထဲမှာ မင်းရော ငါရော ဖတ်လိုက်ရတယ်လေ

ဘာကိုလဲ

အဲဒီမှာ သုတအမေက "ကျွန်မတို့ အခန်းကို လာပြီး ကျွန်မတို့ကို နှိုးတယ်" လို့ သတင်းစာထဲမှာ



ဆိုထားတယ် မှတ်လား၊

အေးလေ

သုတအဖေ ဆုံးတာ တစ်နှစ်ကျော်ရှိပြီ မှတ်လား။ အဲ့ဒါဆိုရင် ဘယ်လိုလုပ် ကျွန်မတို့ အခန်းလို့ ပြောလို့ရမှာလဲ။ ကျွန်မအခန်းလို့ ပြောရမှာပေါ့။ အဲဒီတော့ အိပ်ခန်းထဲမှာ သူ့ရယ်၊ အခြားတစ်ယောက်ရယ် ရှိရမယ်၊ ရုပ်ရှင်တွေထဲက အတိုင်းဆိုရင် သုတမှာ ပထွေးရှိ ရမယ်ကွ။

မျက်နှာက မိုးစက်တွေကို လက်နှင့် သုတ်ချလိုက်ရင်း အောင်ဘိုကို တစ်ချက်ကြည့်လိုက်တယ်။

အောင်ဘိုက သူ့စကားကို တော်တော်လေး ယုံကြည်နေပုံရတယ်။ သုတရဲ့ အဖေတွေ၊ ညီမတွေရော မဖြစ်နိုင်ဘူးလား။

အဲဒီလိုအော်ပြောကြရင်းနဲ့ ကျောင်းရှေ့အရောက်တော့ကျောင်းတက်ခေါင်းလောင်းထိုးတော့မှာ တွေ့တာနဲ့ အလျှင်အမြန် ပြေးရတယ်။

ဒါနဲ့ စကားထပ်မပြောဖြစ်တော့ဘူး။

စာသင်ချိန်ရောက်တော့ သားတို့ အတန်းပိုင်ဆရာမက သားစိတ်ထင်လို့လား မသိဘူး။ မျက်နှာက ရှင်ရှင်ပြုံးပြုံး သိပ်မရှိဘူး။

စာသာသင်နေတယ်။ သားစိတ်ထဲမှာလည်း သုတအမေနဲ့ ဆရာမတို့ ဘယ်လိုဆက်ဖြစ်သွားတယ်ဆိုတာ သိချင်နေတယ်။ သတင်းစာထဲမှာလည်း နောက်တစ်ခေါက် ထပ်မရှာရဲတော့ဘူး။

ယူလာတဲ့ သတင်းစာထောင်မှ မီနေမှုနဲ့စားဆင်းရင် သွားနဲ့ပေး



www.burmeseclassic.com

www.burmeseclassic.com

S M T W T F S
Date : / /

ရှိုးမယ်။

မုန့်စားခဲ့တာလည်း သတင်းစာသွားပေး ...။ မချိုဝင့်ဝါကို သွားတွေ့ ...။ မိန့်ပဲ အချိန်ကုန်တာပဲ။ ဒါပေမယ့် တွေ့ချင်တဲ့ မချိုဝင့်ဝါကိုတော့ မတွေ့ပါဘူး။ မုန့်စားခဲ့ချိန်ဆိုတော့ သူလည်း မုန့်ထွက်စားတာနဲ့ ဘယ်လိုရှာရှာ ရှာမှန်း မသိပါဘူး။

လူလည်း မသိတော့ ပိုဆိုးတာပေါ့။


**စနေနေ့**

ဒီနေ့ပျင်းတာနဲ့ ဘီဘိုဘိုတေ မရေးဖြစ်ဘူး။ ထူးခြားတာဆိုလို့ မှန်မှန်မလုပ်ဖြစ်တဲ့ အိမ်စာကို တကူးတက လုပ်နေတာပဲရှိတယ်။

**တနင်္ဂနွေနေ့**

အမေတို့ ဘုရားသွားတာ လိုက်သွားရတယ်။ ကုသိုလ်တော့ ရပါတယ်။ ဒါပေမယ့် ပျင်းတယ်။ အမေနဲ့ အဖေက ပုတီး တချောက်ချောက် စိပ်နေတုန်း ဟိုလျှောက်ဆော့၊ ဒီလျှောက်ဆော့ လုပ်နေတာပဲ ပျော်စရာရှိတယ်။

ဒီလောက်ပဲ ရေးနိုင်တယ်။ ဆော့ထားတာ ပင်ပန်းလို့ အိပ်တော့မယ်။






S M T W T F S
Date : / /

**တနင်္လာနေ့**

မနေ့က ပင်ပန်းလို့လားမသိ အိပ်ယာကလည်း မထချင်၊ ကျောင်းလည်းမသွားချင် ဖြစ်နေတယ်။

အမေက နှိုးပြီး တနေ့က ပြောခဲ့တဲ့ "ကျောင်းမှန်မှန်တက် စာမခက်" ဆိုတဲ့ စကားနဲ့ လာနှိုးတော့ ကိုယ့်စကားနဲ့ကိုယ် ဒုက္ခပြန်ရောက် ရတယ်။

အောင်ဘုကို ဝင်မခေါ်တော့ဘူး။ နောက်ကျနေတာနဲ့ ကျောင်းတန်းသွားတော့မယ်ဆိုပြီး ကျောင်းကိုပဲ တန်းသွားလိုက်တယ်။

ကျောင်းရောက်တော့ ဒီနေ့အတွက် စပြီးဒုက္ခရောက်တော့တာပဲ။ ကျောင်းစောင့်ကြီးက ဝင်ဝင်ချင်းပဲ-

အံ့သြအောင် ... မင်းကို ကျောင်းအုပ်ကြီးက ခေါ်ထားတယ် ... အောင်ဘုကတော့ သူ့ရုံးခန်းထဲရောက်နေပြီ ... မင်းပဲ ကျန်တော့တယ် မြန်မြန်သွားလိုက် ...


ထိတ်လန့်သွားတယ်။ အိမ်တောင် ပြန်ပြေးချင်စိတ် ပေါက်သွားတယ်။ ဘာများဖြစ်လို့ပါလိမ့်။

ဆရာကြီးရုံးခန်းထဲရောက်တော့ အောင်ဘုက ဆရာကြီးရုံးခန်း ထဲမှာ ကြောက်ကြောက်လန့်လန့်နဲ့ မတ်တတ်ရပ်နေတာ တွေ့လိုက်ရတော့ ပိုပြီး ထိတ်လန့်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးက ဘာမှမပြောပဲ ကြည့်နေတာကြောင့် အောင်ဘုသေား မှာ ဝင်ရှုပ်လိုက်ရတယ်။

ခဏကြာတော့ ဆရာကြီးက သားတို့ကို တစ်ချက်ကြည့် လိုက်ပြီး–

မင်းတို့နှစ်ယောက်က ငါတွားနိုင်းတယ်ဆိုပြီး
စာကြည့်တိုက်မှာ သတင်းစာတွေ
သွားတွားတယ်ဆို ...

ခေါင်းထဲမှာ မိုက်ခနဲလိုလို ဖြစ်သွားတယ်။ ဆရာကြီးကိုလည်း မကြည့်ရဲတော့ပဲ ခေါင်းငုံ့ထားလိုက်ရတယ်။

မင်းတို့က ဘာဖြစ်လို့ ငါ့နာမည်သုံးရတာလဲ၊
စာကြည့်တိုက်ဆိုတာ အားလုံးဝင်ပြီး
ဖတ်လို့ရတာပဲ ...




အနှိတ်ိမ္ဟနတ်ို – ကြောက်လို့ဆိုတာ – မပြောလိုက်တော့ပါဘူး။ ကြောက်ကြောက်နဲ့ပဲ လက်ကို တင်းတင်းကျစ်ကျစ် ဆုပ်ထားရတယ်။

ဆရာအဲ့ဒါကို အပြစ်မပြောလိုပါဘူး။ ဒါပေမယ့်
မင်းတို့ နှစ်ယောက်က နေ့စွဲတွေနဲ့ တိတိကျကျ
လာတွားသွားတာတဲ့ ... ဟုတ်လား ..

အောင်ဘုက ခေါင်းငြိမ့်မပြရဲ သားကပဲ ခေါင်းငြိမ့်ပြရတယ်။

ဘာကိစ္စများလဲကွ ...



နှစ်ယောက်စလုံး မျက်လုံးပြူးသွားတယ်။ တစ်ယောက်ကို တစ်ယောက်လည်း ကြည့်မိကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

S M T W T F S
Date : / /

ဆရာကြီးက "ပြောလေကွာ" ဆိုတော့ ပိုပြောဖို့ ခက်သွားတယ်။ ချွေးတွေပြန်လာတယ်။ အတင်းဖွဲ့ပြီး ကျောင်းလာခိုင်းသော အမေ့ကို လည်း အဲဒီအချိန်မှာ စိတ်ဆိုးနေတယ်။

ဓာတ်ဘူပုံစံက အဖျားဝင်နေတဲ့ ပုံစံ ဖြစ်နေတယ်။

ဘာလဲ... မင်းတို့ ကိစ္စက ငါ့ကို ပြန်ပြောလို့မရတဲ့ ကိစ္စလား ...

မ ... မဟုတ်ပါဘူး ...

ဒါဆို ပြောလေ ...

ဟို ... သု ... သုတ ကိစ္စ သိချင်လို့ပါ

ဘာ ... မင်းတို့က ဘာဖြစ်လို့ သုတကိစ္စ သိချင်ရတာလဲ ...

ဆရာကြီးက အတူးမိတ်ဝင်စားသွားတဲ့ ပုံစံကြောင့် နည်းနည်း ပြောရဲဆိုရဲ ရှိလာတယ်။

ဒါကြောင့် သုတစာအုပ် တွေ့တဲ့ကိစ္စ၊ သုတရေးထားသည့် နံရံပေါ်က စာ၊ ခုံပေါ်က စာများကို အားတတ်သရေ ပြောပြလိုက်မိတယ်။

ဆရာကြီးက မျက်မှောင်ကြီးကျုံ့ကာ နားထောင်ပြီး သားစကား မဆုံးခင်မှာပဲ လက်ကာပြကာ -



S M T W T F S
Date : / /

နေ... နေပါဦး၊ သုတကနလုံးရောဂါနဲ့ သေသွားတာ လို့တရားရုံးက ဆုံးဖြတ်ပြီးသွားပြီပဲ၊ မင်းတို့က ဘယ်လိုထင်လို့လဲ ...

ဟို...သု...သုတကအသတ်ခံရတယ်လို့ ထင်လို့ပါ ...

ဆရာကြီးမျက်နှာမှာ တအံ့တသြ မဖြစ်သွားဘဲ ရယ်ချင်သလိုလို ဖြစ်သွားတာကို တွေ့ရတယ်။

အဲဒီနောက် သားက စကားဆက်ပြောမှာကို လက်ကာပြလိုက်ပြီး-

ကဲ...ကဲ၊ ကိုယ့်အတန်းကိုယ်ပြန်တော့ ...
ကျောင်းစာကိုတော့ စိတ်မဝင်စားဘူး။
မဟုတ်တာတွေကိုပဲ လျှောက်လုပ်နေတယ် ...
ဒီတစ်ခါတော့ ဆရာကြီး ခွင့်လွှတ်လိုက်မယ် ...
နောက်တစ်ခေါက်ဆို အပြစ်ပေးမယ် ...

ဆရာကြီးက သားတို့ကို အတန်း ပြန်ခိုင်းပါတော့တယ်။ သားတို့ ကလည်း နောက်ထပ်တွေထားတာလေးတွေ ပြောချင်ပေမယ့်လည်း ကြောက်လို့ ဆက်မပြောတော့ပဲ အတန်းထဲသို့ ပြန်လာခဲ့ရတယ်၊

အတန်းထဲရောက်တော့ ဆရာမက စာသင်နေပြီ။ ကုတ်ကုတ် ကလေးဝင်လာတဲ့ သားတို့နှစ်ယောက်ကို အတန်းသားအားလုံးနဲ့ ဆရာမ က "ဘာပြဿနာ လုပ်လာပြန်ပြီလဲ" ဆိုတဲ့ အကြည့်နဲ့ ကြည့်နေတယ်၊



www.burmeseclassic.com

S M T W T F S
Date

သားတို့ကလည်း တိုယ်နေရာမှာ ငြိမ်ငြိမ်လေး ပြန်ထိုင်နေရတာပေါ့။ သားတို့နောက်မှာပါလာတဲ့ ဆရာကြီးရုံးခန်းထဲက စာရေးမလေးက "ဆရာမ ဆရာကြီးက အတန်းပြီးရင် ခဏလာပါဦး" တဲ့ ဆိုပြီး ဝင်ပြော သွားတယ်။

ဆရာမကိုပါ ဆရာကြီးက တိုင်တော့မယ်ထင်တယ်။ အခုချိန်ထိ ဆရာမက သားတို့နှစ်ယောက်ကို မမေးသေးပါဘူး။ ဒါကိုပဲ နေရထိုင်ရတာ အတော်လေးတင်းကျပ်နေတယ်။

မုန့်စားဆင်းချိန်ရောက်တော့ သားတို့နှစ်ယောက်မှာ မုန့်မစား နိုင်ပါဘူး။ ဆရာမက ဘာများထပ်ဆူမလဲ ဆိုပြီး တွေးကြောက်နေရတယ်။

အရေးထဲ လောရှည်နဲ့ သူ့ရဲ့အပေါင်းအပါများက "ပြဿနာ ကောင်" တွေ ဆိုပြီး အော်ကြီးဟစ်ကျယ်ပြောတာ ရှိနေသေးတယ်။

သည်းခံလိုက်ပါတယ်။ ဘေးနားမှာ စုပိုင်းနဲ့ ဂျင်းနီက ငြိမ် တာကိုး။ အောင်ဘုက မနက်ဖြန် ကျောင်းမလာဘူးကွာ လုပ်နေ၍ "ဘ ဆိုတာ ပန်းခင်းလမ်းမဟုတ်၊ ဆူးခင်းလမ်းသာ ဖြစ်သည်"၊ "ယောကျ်ားတို မညည်းရ ငြူစူရ"၊ "မိတ္တိသည် ယုံကြည်ချက်ဖြင့် ဘဝ တည်ဆောက်ရမည်" စသည့် သားအစ်ကိုရဲ့ ကျောင်းစာအုပ်မျ ရေးထားတဲ့ စာသားများကို ရှာပြပြီး အားတင်းခိုင်းရတယ်။

အောင်ဘုက "ဘဝအားမာန်၊ တို့ရဲ့မာန်" ဆိုတဲ့ စာသား သဘောကျသွားပြီး "တုတ်တယ်ကွ" ဟု လုပ်ကာ အားပြန်တင်းနေတယ်။

အဲဒီအချိန်မှာပဲ ဆရာမက နားနေခန်းကို နှစ်ယောက်စလုံး လာခဲ့ဆိုပြီး ကျောင်းသားတစ်ယောက်နဲ့ ခေါ်ခိုင်းလိုက်လို့ "တို့မှာ ကနေ "တို့ရဲ့မာန်"ဖြစ်တဲ့ ကြောက်ဒူးတုန်တာ ပြောင်းသွားရတယ်။



S M T W T F S
Date

တုန်တာမှ တော်တော့်ကို တုန်တာ။ ရှူးပေါက်ချင်သလိုလည်း ဖြစ်လာတယ်။

ဆရာမနဲ့တွေ့တော့ ထင်သလောက် ဒေါသထွက်မနေပေမယ့် တော်တော်လေးကို စိတ်ပျက်နေပုံရတယ်။

ဒီအရွယ်မှာ စာကိုပဲ ကြိုးစားပမ်းစား သင်ရမယ်၊ ကျောင်းမှာ လည်း လူရည်ချွန်ဖြစ်အောင် ကြိုးစားရမယ်၊ အတန်းထဲမှာ အတော်ဆုံး ဖြစ်တဲ့ လောရှည်ကို အတုယူသင့်ကြောင်း ပြောဆိုတာဆုံးမပါတော့တယ်။

အောင်ဘုနဲ့ သားကလည်း "ဟုတ်ကဲ့၊ နောက်မလုပ်တော့ပါဘူး ဆရာမ" "စာပဲ ကြိုးစားသင်ပါတော့မယ်" "အတန်းထဲမှာ အဆင့်(၁) ရစေရပါမယ် ဆရာမ" စသည်ဖြင့် အဖြေများ မထပ်ရအောင် ပြန်ဖြေ နေရတယ်။

ဆရာမများ နားနေခန်းကနေ ကျောင်းခန်းထဲ အပြန်လမ်းမှာ သားတို့ ဆုံးဖြတ်ချက် ချလိုက်ကြတယ်။

ငါတို့ သုတကိစ္စ ဆက်မလုပ်တော့ဘူးကွာ ...


အေး ... အဲဒါပဲကောင်းတယ် ... ငါတို့ရဲ့ရည်ရွယ်ချက် ဖြစ်တဲ့ လောရှည်ကို ကျော်နိုင်အောင်ပဲ ကြိုးစားတော့မယ် ...

အဲဒီလိုဆုံးဖြတ်ပြီးလို့ လမ်းလျှောက်လာစဉ်မှာပဲ သားတို့ ရှေ့ကနေ ကောင်မလေးတစ်ဖွဲ့ ဖိတ်ရပ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအဖွဲ့ထဲက တစ်ယောက်က–




သူတကို စာအုပ်ငှားလိုက်တဲ့ မချိုဝင့်ဝါပဲ။ သားတို့လည်း ခုနက
ဆုံးဖြတ်ချက်တွေကို မေ့သွားပြီး "သူတကို ငှားလိုက်တဲ့ စာအု
လိုချင်လို့ပါ" ဆိုပြီး ပြောရတယ်။

နင်တို့က ဘာလုပ်မလို့လဲ


ဟို ...

ဘာပြောလို့ ပြောရမှန်းမသိ ထစ်ဖြစ်သွားရတယ်။ ဒီအချိန်မှ
အောင်ဘုက ဝင်ဖြေတယ်။



သူတက သား အစ်ကိုပါ။ သူငှားခဲ့တဲ့
စာအုပ်လေး အမှတ်တရ သိမ်းထားချင်လို့ပါ ...

အောင်ဘုတော်လိုက်တာ မျက်ရည်တောင် ကျပြလိုက်တယ်။
သိတယ်မှတ်လား...။ မိန်းကလေးတွေဆိုတော့ သူတို့လည်း မျက်ရည်
လိုက်ကျတာပေါ့။



အောင်ဘုက မိန်းကလေးတွေနဲ့ ဆိုရင် တော်ကီ သိပ်ကောင်းမှန်း
အခုမှ သိရတော့တယ်။

သားတောင် ငိုချင်လာတယ်။

အဲ့နဲ့ တိုတိုပြောရရင် နောက်နေ့ပေးမယ်ဆိုပြီး "မချိုဝင့်ဝါ"က
သဘောတူသွားတယ်။

ပျော်လိုက်တာ။ ဘယ်လိုပျော်လို့ ပျော်မှန်းမသိဘူး။ အောင်ဘု
ကို ဝူဏ်ပြုတဲ့အနေနဲ့ သကြားလုံး (၁)လုံး ပေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

S M T W T F S
Date / /

<u>အင်္ဂါနေ့</u>

မချိုဝင့်ဝါ စာအုပ်ရတော့ သားတို့နှစ်ယောက်သား ထိုင်နေကျ အိမ်သာနားက ချောင်လေးထဲ သွားရတယ်။

အဲ့ဒီရောက်မှ မချိုဝင့်ဝါ စာအုပ်ကို ဖွင့်ကြည့်ကြတယ်။

ဟင် ...

အာ ... တူတယ်ဟ ...


အမှိုက်ပုံနားက ကောက်ရတဲ့ သုတစာအုပ်ကို အမြန်ပြန်ဖွင့် ရတယ်။ ရင်တွေ လှုပ်ရှားနေတယ်။ စာအုပ်တောင် ပြုတ်ကျလို့ ပြန်ကောက် ရတယ်။

ဖွင့်ကြည့်ကြတယ်။ သေချာပါတယ်။

မချိုဝင့်ဝါ စာအုပ်ထဲက အရာတွေနဲ့၊ သုတစာအုပ်ထဲက အရာတွေနဲ့ အတူတူဖြစ်နေတယ်။



S M T W T F S
Date : / /





www.burmeseclassic.com


www.burmeseclassic.com

S M T W T F S
Date: / /

အံ့ ... အံ့ဩအောင် ...

ဘာလဲ ...

ဒါ ... ဒါကြီးက ငါတို့ ကျောင်းဘောလုံးကွင်းနဲ့ မတူဘူးလား ...



အောင်ဘုပြောမှ သေချာကြည့်မိတယ်။ ဟုတ်သလိုလို တူသလိုလိုတော့ရှိသား။

နောက်တစ်ခု ထပ်တွေ့မိတယ်။

ဒါ ... ဒါ ငါတို့ရဲ့ အခန်းများ ဖြစ်နေမလား ...





S M T W T F S
Date: / /

အဲဒါသာ ငါတို့အခန်းဆိုရင် ဘေးနားက လူတွေ အများကြီးက မုန့်စားဆင်းနေတာလားမသိဘူး ...

ထင်ရာပြောမိကြသော်လည်း နှစ်ယောက်စလုံးရဲ့ စိတ်ထဲမှာ သေချာတယ်လို့ ထင်နေမိတယ်။

"ဒါဟာ မြေပုံတစ်ခုပဲ" လို့ အောင်ဘုက ပြောတယ်။

သားတကော့ သိပ်လက်မခံချင်သေးပါဘူး။ ဒါပေမယ့် အောင်ဘုစကားကိုတော့ ယုံချင်သလိုလို ဖြစ်နေသေးတယ်။

ဒါဟာ မြေပုံတစ်ခုဆိုရင် ... သူတက ဘာကိစ္စကြောင့် စာအုပ် နှစ်အုပ်လုံးမှာ ဆွဲသွားတာလဲ။

တစ်ခုခုကို ပြောချင်လို့လား။

ထိုအကြောင်းကို အောင်ဘုကို ပြောပြလိုက်တယ်။

အောင်ဘုက ဖြစ်နိုင်တယ်လို့ ဆိုလိုက်တာကြောင့် ဘာဆက် စဉ်းစားလို့ စဉ်းစားရမှန်းမသိ ဖြစ်သွားကြတယ်။

မုန့်စားကျောင်း တက်တော့မှာ ဖြစ်တာကြောင့် ဆက်စဉ်းစားဖို့ အချိန်မရပဲ အတန်းထဲ ပြန်ပြေးကြရတယ်။

မုန့်စားနေ့

စာသင်နေရင်းမှ သူတမြေပုံကိုပဲ စိတ်ရောက်နေတယ်။ ဆရာလည်း ကောင်းကောင်းအာရုံမပျော်ဘူး။ သူတက အကြောင်းမဲ့သက်သက်တော့



www.burmeseclassic.com

www.burmeseclassic.com

စာအုပ်နှစ်အုပ်လုံးမှာ တစ်ပိုစ်တည်းတွေ ရေးလောက်မယ် မထင်ဘူး။

ဆရာမက ကျောက်သင်ပုန်းကို ကြိမ်လုံးနဲ့ ရိုက်လိုက်တဲ့ အသံကြောင့် လန့်သွားပြီး စာသင်ရာဘက် စိတ်ပြန်ရောက်သွားတယ်။

အောင်ဘုတတော့ ကျူးဆွဲထားတဲ့ မြေပုံစာရွက်ကို မိုးကြောင် မိုးမှုက်ကြည့်နေတယ်။

အဲဒီမှာ ဆရာမက ကျောက်သင်ပုန်းကို ကြိမ်လုံးနဲ့ ထောက်လိုက်ပြီး–

ဒီနေ့သင်တဲ့ စာတွေက အရေးကြီးတယ် ...
သေချာမှတ်ထားကြပါ ...

ဆရာမက ပြောပြီးပြီးချင်းမှာပဲ သားသေးက စုပိုင်းနဲ့ ဝှုင်းနီက စာအုပ်ပေါ်မှာ ပုံသဏ္ဌာန်တစ်ခုကို ခပ်မြန်မြန် ရေးခြစ်လိုက်ကြတယ်။

ခရေပွင့် သင်္ကေတကို ရေးခြစ်လိုက်တာပါ။ ခေါင်းထဲမှာ လက်ခနဲလိုလို ဘာလိုလို ဖြစ်သွားတယ်။

တစ်ခုခုကို တွေးမိလို့ ပျော်သွားတဲ့ အပျော်မျိုးလည်း ဖြစ်နေတယ်။ ရှေ့မှာ ရှိတဲ့ အောင်ဘုကို လက်လှမ်းတို့ လိုက်ပြီး–

အောင်ဘု ...

အောင်ဘုက ဆရာမ အရိပ်အခြေကို ကြည့်ကာ –



ဘာလဲ ...

လို့ လှည့်ထူးတယ်။

ငါ ... သိသွားပြီ ...

ဟင် ...

ကြာသပတေးနေ့

ဒီနေ့ ကျောင်းမှာ ကုတ်ဖို့တောင် မအားဘူး ဖြစ်နေတယ်။ ဆရာမက စာမေးမှာ ဖြစ်တာကြောင့် တစ်ခန်းလုံး စာကျက်သံတွေ ညံနေတယ်။

သားလည်း ညက ကျက်လာတဲ့ စာကို ပြန်နွှေးနေရတာ အကြိမ် (၁၀၀၀) လောက် ရှိတော့မယ်။

အောင်ဘုကို ကြည့်လိုက်တော့၊ သူကလည်း စာကို ကုန်းအော်နေတာ တွေ့ရတယ်။

ဒါကြောင့် ကျောင်းပြန်မှပဲ အောင်ဘုနဲ့ အေးအေးဆေးဆေး စကားပြောရတော့တယ်။

အောင်ဘု ...

အာ ... ဘာလဲကွာ၊ ဒီမှာ ဆရာမရိုက်လို့
လက်နာနေရတဲ့အထဲ ...

www.burmeseclassic.com

S M T W T F S
Date : / /

ဒီနေ့ အောင်ဘုက စာမရလို့ အကိုက်ခံရတဲ့နေ့ပါ။ ဒါပေမယ့် မတတ်နိုင်ဘူး ပြောရချိုတာတော့ ပြောရမှာပဲ။

ငါ ... သုတာမြေပုံကို ဖော်လို့ရပြီကွ ...


ထင်တဲ့အတိုင်းပဲ အောင်ဘုက စိတ်ဝင်စားလာတယ်။

သားက လမ်းလျှောက်နေရင်း ဘေးဘက်ကို ဘယ်သူ့ရှိလဲ ကြည့်လိုက်သေးတယ်။

ဘယ်သူမှ မရှိတော့မှ လွယ်အိတ်ထဲက သုတာမြေပုံကို ထုတ်လိုက်တယ်။ ပြီးနောက် တစ်နေရာကို ထောက်ပြလိုက်တယ်။

ဒီနေရာကို ကြည့်စမ်း ...

အောင်ဘုက လက်ညှိုးထောက်ပြရာ နေရာကို ကြည့်တယ်။





S M T W T F S
Date : / /

ဘာဖြစ်လို့လဲကွ ...

ဒီပုံမှာ ခရေပွင့်ကို တွေ့လား ...

အေး ... တွေ့တယ်လေ ...

အဲ့ဒီနေရာမှာ အရေးကြီးတာရှိတယ်လို့ သုတာက ပြောသွားတာ မဖြစ်နိုင်ဘူးလား ...

အောင်ဘုနည်းနည်း စိတ်ဝင်စားလာတယ်။ ဒီလိုပဲ ဖြစ်ရမှာပေါ့။

ဒါဆို အဲ့ဒီနေရာက ဘယ်နေရာလဲ ...

မြေပုံထဲက အရဆိုရင် ငါတို့ အတန်းနားကပဲ၊ ငါတို့အတန်းနားမှာ အနီးဆုံးဆိုလို့ အမှိုက်ပုံပဲ ရှိတယ်၊ ကြိုက်ပုံလေးကရော အမှိုက်ပုံလို့ ဆိုလိုတာ ဖြစ်နိုင်တာပဲ၊ ပြီးတော့ လေးထောင့်အရှည်ကြီးကို ကြည့်စမ်းပါဦး ...

အင်း ... အဲ့ဒါကဘာလဲ ...

အုတ်နံရံကို ပြောတာ မဖြစ်နိုင်ဘူးလား ... အုတ်နံရံပေါ်မှာ ပုံတစ်ပုံတွေ့တယ်။ ပြီးတော့ အောက်ဖက်တည့်တည့်မှာ ခရေပွင့်ပုံတွေ့တယ် ဆိုတော့ ...

အဲ့ဒီပုံရဲ့အောက် မြေကြီးထဲမှာ တစ်ခုခု ရှိရမယ်ကွ ...



www.burmeseclassic.com


www.burmeseclassic.com

S M T W T F S
Date / /

မင်း … ဟာက ဟုတ်ပါ့မလား။ စိတ်ကူးယဉ်ဆန်
လွန်းတယ်နော် …
ငါ့အမေနဲ့ သူ့သူငယ်ချင်းတစ်ယောက်နဲ့ စကား
ပြောတာကြားဖူးတယ်။ ကလေးတွေက
စိတ်ကူးယဉ်ဆန်တယ်တဲ့ …

အာ … အရေးထဲမှာ အောင်ဘာကို ဘာပြန်ပြောရမှန်း မသိဖြစ်သွားရတယ်၊ ဒါပေမယ့် အောင်ဘာကတော့ ဟုတ်သည့်ဖြစ်စေ၊ မဟုတ်သည့်ဖြစ်စေ၊ မနက်ဖြန်သွားကြည့်မယ်ဆိုပြီး သဘောတူလိုက်တယ်။

<u>သောကြာနေ့</u>



အမှိုက်ပုံနား တိုးသွားလိုက်တယ်။ ဒီနားမှာက ကစားတဲ့လူ သိပ်မရှိတော့ သူတို့နှစ်ယောက်ပဲ ဖြစ်နေတယ်။



S M T W T F S
Date / /

အမှိုက်ပုံနောက်က အုတ်တံတိုင်းကိုလဲ လှမ်းမြင်နေရတယ်၊ အောင်ဘာက "မင်းပြောတာ ဖြစ်နိုင်တယ်" ဆိုပြီး တိုးတိုးလေး ကပ်ပြောတယ်။

အမှိုက်ပုံက အနံ့ကြောင့် အောင်ဘာနဲ့ သားက လက်ကိုင်ပုဝါ ထုတ်ပြီး နှာခေါင်းစည်းလိုက်ကြတယ်။

သားတို့ပုံစံက ရုပ်ရှင်ထဲက ဓားပြတွေနဲ့ တူသွားတယ်။



အုတ်နံရံပေါ်မှာ အောင်ဘာတစ်ခြမ်း သားတစ်ခြမ်း ရှာဖို့ အလျှင်အမြန် ဆုံးဖြတ်လိုက်ကြတယ်။

လိုက်ရှာကြတယ်။ မတွေ့ဘူး။ ဖုန်တွေ၊ ဗွီးတွေ၊ ခြစ်ရာတွေနဲ့ ရှုပ်ယှက်ခတ်နေတယ်။

အောင်ဘာက "မတွေ့ဘူး" လို့ ပြောတယ်။ သားက ဆက်ရှာနေတာကြောင့် အောင်ဘာကလည်း ဘာမှ ပြန်မပြောတော့ပဲ ဆက်ရှာနေတယ်။

နေက ပူနေတော့ ချွေးက ပြန်လာတယ်။

အနောက်ကိုလည်း မကြာခဏ လှည့်ကြည့်ရသေးတယ်၊



www.burmeseclassic.com


www.burmeseclassic.com

ဆရာမတွေများ တွေ့သွားမလား ဆိုပြီးတော့ပေါ့။

ဟင်...။

ခုနက ကျော်သွားတဲ့ အရာကို ပြန်ကြည့်လိုက်တယ်။

မှုန်မှုန်ဝါးဝါးနဲ့ သိပ်မမြင်ရဘူး။ လက်နဲ့တစ်ချက် ပွတ်လိုက်တယ်။ မှုန်တစ်ချို့ ပျောက်သွားပြီး စာနဲ့ ခြစ်ထားတဲ့ ရုပ်ပုံတစ်ခုပေါ်လာတယ်။



ဟော့ကောင်တွေ မင်းတို့ ဘာလုပ်နေတာလဲ ...

ရုတ်တရက် အော်လိုက်တဲ့ အသံကြောင့် အောင်ဘုနဲ့ သားမှာ လန့်သွားပြီး နှာခေါင်းစည်းများကို ခပ်မြန်မြန် ဆွဲချလိုက်ရတယ်။

သော်ရှည်နဲ့ သူ့အဖွဲ့...။





သားနဲ့ အောင်ဘု ကြောင်တောင်တောင် ဖြစ်သွားကြတယ်။ သော်ရှည်တလည်း သားတို့နှစ်ယောက်ကို မသင်္ကာသလို ကြည့်နေတာကြောင့် မိုးပြီးလည်း တင်းသွားတယ်။

မင်းတို့ ဘာလုပ်နေတာလဲ ...

ငါတို့ဘာသာ ငါတို့ ဘာလုပ်လုပ်ပေါ့ ...

ဟ... ငါက အတန်းခေါင်းဆောင်လေ မင်းတို့ မဟုတ်တာလုပ်ရင် ဆရာမကို တိုင်ရမှာပဲ ...

ဆရာမဆိုတော့ နည်းနည်းကြောက်သွားတယ်။ မီနေရာမှာ လည်း အောင်ဘုက တော်သွားပြန်ရော။

ငါ့ခဲတံ အမှိုက်လာပစ်တဲ့ အထဲပါသွားလို့ လာရှာတာ

ဟုတ်လို့လား ...

မယုံရင် မင်းတို့လည်း လာရှာကြည့်ပါလား ...

အမှိုက်ပုံက အနံ့ကြောင့် ခပ်ဝေးဝေးက လှမ်းအော်နေတဲ့ သော်ရှည်တို့မှာ မှိုပျောက်သွားကြတယ်။

အဲဒီအချိန်မှာပဲ မှန်စားကျောင်းတက်တဲ့ ခေါင်းလောင်း ထိုးသွားတယ်။ တူး... ကံကောင်းသွားတာပေါ့။

ဂလောင် ... ဂလောင် ... ဂလောင် ...



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

S M T W T F S
Date: / /

**စနေနေ့**

ဒီနေ့ကျောင်းပိတ်တယ်။ ဒါကြောင့် မနက်စောစော ထတယ်။ နောက်ပြီး အမေရဲ့ ဖျော်လာကစ် ကော်ဖီနဲ့ မုန့်ကို ယူစားကာ အပေါ်ထပ် ဝရန်တာကို ပြေးတက်လိုက်တယ်။

အမေကတော့ "ဒီကလေး ဘယ်လိုဖြစ်နေတာလဲ" ဆိုပြီး ပွစိပွစိနဲ့ ကျန်ခဲ့တယ်။ ဝရန်တာပေါ်မှာ မတ်တတ်ရပ်ပြီး ဟိုကြည့်ဒီကြည့် ကြည့်လိုက်တော့။

သားစောင့်နေတဲ့ သူ မလာသေးဘူး ...။


ဒါကြောင့် သေနတ်ကို ဟိုချိန်ဒီချိန် လုပ်ရင်း လိုက် နေလိုက်တယ်။

ခဏကြာတော့ -

ကားသံတစ်သံကို ဆူဆူညံညံနဲ့ ကြားလိုက်ရတယ်။

ဝမ်းသာအားရ ဖြစ်သွားပြီး သေနတ်ကို ချကာ ဝရန်တာ လှမ်းကြည့်လိုက်တယ်။ ပျော်သွားတယ်။

အမှိုက်ကားတစ်စီး လမ်းထဲ ဝင်လာတာကို တွေ့လိုက်တာကြောင့်ပါ။





S M T W T F S
Date: / /

ထုံးစံအတိုင်း ဘောက်ထင်ကို ဆင်းပြီး အိမ်ရှေ့က ဖြတ်တော့ အဖေက သတင်းစာ ဖတ်နေတယ်။



အမှိုက်ကားဆီ ပြေးရတယ်။ အမှိုက်ကား ဦးလေးကြီးက သားကို မှတ်မိပုံရတယ်။ မင်း ဘာလာလုပ်ပြန်ပြီလဲ တဲ့။ အကူအညီ တောင်းရမှာမို့ ဖားတဲ့အနေနဲ့ သကြားလုံးတစ်လုံး အရင်ကျွေး လိုက်တယ်။

သူကလည်း ယူစားတာပဲ။ ပြီးတော့မှ ကဲ... ဘာတဲ့လဲ တဲ့။

ဟို... အကူအညီတောင်းချင်လို့ ...

အေး ... သိပါတယ်။ ပြော...။ စာအုပ်ပျောက် ပြန်ပြီလား ...

ဟို ...

ဒီတစ်ခါက ရှင်းပြရမှာ ရှည်တာကြောင့် ဘယ်လို စပြောရမှန်း မသိဘူး။ ဦးလေးကြီးကတော့ အမှိုက်ထည့်နေတဲ့ လူတွေကို တစ်ချက် ကြည့်ပြီး သားကို ပြန်ကြည့်တယ်။

စာအုပ်ပျောက်တာ အရင်အမှိုက်ပုံနားပဲလားကွ ...



www.burmeseclassic.com

www.burmeseclassic.com

S M T W T F S
Date / /

သားမပြောလို့ သူက စပြောတယ်။

အမှိုက်ပုံတော့ အမှိုက်ပုံနားပဲ... ဒါပေမယ့်
အရင်စာအုပ်လိုတော့ ကျပျောက်တာ မဟုတ်ဘူး...

ဒါဆို ဘယ်လို ပျောက်တာလဲ ...

သား သူငယ်ချင်းတွေက သားရဲ့ပစ္စည်းတွေကို
အဲ့ဒီ အမှိုက်ပုံနားမှာ တွင်းတူးပြီး မြှုပ်ထားတာ ...

ဘာ ...

လူကြီးအော်သံကြောင့် လန့်သွားတယ်။ သားကို အော်တာ မဟုတ်ပါဘူး။

မင်း သူငယ်ချင်းတွေက အဲ့ဒီလောက် ဆိုးလား ...

အင်း ...

ရောသောဖောသော အင်း လိုက်တယ်။ လူကြီးက သားကို သနားသွားပုံရတယ်။

ပြီးရင်... ငါက မင်းတို့ ကျောင်းကို သွားမှာ ...
ငါယူခဲ့မယ် ...

ဟို ... ဘယ်နေရာကို တူးရမှာလဲ ဆိုတာ
ပြော ...ပြောလိုက်မယ် ...



S M T W T F S
Date / /

စာအုပ်လေးပုံရှိတဲ့ အောက်ကို တူးရမှာ ဖြစ်ကြောင်း၊ သိပ်တူးရမယ် မဟုတ်ကြောင်း၊ သား တူးပါက ဆရာမတွေက ဆော့နေတယ်လို့ ထင်မှာစိုးတာကြောင့် မတူးရဲကြောင်း ပြောပြလိုက်တယ်။

လူကြီးက သနားသွားပြီး သား ခေါင်းကို တစ်ချက်ပုတ်တယ်။
"အိမ်ထဲမှာ သွားစောင့်နေ၊ ထုံးစံအတိုင်း သစ်ပင်နားမှာချထားပေးခဲ့မယ်" ဆိုပြီး ပြောတယ်။

သားလည်း လူကြီး အကူအညီ ရပြီးပြီးချင်း အိမ်ကို တန်းပြီး ပြေးရတယ်။ နို့မို့ဆို အမေ့လက်က လွတ်မှာ မဟုတ်ဘူး။

အိမ်ထဲရောက်တော့ ဘယ်လိုမှနေလို့ မရတော့ဘူး။ ဟိုနားကို လမ်းလျှောက်ချင်သလိုလို ဒီနားကို လမ်းလျှောက်ချင်သလိုလို ဖြစ်နေတယ်။

ပျော်သလိုလို စိတ်ကြီးဝင် နေသလိုလည်း ဖြစ်နေတယ်။ အမေ့ သားနားကို ကပ်ထိုင်လိုက်ပြီး –

အမေ ... ဒီနေ့ ဘာသတင်းထူးလဲ ...

ဆိုပြီး ကိုယ်နဲ့ မဆိုင်တာတွေ မေးနေလိုက်တယ်။ အမေကတော့ ဘာမှ မသိရှာဘူး ပြုံးရွှင်ပြတယ်။

သတင်းတွေကလည်း ပျင်းဖို့ ကောင်းလိုက်တာ။ ကြာတော့ နားထောင်ရင်းနဲ့ အိပ်ပျော်သွားတယ်။

..................................................

..................................................

..................................................



www.burmeseclassic.com

www.burmeseclassic.com

ဒင်…ဒင်…ဒင်…

အိပ်ယာက လန့်နိုးသွားတယ်။ ကြည့်လိုက်တော့ အခန်းထဲက ကုတင်ပေါ် ရောက်နေတယ်။ ဘယ်လိုလုပ် ရောက်နေတာပါလိမ့်။ ပြော်… သိပြီ။ သားအိပ်ပျော်နေလို့ အမေက အခန်းထဲကို ပွေ့ချီပြီး ပို့ထားတာ ထင်တယ်။

နာရီသံကြောင့် နာရီကို ကြည့်လိုက်တယ်။

ဟင်…။

ည… ၈ နာရီတောင် ရှိနေပြီ…။

အချိန်တော်တော်ကြာထိ အိပ်ပျော်သွားတာပဲ။

ရုတ်တရက်ဆိုသလို အမိုက်ကားက လူကြီးကို သတိရလိုက်တာ…။

အိပ်ယာက ကမန်းကတန်း ထ…။ အိမ်အောက်ထပ်ကို ပြေးဆင်းတယ်။

အောက်ထပ်မှာ အမေက တီဗွီကြည့်နေတယ်။

ဒါဆို အိမ်အပြင်ကို ဘယ်လိုမှ ထွက်လို့ရမှာ မဟုတ်ဘူး။ အဲ့ဒါကြောင့် ဝရန်တာပေါ်ကို ပြန်တက်တယ်။

ညမှောင်မှောင် လမ်းမီးတိုင် အောက်မှာ ရှိတဲ့ သစ်ပင်ကို လှမ်းမြင်ရတယ်။

မှန်ပြီးပါး ဖြစ်နေတယ်။ ဝရန်တာမှာ ရှိတဲ့ အရုပ်တွေကြားထဲ မွှေနှောက်ကြည့်ကာ ကစားစရာ တစ်ခုကို ဆွဲထုတ်လိုက်တယ်။

မှန်ဘီလူးတစ်လက် ပါလာတယ်။ မျက်လုံးမှာ တေ့ပြီး ကြည့်တော့ သစ်ပင်ခြေရင်းမှာ အထုပ်တစ်ထုပ် တွေ့ရတယ်။



သေချာပြီ။ ဟိုလူကြီး ထားသွားတာပဲ ဖြစ်မယ်။ ဘယ်လို ယူရမလဲ။

စဉ်းစားတဲ့ အိုက်တင်ကို ချက်ချင်း ယူလိုက်တယ်။



အကြံရသွားပြီ…။

……………………………………………

……………………………………………

……………………………………………

……………………………………………

……………………………………………



www.burmeseclassic.com

www.burmeseclassic.com





အပေါ်ကနေ အိတ်ကြီးတိုင်ပြီး ဆင်းလာတာကို ကြည့်ပြီး အမေ
ဗုံ့ပြဲနေမှာပဲ။

မနိုင်တနိုင်နဲ့ ဆွဲရတယ်။ အိတ်က ထင်တာထက် ပိုလေးနေတယ်။
ထင်တဲ့အတိုင်းပဲ အမေက မေးတယ်။

ဟဲ့ ... ဒါက ဘာကြီးလဲ ...

အမှိုက်အိတ်ပါ။ သားအခန်း ရှင်းနေလို့ ...

မယုံသလိုလို ကြည့်တယ်။ တစ်ခါမှ ကိုယ့်အခန်းကိုယ် မရှင်းဖူးတာ။

ဒါပေမယ့် အမေက တီဗွီကို စိတ်ဝင်စားနေလို့ သိပ်မစဉ်းစားပဲ
မျက်နှာလွှဲသွားတယ်။

တံခါးကို ခပ်မြန်မြန်ဖွင့်၊ တစ်ဖက်ကလည်း အိတ်ကို ဆွဲကိုင်
ရှိနေတာပဲ။ ခဏကြာတော့ အိမ်အပြင်ရောက်သွားတယ်။ လက်ထဲက
အိတ်ကို ပစ်ချပြီး သစ်ပင်ကြီးဆီ ပြေးတော့တာပဲ။

ပတ်ဝန်းကျင်မှာ ဘယ်သူမှ မရှိဘူး။ တိတ်ဆိတ်နေတယ်
ကြောက်ဖို့ ကောင်းလိုက်တာ။





ဒါပေမယ့်လည်း မကြောက်အားပါဘူး။ သစ်ပင်အောက်က
အရာကိုပဲ စိတ်ဝင်စားနေတယ်။

ဟော...ရောက်ပြီ။

အထုပ်ကလေးတစ်ထုပ် တွေ့ရတယ်။

ဘာလဲလို့ မကြည့်အားဘူး။ ခပ်မြန်မြန်ယူပြီး အိမ်ဘက်ကို ပြန်ပြေးရတယ်။

ခုနက ချထားတဲ့ အမှိုက်ထုပ်ကို အမှိုက်ပုံးထဲ ခပ်မြန်မြန်
ပစ်ထည့်၊ သစ်ပင်အောက်က ယူလာတဲ့ အထုပ်ကို အကျႌအောက်ထဲ
ထည့်ကာ အိမ်ထဲကို ခပ်တည်တည်နဲ့ ပြန်ဝင်လိုက်တယ်။

အမေက တီဗွီကနေ မျက်နှာလွှဲပြီး တစ်ချက်ကြည့်တယ်။
သားကလည်း ဣန္ဒြေမပျက်ပါဘူး။

အိမ်အပေါ်ထပ်က အခန်းထဲကို လက်ပိုက်ပြီး ပြေးတက်သွား
လိုက်တယ်။



အိတ်က ရေလုံတဲ့ အိတ်အမျိုးအစား ဖြစ်ပုံရတယ်။ သေချာသိ
လို့တော့ မဟုတ်ဘူး။ အမေက သားစာအုပ်တွေကို ကျောပိုးအိတ်ထဲ
မထည့်ခင် တစ်ထပ်ထည့်ပေးတဲ့ အိတ်နဲ့ တူနေလို့ပါ။

အိတ်ကို ဖောက်လိုက်တယ်။

အိတ်ထဲက အရာများကို တစ်ခုချင်းစီ ဆွဲထုတ်ပြီး ကုတင်ပေါ်ကို
တင်လိုက်တယ်။

www.burmeseclassic.com

ပစ္စည်းများကို ဆွဲထုတ်ရင်းနဲ့ စိတ်ထဲတွင် တစ်ခုခုတော့ တစ်ခုခုပဲလို့ ခံစားနေရတယ်။

အိတ်ထဲက ပစ္စည်းတွေ ကုန်သွားပြီ။ ကုတင်ပေါ်က တင်ထားတဲ့ပစ္စည်းတွေကို တစ်ချွင်းစီ ကြည့်မိတယ်။




ဒိုင်ယာရီစာအုပ်

စာအုပ်ပါပဲ။ ဒါပေမယ့် ကျောင်းစာအုပ် ဖြစ်ပုံ မရဘူး။ သူလည်း သားလိုပဲ ဒိုင်ယာရီ ရေးပုံရတယ်။

နောက်တစ်ခုကတော့ ဓာတ်ပုံတစ်ပုံ...။

သူတို့မိသားစုဓာတ်ပုံ ဖြစ်ဖို့များတယ်။





နောက်တစ်ခုကတော့ စာတစ်စောင်...။

နောက်တစ်ခုကတော့ အိတ်ကလေး တစ်ခုဖြစ်တယ်။ ဖွင့်ကြည့်လိုက်တော့ အထဲမှာ စာရွက်အထပ်လိုက်ကြီး တွေ့ရတယ်။

အိတ်ထဲက စာရွက်များကို ကုတင်ပေါ် ချလိုက်တယ်။

ဟင် ...

အဖေနဲ့ အမေတို့ လုပ်ကိုင်နေကျ ပုံစံဖြစ်တဲ့ စာ... စာချုပ် အမြောက်အများကို တွေ့လိုက်ရတယ်။

မဖြစ်ဘူး။ မဖြစ်ဘူး။ ဘောင်ဘာ့ကို မနက်ဖြန် ပြောမှ ဖြစ်မယ်။

**တနင်္ဂနွေနေ့**

မနက်မိုးလင်းလို့ နံနက်စာ စားပြီးတာနဲ့ အိမ်ရဲ့ အရိပ်အခြေ ကြည့်နေရတယ်။ အခြေအနေကောင်းရင် ဘောင်ဘာ့ဆီ သွားဖို့ ပြောရမယ်။

အမေကတော့ ဧည့်ခန်းမှာ ဧည့်သည်တစ်ယောက်နဲ့ စကားပြောနေတယ်။ အဲဒီနားကို သွားပြီး ရစ်သီရစ်သီ လုပ်နေလို့လည်း အမေက ဘောင်ဘာ့ဆီ သွားခွင့်ပေးမှာ မဟုတ်ပါဘူး။

အမေကသာ အဓိက။ ဒါပေမယ့် အမေက မအားသေးဘူး။ ဒါနဲ့ အဖေတို့ စကားပြောတဲ့ နေရာနဲ့ ခပ်လှမ်းလှမ်းမှာ ထိုင်နေလိုက်တယ်။

အမေကတော့ ဧည့်သည်နဲ့ စကားပြောနေလေရဲ့။ နားငြီးပြီး ပျင်းစရာလည်း ကောင်းတယ်။

ခင်ဗျား အခုရေးနေတဲ့ သတင်းက မှန်ရောမှန်ရဲ့လား



www.burmeseclassic.com

www.burmeseclassic.com

S M T W T F S
Date: / /

အဖေက မေးလိုက်တာပါ။

မှန်တယ်ဗျ၊ သတင်းက အတိအကျပဲ၊ ရေးတောင်ပြီးနေပြီ ...

အင်း ... ခင်ဗျာတို့ အလုပ်ကလည်း မလွယ်ဘူးနော်

အဲဒီလိုပဲ ပြောရမှာပေါ့ဗျာ ...

ပြောရင်းနဲ့ အဖေရဲ့ သူငယ်ချင်းက သတင်းစာတစ်ခုရဲ့ သတင်းထောက်ဆိုတာ သိလာရတယ်။

တော်တော်လေး စိတ်ဝင်စားသွားတယ်။

အဖေခေါ်နေတဲ့ အသံကိုကြည့်ခြင်းအားဖြင့် ထိုလူကြီးနာမည်က ဦးလှဝင်း ဖြစ်ပုံရတယ်။

အဖေတို့ စကားပြောနေတဲ့ နေရာဆီ ပြေးသွားလိုက်တယ်။ "အဖေ" "အဖေ"နဲ့ ခွဲရတာပေါ့။ လူရှေ့သူရှေ့ဆိုတော့ အဖေက အဲဒီ ဦးလှဝင်းဆိုတဲ့ သူကို မိတ်ဆက်ပေးတော့ သားလေး ဆိုပြီး ပြောတယ်။

ဦးလှဝင်းကလည်း ခေါင်းတဆတ်ဆတ်ငြိမ့်ပြီး ညှိုသည့်တွေ ပြောနေကျအတိုင်း "အဖေတူ သားလေး" လို့ ပြောပါလေရော။

သားလည်း ပွင့်ပွင့်တူနိုး မှုန်ဖိုးလေး တစ်တောင်းရတယ်။ ညှိုသည့်ရှေ့မှာဆိုတော့ အဖေက ထုတ်ပေးရှာပါတယ်။ အဟင်း... တင်း၊

တစ်ဆက်တည်း အောင်ဘုတို့အိမ် သွားတော့ချင်တယ်ဆိုပြီး ခွင့်တောင်းတယ်။



S M T W T F S
Date: / /

ညှိုသည့်ရှေ့မှာဆိုတော့ မင်းအဖေ သွားပြောဆိုပြီး ပြောလို့ကလည်း မဖြစ်ပြန်။

သူသိကွာကျမှိုင်တယ်လေ။ ဒီတော့ "အေး..." ဆိုပြီး အံကြိတ်ကြိတ်နဲ့ ခွင့်ပြုတယ်။

သားကလည်း ဘာပဲဖြစ်ဖြစ် ခွင့်ပြုရင်ပြီးရောဆိုပြီး အောင်ဘုအိမ် ပြေးတော့တာပဲ ...။

အောင်ဘုအိမ်ရောက်တော့ အောင်ဘုကို ခြံထဲခေါ်ပြီး မနေ့က အကြောင်းကို ပြောပြရတယ်။

အောင်ဘု စဉ်းစားနေပုံက သိပ်ပြီး အိုက်တင်မပါဘူး။ ထားလိုက်ပါလေ။ ဒီလိုနဲ့ သူက အကြောင်းကို ဆွေးနွေးပြန်ရော။

အဲဒီမှာ အောင်ဘုက ဒိတ်ို့ ဒီအကြောင်းကို နာမည် တစ်ခုပေးရအောင် ဆိုပြီး အဆိုတင်သွင်းတယ်။

သားကလည်း သဘောတူတယ်။ ဒါနဲ့ စဉ်းစားလိုက်ကြတာ နောက်ဆုံး "သူက တယ်ဆယ်ရေး" ဆိုပြီး နာမည်ပေးလိုက်ကြတယ်။

သူတအတွက် ဖြစ်ရပ်မှန်ဖြစ်လို့ တယ်ဆယ်ရေးဆိုတဲ့ သဘော ဆိုပြီးတော့ပေါ့။

အဲဒီလိုနဲ့ သူက တယ်ဆယ်ရေးကို စဆွေးနွေးတယ်။ သားနဲ့ အောင်ဘု ဆွေးနွေးတဲ့ အကြောင်းတွေကို အသေးစိတ် မှတ်ထားတယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com

S M T W T F S
Date : / /

## သူတာ တယ်ဆယ်ရေး ဆွေးနွေးချက်

(၁) တွေ့ရှိချက်များအရ သူတတော တစ်စုံတစ်ခုကြောင့် သေဆုံးရတာ ဖြစ်မယ်။

(၂) အဲဒီအကြောင်းတွေကို ကျောင်းအုပ်ကြီးအား ပြောပြပါက ယုံမည် မဟုတ်တာကြောင့် မပြောပြသင့်ကြောင်း ဆုံးဖြတ်။

(၃) အတန်းပိုင်ဆရာမကို ပြောရင်လည်း မဖြစ်ပြန် ... ။

(၄) အောင်ဘု အမေရော ... ။ သူလည်းမဖြစ်။ သူက တစ်ခုခုတို့ ဖုံးကွယ်ထားတယ်လို့ သားနဲ့ အောင်ဘုကယူဆထား ... ။

(၅) သားတို့ရဲ့ အဖေနှင့် အမေအား ပြောပြပါက "ကလေးစကား ယုံမည် မဟုတ်" ဟု ဆိုပြီး အောင်ဘုက ပယ်ချ...။


(၆) နောက်ဆုံးတွင် "သားတို့စကားကိုလည်း ယုံကြည်ပြီး ယခုကိစ္စအား ထိရောက်အောင် ဆောင်ရွက်နိုင်သူကို အကူအညီတောင်းရန်" ဆုံးဖြတ်။

အောင်ဘုက ဂိမ်းဆော့မယ်ဆိုပြီး အိမ်ထဲ ပြန်ဝင် ...။ သားလည်း ကစားချင်နေတာနဲ့ အောင်ဘုနဲ့ လိုက်ကစားတယ်။

အောင်ဘုအဖေကလည်း သားအဖေလိုပဲ အေးအေးဆေးဆေးပါ။ သတင်းစာပဲ ဖတ်......။



S M T W T F S
Date : / /



သားက ဂိမ်းစက်ကို အလန့်တကြားနဲ့ ပစ်ချတော့ အောင်ဘုက လန့်သွားပြီး–

ဘာ ... ဘာဖြစ်တာလဲကွ ...

ငါ ... ဒီမလာခင် ငါ့အဖေ မိတ်ဆွေတစ်ယောက်နဲ့ တွေ့ခဲ့တယ်ကွ ...

အဲ့ဒါနဲ့ ငါ့ဂိမ်းစက်ကို ပစ်ချလိုက်ရောလား ...

မဟုတ်ဘူးကွ အဲ့ဒီလူကြီးက သတင်းထောက်ကွ၊ သူက ငါတို့ကို ကူညီနိုင်မယ်လို့ ထင်တယ် ...

မင်းဟာက သေချာလို့လား ...

အဲ့ဒီ ဦးလေးကြီးက သတင်းဆိုရင် အရမ်းလိုချင်တာတဲ့ ... အဖေက ပြောဖူးတယ် ...

အောင်ဘုလည်း သူ့ဂိမ်းစက်ကို ပစ်ချလိုက်ပြီး သားစကားကို စိတ်ပါလာတော့တယ်။



www.burmeseclassic.com


www.burmeseclassic.com

S M T W T F S
Date .      /      /

တနင်္လာနေ့

ကျောင်းဆင်းတော့ ဦးလှဝင်း အိမ်ကို တံခါးသွားခေါက်ကြတယ်။ ကလေးတွေဆိုပြီး ယုံမှ ယုံပါ့မလား ဆိုပြီး ရင်တထိတ်ထိတ်နဲ့။

တံခါးပွင့်သွားတော့ ဦးလှဝင်း ထွက်လာတယ်။



အလှုပ်မသွားပဲ အိမ်နေပုံ ပေါက်တယ်။ အိမ်ချိမ်မူးတူနဲ့။ သာနဲ့ အောင်ဘုတို့ တွေ့လိုက်တော့ မျက်လုံးကြီး ပွတ်ပြီး –

ဟာ ... ဘယ်သူတွေလဲဟ ...

လို့ ဆိုတယ်။

သားတို့တလည်း ကလေးပီပီ သူ့ထက်အရင် သူ့အိမ်ထဲကို စွတ်စွတ်ဝင်လိုက်ကြတယ်။

ဒီနဲ့ ... ဒီနဲ့ ... ဒီနဲ့ ... ဆိုပြီးတော့ပေါ့ ... ။


ဦးလှဝင်းတလည်း အူကြောင်ကြောင် ဖြစ်နေပုံရတယ်။

မင်း ... ဦးတင်ထွန်းရဲ့ သား မဟုတ်လား ...



S M T W T F S
Date      /      /

ဦးတင်ထွန်းဆိုတာ သားအဖေပါ။ သားက ခေါင်းငြိမ့်ပြလိုက်ပြီး ဧည့်သည်ထိုင်တဲ့ ထိုင်ခုံမှာ စွပ်ကနဲ ဝင်ထိုင်လိုက်တယ်။



ဦးလှဝင်းတလည်း ဘာမှ ထပ်မပြောတော့ပဲ ခုံတစ်ခုံမှာ ဝင်ထိုင်လိုက်ပြီး –

ကဲ ... ပြောပါဦး ဘာကိစ္စလဲ ...

သတင်းပေးချင်လို့ ...

ဟြော် ... သတင်းပေးချင်လို့လား။ ဘာသတင်း များတုန်း ...

ဦးလှဝင်း မျက်နှာက ရယ်ချင်နေပုံရတယ်။ သားနဲ့ အောင်ဘုက လည်း အဲ့ဒါကို မကြိုက်တာ။

ကလေးစကားဆိုရင် အရူးစကားနဲ့ တန်းတူထားတတ်တယ်။ သိပ်စိတ်ညစ်တာပဲ။

ဒီတော့ သားက ဘာမှ ပြန်မပြောသေးပဲ သားလွယ်အိတ်ထဲက သုတနဲ့ ဆိုင်တဲ့ ပစ္စည်း (သို့) သုတထားခဲ့တဲ့ ပစ္စည်းများကို ထုတ်လိုက်ရင်း–



www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့တဲ့ နှစ်တုန်းက သုတ ဆိုတဲ့ ကျောင်းသားလေး ကျောင်းခန်းထဲမှာ လဲကျတဲ့ သတင်း ဦးမှတ်မိလား ...

အင်း ... မှတ်မိတာပေါ့။ နာမည်ကြီးပဲ၊ ဦးတောင် သတင်းလိုက်ရသေးတယ်၊ ကလေးက သနားပါတယ်၊ နှလုံးရောဂါနဲ့သေတာ ...

မဟုတ်ဘူး ...

ဟင် ... ဘာ ... ဘာဖြစ်လို့လဲ ...

သုတက အသတ်ခံရတာ ...

ဟေ ...

ဦးလှဝင်း အံ့သြသွားတယ်။ မျက်မှောင်ကြီးလည်း ကျုံ့တယ်။ ကလေးတွေ ပေါက်ကရ လျှောက်ပြောနေတယ်ပေါ့ ဆိုတဲ့ အိုက်တင်နဲ့ပါ။

ဒါနဲ့ သုတ ထားရစ်ခဲ့တဲ့ ပစ္စည်းများကို ရှေ့တိုးပေးလိုက်ကာ-

ဒါ ... သုတ မြေမြှုပ်ထားခဲ့တဲ့ ပစ္စည်းတွေပါ ... သားတို့က ဖော်ပြီးပြီ ...

ဆိုပြီး သုတနဲ့ ပတ်သက်တဲ့ အစအဆုံး အသေးစိတ်ကို ပြောပြလိုက်ရတယ်။

သားတို့ စကားကို နားထောင်ပြီး ဦးလှဝင်း မျက်လုံးပြူးပြူး နေတာပေါ့။

စိတ်လှုပ်ရှားလို့ ထလိုက် ထိုင်လိုက်လည်း လုပ်နေတယ်။



သုတရဲ့ စာရွက်စာတမ်းတွေကိုလည်း ကိုင်ကြည့်နေသေးရဲ့။

**အင်္ဂါနေ့**

ကျောင်းရောက်တော့ ကျောင်းက လူတွေ ဒီနေ့မှ ထူးခြားနေတယ်လို့ ခံစားရတယ်။

သားနဲ့ အောင်ဘုကို ကြည့်လိုက်...။ တီးတိုး တီးတိုးနဲ့ ပြောလိုက်လုပ်နေကြတယ်။

ဘာတွေလဲ တ...။

အဲဒီအချိန်မှာပဲ ကျောင်းစောင့်ကြီးက သားတို့ဆီ ပြေးလာတယ်။

ဟေ့ကောင်တွေ မင်းတို့တော့ ဒုက္ခပဲ ...

ဘာ... ဘာဖြစ်လို့လဲ ...

မင်းတို့နှစ်ယောက်ကို ကျောင်းအုပ်ကြီးနဲ့ မင်းတို့ရဲ့ အတန်းပိုင်ဆရာမက တော်တော်ဒေါသ ထွက်နေတယ် ...

ဗျာ ... သားတို့က ဘာလုပ်လို့လဲ ...

ဒီမှာကြည့် ဒီနေ့ သတင်းစာထဲမှာ မင်းတို့နဲ့ ပတ်သက်တဲ့ သတင်းပါတယ် ...

ဟင် ...

ကျောင်းစောင့်ကြီးဆီက သတင်းစာကို ဖျတ်ခနဲ ဆွဲယူလိုက်တယ်။ သတင်းက မျက်နှာဖုံးရှေ့မှာ ပြူးနေတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



**လွန်ခဲ့တဲ့ တစ်နှစ်ကျော်လောက်က ကျောင်းတစ်ကျောင်း၌ လဲကျသေဆုံးသွားသော ကျောင်းသားလေး အကြောင်းကို ကျောင်းသားနှစ်ဦးက လိုက်လံစုံစမ်း**

.... မြို့ ..... လ၊ ..... ရက်

လွန်ခဲ့တဲ့ တစ်နှစ်ကျော်လောက်က "နှလုံးရောဂါဖြင့် လဲကျသေဆုံး" ခဲ့သည်ဟု ဆုံးဖြတ်ခဲ့သည့် အမှုတစ်မှုအား ကလေးငယ် နှစ်ဦးက လိုက်လံစုံစမ်းခဲ့သည်ဟု သတင်းရရှိပါသည်။

ယခင် အမှုအား ပြန်လည်ဖော်ပြရလျှင် လွန်ခဲ့တဲ့ တစ်နှစ်ကျော်လောက်က သတင်းစာများတွင် ဟိုးလေးတစ်ကျော် ဖြစ်ခဲ့သော ကျောင်းတစ်ကျောင်း၌ ကလေးတစ်ယောက် စာသင်နေရင်း လဲကျသေဆုံးခဲ့သည့် အမှု ဖြစ်ပါသည်။

ကလေးအမေမှာ သူ့သား၌ နှလုံးရောဂါအခံ ရှိသည်ဟု ဆရာမအား သတိပေးထားသော်လည်း ဆရာမမှာ သတိမမူပဲ ကလေးအား အတင်းအကျပ် စာမေးခဲ့သည့်အတွက် "ကလေးမှာ ထိတ်လန့်ပြီး လဲကျသေဆုံးခဲ့သည်"ဟု စွပ်စွဲကာ တိုင်ကြားခဲ့ပါသည်။

လူအများ လွန်စွာစိတ်ဝင်စားခဲ့သောအမှု ဖြစ်ပါသည်။ ဖြစ်ပေါ်ခဲ့သော ကျောင်းမှာလည်း လွန်စွာ နာမည်ကြီးသော ကျောင်းဖြစ်သည့်အတွက် မိဘများအနေနှင့် စိတ်ဝင်စားခဲ့ကြခြင်းဖြစ်သည်။

ထိုအမှုကို အားလုံး မှတ်မိကြလိမ့်ဦးမည် ဖြစ်သည်။ နောက်ဆုံးတွင် တရားရုံးက ဆရာမတွင် အပြစ်မရှိ၊ "နှလုံးရောဂါကြောင့် သေဆုံးခြင်း" ဖြစ်သည်ဟု ဆိုကာ အမှုအား ပိတ်သိမ်းခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

S M T W T F S
Date / /

ယခုတွင် ထိုကျောင်းတွင် လက်ရှိတက်နေသော ကလေး နှစ်ယောက်က "ထိုအမှုမှာ နှလုံးရောဂါဖြင့် သေဆုံးရသည့် အမှုမဟုတ်ပဲ လူသတ်မှု ဖြစ်သည်ဟု ပြောဆိုခဲ့ပြီး သက်သေများလည်း ရှိနေပြီ"ဟု သတင်းစာသို့ ပြောကြားခဲ့ပါသည်။

ထို့ကြောင့် မိမိတို့ သတင်းစာမှ တရားလို ပြုလုပ်ကာ ထိုအမှုအား ရုံးပြန်တင်နိုင်ရန်အတွက် ပြုလုပ်နေပြီဖြစ်ကြောင်း နောက်ဆုံး သတင်းရရှိပါသည်။

..... သတင်းစ



S M T W T F S
Date / /

အောင်ဘုမျက်နှာမှာ တွန့်လှုပ်နေတယ်။ သူမပြောနဲ့ သားတောင် ငိုချင်လာတယ်။

ဒီလိုလုပ်မယ်လို့ ထင်မှ မထင်ထားတာ။ အမေတော့ ဆူတော့မှာပဲ၊ စိတ်ညစ်လိုက်တာ။

ပြောရင်း လက်က တုန်လာတယ်။ ကျောင်းဆောင်ကြီးက သားတို့နှစ်ယောက်လက်ကို ကိုင်လိုက်တယ်။

သားနဲ့ အောင်ဘုကလည်း အတင်းပြန်ရုန်းတယ်။


ဘာလုပ်မလို့လဲ ...

မင်းတို့ကို ကျောင်းအုပ်ကြီးက တွေ့တာနဲ့ ခေါ်ခဲ့ရမယ်ဆိုလို့ ...

လာ... သွားမယ်၊ မင်းတို့တွေ ကလေးလို နေတာ မဟုတ်ဘူး ... အလုပ်ရှုပ်လိုက်တာ ...

လူကြီးအားဆိုတော့ ပြန်မရုန်းနိုင်ပဲ သူနောက်ပါသွားရတယ်။ အောင်ဘုက မျက်ရည်ဝဲနေပြီ။ သူ့ပဲတော့ သားလည်း ငိုချင်လာတယ်။

အာရေးထဲ အခန်းရှေ့က ဖြတ်တော့ ဆောင်ရည်၊ ဖွင်းနိုင်နဲ့ စုပိုင်း အပါအဝင် တစ်တန်းလုံးက ငိုင်းကြည့်နေကြတယ်။


ရှက်လိုက်တာ။ လက်ခုပ်တီးတဲ့ တောင်က ရှိသေးတယ်။

အဲ့ဒီလို ယက်တန်ယက်တန်နဲ့ ကျောင်းအုပ်ကြီးရုံးခန်း ရောက်သွားရော...။



www.burmeseclassic.com

www.burmeseclassic.com



ရုံးခန်းထဲမှာ ဆရာမလည်း ရှိနေတယ်။ သွားပြီ။ ပြဿနာ ပိုကြီးပြီ…။ သူတို့နှစ်ယောက်လုံး မျက်နှာက ဒေါသထွက်နေကြတယ်၊ ဆရာကြီးရှေ့က ကြိမ်လုံးကြီးက နည်းတာ မဟုတ်ဘူး။

မင်းတို့ကို ငါဘာပြောထားလဲကွ … ဟေ …

ဆရာကြီးအသံက ဟိန်းထွက်လာတယ်။ အောင်ဘုက သေးတွေ ပေါက်ချလိုက်တယ်။





ဆရာကြီးက အောင်ဘုကို သေချာကြည့်ပြီး–

ဘာ အခုမှကြောက်ပြီး သေးပေါက်ချနေရတာလဲ … သွား… ဟိုဘက်မှာ အဝတ်တစ်ခုရှိတယ်၊ သေးတွေ ပြန်သုတ် …

အောင်ဘုမှာ အခန်းထောင့်ကို ကြောက်ကြောက်လန့်လန့် သွားပြီး အဝတ်စုတ်ယူကာ သူ့သေး သူပြန်သုတ်ရတယ်။



ပုံမှန်အချိန်ဆို သူ့ပုံစံကို ကြည့်ပြီး ရယ်မိမှာပဲ။ သားတောင် သေးမပေါက်ချမိအောင် ထိန်းထားရတာဆိုတော့ သူ့ကို မရယ်ရဲဘူး။

အောင်ဘု သုတ်ပြီးတဲ့ အထိ ဆရာကြီးက စောင့်နေတယ်။ ပြီးတော့မှ–

ဒီကိစ္စကို ဒီအတိုင်း ရှင်းလို့တော့ မရဘူး … မင်းတို့ မိဘတွေပါ ခေါ်တွေ့မှ ရမှာ …

ဗျာ … မ … မလုပ်ပါနဲ့ ဆရာကြီး …




www.burmeseclassic.com

www.burmeseclassic.com



မိဘခေါ်မယ်ဆိုတော့ သားနဲ့ အောင်ဘုက ဆရာကြီးကို အတင်းတောင်းပန်တယ်။ ထိုင်ကန်တော့ တောင်းပန်တဲ့ အထိပါပဲ။



မိဘတွေ သိပါက အိမ်က အခွင့်အရေးတွေ ဆုံးရှုံးနိုင်တယ်လေ။ ဆရာကြီးက ဘယ်လိုပြောပြော မရတော့ပါဘူး။ ဆရာမကို အားကိုးတကြီး ကြည့်ပြန်တော့လည်း ဆရာမကလည်း တော်တော်ကြီးကို စိတ်ဆိုးနေပုံ ရတယ်။

ဆရာကြီးက အပြင်မှာ ရပ်စောင့်နေတဲ့ ကျောင်းစောင့်ကြီးကို လှမ်းခေါ်လိုက်တယ်။

အောင်ဘုနဲ့ သားတို့ရဲ့ မိဘတွေကို အခုချက်ချင်း သွားခေါ်ခိုင်းတာပါ။ အဲ့ဒီအချိန်မှာ မိုးညှိုးသွားလိုက်တာ။ သေတောင် သေလိုက်ချင်တယ်။

မိဘတွေ သွားခေါ်နေတဲ့ အချိန်မှာပဲ ဆရာကြီးနဲ့ ဆရာမက ဒီကိစ္စကို ဘယ်လို လုပ်ကြမလဲ ဆိုပြီး တိုင်ပင်နေကြတယ်။

သားနဲ့ အောင်ဘုကို လှည့်ကြည့်ကြတော့ဘူး။ အားငယ်လိုက်တာ။ ထိုင်ချင်တာတောင် မထိုင်ရဲဘူး။

အောင်ဘုကို ကြည့်လိုက်တော့ ခေါင်းငိုက်စိုက်ချပြီး





စိတ်ဓာတ်ကျနေတယ်။

ဆရာမက ဒီကိစ္စကို ဘယ်လိုလုပ်ချင်လဲ ...

တရားရုံးကတော့ ဒီအမှုကို ပြန်ပြီး
လက်ခံမယ်ဆိုရင်တော့ ပြန်ပြီး ရင်ဆိုင်ရမှာပေါ့ ...

သတင်းစာက လူတွေကလည်း တလေးစကား
ကိုလည်း ယုံကြတာပဲနော် ...

သတင်းဖြစ် ပြီးရော နေမှာပေါ့ ဆရာကြီး ...

အေး... ဟုတ်တယ်၊ တရားရုံးကတော့ ကလေးတွေရဲ့
စကားကို မယုံကြည်လောက်ပါဘူး ...

အဲ့ဒါတော့ မှန်ပါတယ် ဆရာကြီး။ ကျွန်မလည်း
အဲ့ဒီလိုပဲ ထင်ပါတယ် ...

ဒါပေမယ့် ဆရာကြီးတို့ဘက်ကလည်း ဒီကလေး
နှစ်ယောက်စိတ်ကူးယဉ်ပြီး လုပ်မိလုပ်ရာ
လုပ်တာပါဆိုပြီး ပြန်ရှင်းလင်းရမယ် ထင်တယ် ...

အင်း ... အဲဒီအကြံ ကောင်းတယ် ဆရာကြီး ...

သူတို့ နှစ်ယောက်ကိုတော့ ဒီအတိုင်းထားလို့
မဖြစ်ဘူး ... မှတ်လောက်သားလောက်
အောင်ကို ပညာပေးမှ ဖြစ်မယ် ...

မကြာခင်မှာပဲ သားအမေနဲ့ အောင်ဘုအမေတို့ ရုံးခန်းထဲ ဝင်လာတော့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာတွေက စိုးရိမ်တဲ့ ပုံစံတွေနဲ့ပေါ့။

ပြီးတော့ ဆရာကြီးက သူတို့ကို သားတို့အကြောင်းတွေ တိုင်တယ်။

ပညာရေးကို စိတ်မဝင်စားပဲ ဘာမဟုတ်တဲ့ ကိစ္စတွေကိုပဲ စိတ်ဝင်စားနေကြောင်း၊ မဖြစ်သင့်တာ မဖြစ်ရအောင် ခေါ်တွေ့ရခြင်း ဖြစ်ကြောင်း၊ အခုကိစ္စမှာလည်း တရားဝင် ဟိုးလေးတကျော်ဖြစ်လာတာကြောင့် ခေါ်တွေ့ရခြင်း ဖြစ်ကြောင်း စသည်တို့ပြောပြီး မီနေ့သတင်းစာကို ပြပါတော့တယ်။

သားအမေနဲ့ အောင်ဘုအမေက မျက်လုံးပြူးသွားပြီး သားတို့နှစ်ယောက်ကို ရှည်ရှည်ကောဆိုတဲ့ အကြည့်နဲ့ ကြည့်တယ်။

သွားပါပြီ။ အိမ်ရောက်ရင်လည်း ဆူခံရဦးမယ်။

ထင်တဲ့အတိုင်းပဲ။ အိမ်ရောက်တော့ ဆူခံရတဲ့အပြင် မုန့်ဖိုးလည်း ဖြတ်ခံရသေးတယ်။

အဖေပြန်လာတော့လည်း အမေ့ကို ပြန်တိုင်နေတဲ့ အသံကို အပေါ်ထပ်က ကြားလိုက်ရတယ်။ အဖေကတော့ ဘာပြန်ပြောလည်း မသိပါဘူး။

<u>အင်္ဂါနေ့</u>

အိပ်ယာက နိုးတော့ အိမ်အောက်ထပ်မှာ ဆူညံဆူညံ အသံတွေ ကြားရတယ်။ ဘာများ ဖြစ်တာပါလိမ့်။ စောင်ကို ဆွဲခြာပြီး အခန်းတံခါးကို မြန်မြန်ဖွင့်ကာ လှေကားပေါ်ကနေ အောက်ကို ငုံ့ကြည့်လိုက်တယ်။

အား ... ပါး ။ အောက်ထပ်မှာ လူတွေအများကြီးပါလား။




တင်မရာတွေနဲ့ အဖေနဲ့ အမေကို ဝိုင်းပြောနေကြတယ်။

အန်ကယ်သားနဲ့ နည်းနည်းလောက် စကားပြောချင်လို့ပါ ...

ကျွန်တော်တို့က ... သတင်းစာကပါ ...

ကျွန်တော်တို့ သတင်းစာကလည်း အန်ကယ့်သားနဲ့ အင်တာဗျူးလေး ထည့်ချင်လို့ပါ။ ဒီမှာ ကျွန်တော်ရဲ့ ကဒ်ပါ ...

ကျွန်မကတော့ ... သတင်းစာကပါ။ မနေ့က သတင်းနဲ့ ပတ်သက်ပြီး သိချင်လို့ပါ ...



အဖေ့ပုံစံက ဘာပြောလို့ ပြောရမှန်း မသိတဲ့ ပုံစံ ဖြစ်နေတယ်။

နောက်မှ အားလုံးနဲ့ ဆက်သွယ်လို့ရမယ့် ဖုန်းနံပါတ်ကို ယူထား ပေးပါ့မယ်၊ ကလေးဖြစ်တဲ့အတွက် စိတ်ကူး ... ပြီး ပြောတာ ဖြစ်ကြောင်း၊ အတည်မယူရန်လိုကြောင်း ပြောကာ အားလုံးကို ပြန်လွှတ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

S M T W T F S
Date : / /

အပေါ်က ချောင်းကြည့်နေတဲ့ သားမှာသာ ရင်တုန်နေတယ်။ မီအချိန်ဆို အောင်ဘုလည်း သားလိုပဲ ဖြစ်နေပြီလား မသိဘူး။

အဲ့ဒီအချိန်မှာပဲ ပြတင်းပေါက်ကနေပြီးတော့ လာနေကျ ပုံစံအတိုင်း သတင်းစာက "ဘုတ်" ကနဲ ဆို ဝင်လာရော။

အရင်တုန်းကဆို သတင်းစာကို ခပ်သွက်သွက် လှမ်းကြည့်သော အဖေမှာ မီနေ့မှ တုန်တုန်ချိချိ ဖြစ်နေတာကို တွေ့ရတယ်။

အဖေက ခပ်သွက်သွက် ကောက်ယူကြည့်တယ်။ အဲ့ဒီအချိန်မှာပဲ အဖေက သတင်းစာပိုတဲ့ သူကို လှမ်းခေါ်တယ်။

ပြီးတော့ အိမ်အပြင်ထွက်သွားပြီး ပြန်ဝင်လာတော့ သတင်းစာ တပွေ့တပိုက်ကြီးနဲ့ ပြန်ဝင်လာတယ်။

ထွက်သမျှ သတင်းစာ အကုန်ဝယ်လာပုံရတယ်။



အဲ့ဒီနေ့ သားလည်း အောက်မဆင်းနိုင်တော့ပဲ အခန်းထဲကို တိတ်တိတ်လေး ပြန်ဝင်ပြီး ကွေးနေလို[illegible]ယ်။



S M T W T F S
Date : / /

ခဏကြာတော့ တံခါးခေါက်သံကြားရတယ်။

"ဒေါက်.....ဒေါက်"

ကြောက်ပေမယ့်လည်း တံခါးသွားဖွင့်ပေးရတယ်။ သားအခန်းကို တံခါးလာခေါက်တာပါ။ အဖေ ခေါ်နေတယ်တဲ့။

လှေကားပေါ်ကနေ ဖြေးဖြေးချင်းဆင်းရတယ်။ အရင်လို ပြေးမဆင်းနိုင်ဘူး။အောက်ရောက်တော့ အဖေက ဒူးမယ် ထင်ထားတာ။ မဆူပါဘူး။

မီတီရွှာက ပြီးသွားပြီဖြစ်ကြောင်း မင်းတို့တွေ မိတ်ကူးယဉ် တာတတော့ယဉ်ပါ။ မိပေမယ့် အခြားလူတွေ ဒုက္ခရောက်အောင်တော့ မလုပ်နဲ့လို့တော့ ပြောတယ်။

သား...နားမလည်ဘူး ဖြစ်နေတယ်။ မီတီရွှာက ပြီးသွားပြီဆိုတာ ဘာကို ပြောတာလဲ။

အဖေက သူ့ရှေ့မှာရှိကဲ့ သတင်းစာကို ရှေ့တိုး ပြတယ်။ မနေ့က သတင်းစာမှာပဲ သတင်းတင်[illegible]ည် ထပ်ပါလာတယ်။

သတင်းရေးတဲ့ သူကလည်း မနေ့က ရေးတဲ့ ဦးလှဝင်း ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

S M T W T F S
Date : / /

S M T W T F S
Date : / /

## ကျောင်းသားလေးတစ်ဦး လဲကျသေဆုံးခဲ့သည့် အမှုအတွက် မိမိတို့ သတင်းစာမှ မဆင်မခြင် မစွေးတောပဲ သတ်မှဲ့စွာ ဖော်ပြခဲ့မိသည့်အတွက် သက်ဆိုင်သူများအား တောင်းပန်ခြင်း

—မြို့ ...... လ၊ ...... ရက်

ယမန်နေ့ ...... နေ့စွဲပါ မျက်နှာဖုံး သတင်းနှင့် ပတ်သတ်၍ သက်ဆိုင်သူများအား မိမိတို့ သတင်းစာမှ အနူးအညွတ် တောင်းပန်အပ်ပါသည်။

ကလေးများ၏ စိတ်ကူးယဉ် ဇာတ်လမ်းကို ဖော်ပြမိသည့်အတွက်လည်း မိမိတို့ သတင်းစာအနေဖြင့် များစွာ အရှက်ရပါသည်။

သို့ဖြစ်ပါသောကြောင့် သေဆုံးသည့် ကျောင်းသား၏ မိဘများနှင့် အတူ သက်ဆိုင်သူအားလုံးကိုလည်း တောင်းပန်စာများ ပြီး ဖြစ်ပါကြောင်းနှင့် ယနေ့သတင်းစာမှ နေ၍လည်း ထပ်မံ တောင်းပန်အပ်ပါသည်။

...... သတင်းစာ





www.burmeseclassic.com

www.burmeseclassic.com

ခေါင်းကို ခါယမ်းလိုက်မိတယ်။ မဖြစ်နိုင်ဘူး။ ဒါ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ဦးလှဝင်းက သားတို့ ပြောခဲ့တာကို ယုံခဲ့တာသဘဲ။

အဖေက အခြား သတင်းစာများကို ပြတယ်။ အခြား သတင်းစာများထဲတွင်လည်း ထိုကောင်းပန်စာများကို သတင်းအနေဖြင့် ဖော်ပြထားတယ်။

 သူ ... သူတက တကယ် အသက်ခံရတာ အဖေ ...

အံ့ဩမိပြီး ပြောလိုက်မိတယ်။

အဖေက သက်ပြင်းချလိုက်ပြီး သား ခေါင်းကို ပွတ်ကာ -

 သူက နတ်ပြည်မှာ အေးအေးဆေးဆေးဖြစ်နေပြီ သားရဲ့ ... မနှောက်ယှက်ပါနဲ့တော့ ...

သားစကားကို ဘယ်သူမှ မယုံဘူး။ ဝမ်းနည်းဖို့ ကောင်းလိုက်တာ။

ညွှန်ခန်းထဲက ထွက်သွားတဲ့ အမေ့ကို မြင်ရတယ်။

အဖေက အစ်ကိုကို လူသတ်တဲ့ ဆတ်ကားတွေ မပြားခဲ့ဖို့ မှာနေတယ်။ အစ်ကိုက သားကို မျက်စောင်းထိုးပြီး ကြည့်တယ်။

မင်းကြောင့် မိုးကြည့်ရဘူး ဆိုတဲ့ ပုံစံနဲ့ပေါ့။ မဟုတ်ဘူး။ မဟုတ်ဘူး။ သူတက တကယ် အသက်ခံရတာပါ။

ညွှန်ခန်းထဲမှာ သားတစ်ယောက်တည်း ကျန်ခဲ့တယ်။ အဖေက အလုပ်ကို ထွက်သွားပြီ။

ခဏနေရင် သားလည်း ကျောင်းသွားရတော့မယ်။





www.burmeseclassic.com

www.burmeseclassic.com

S M T W T F S
Date / /

အဲဒီအချိန်မှာပဲ ဖုန်းဝင်လာတယ်။ ဘယ်သူမှ မရှိဘူး။ မိုး သားပဲ ကိုင်လိုက်ရတယ်။

ဟယ်လို ...

ဟော့ကောင် ... ငါ အောင်ဘုပါ ...

ဟာ ... အောင်ဘု.. မင်း ... ဘယ်လိုလဲ၊ အခြေအနေ ...

အခုတော့အေးဆေးဖြစ်သွားပြီ၊ သတင်းစာကလည်း တောင်းပန်စာ ထည့်ထားတယ်လေ မင်းတွေ့ ပြီးပြီလား ...

အေး ... တွေ့တယ် ...

ငါလည်း အဲ့ဒီလို စိတ်ကူးယဉ်တာတွေ မလုပ်တော့ဘူးလို့ အမေ့ကို ကတိပေးလိုက်တယ်၊ ငါလည်း တော်တော်ကြောက်သွားတယ်ကွ ...

ဟော့ကောင် ... သုတက တကယ် အသက်ခံရ တာပဲလေ ...

သူရေးလျှောက်ရေးထားတာလည်း ဖြစ်မှာပေါ့၊ ငါတော့ ဝင်မပါချင်တော့ဘူးကွာ ...

အောင်ဘုကို တော်တော်လေး စိတ်ပျက်သွားတယ်။ သတ္တိမရှိ တဲ့ကောင်။



S M T W T F S
Date / /

မင်းကွာ ...

ပြီးတော့ ဒီနေ့ ဆရာကြီးနဲ့ ဆရာမကို ငါ ကန်တော့ပြီး တောင်းပန်ဖို့ စဉ်းစားထားတယ် ... ငါ့အမေက သူပါ လိုက်ခဲ့ပေးမယ်တဲ့၊ ကန်တော့တဲ့ ပစ္စည်းတွေနဲ့ ပေါ့ကွာ ... မင်းပါ ငါနဲ့အတူ လိုက်ခဲ့ပါလား ...

မလိုက်ဘူး ...

စိတ်နည်းနည်းတျယ်သွားတယ်။ ပြီးတော့ ဖုန်းကို တစ်ခါတည်း ဆောင့်ချလိုက်တယ်။

ဒေါသထွက်လိုက်တာ။ အောင်ဘုကိုလည်း ဒေါသထွက်တယ်၊ အားလုံးကိုလည်း ဒေါသထွက်တယ်။

မိုးပေမယ့် ကျောင်းသွားဖို့ လုပ်ရဦးမယ်၊ အိမ်မှာနေရင် ပိုပြီး စိတ်ညစ်နေရမယ်။

**အချိန် (8:30 AM)**

ကျောင်းနားမရောက်ခင်မှာပဲ အောင်ဘုနဲ့ သူ့အမေကို လှမ်းတွေ့လိုက်တယ်။ မုန့်တွေနဲ့၊ ကန်တော့မယ့် ပစ္စည်းတွေ ထင်ပါတယ်။

အောင်ဘုကတော့ ပြုံးလို့ ရွှင်လို့၊ စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်သွားတယ်၊ ပြီးတော့ ဘယ်သူမှ မရှိတော့ဘူး။

အောင်ဘုက ကန်တော့ပြီး တောင်းပန်လိုက်မယ်ဆိုရင် စာတန်းထဲမှာ သားတစ်ယောက်တည်း ကျန်ခဲ့တော့မယ်။



www.burmeseclassic.com

www.burmeseclassic.com



တွေးရင်းနဲ့ ဦးလှဝင်း မျက်နှာ ပေါ်လာတယ်။ သားတို့နှစ်ယောက် စကားကို အားတက်သရော ထောက်ခံခဲ့တဲ့ ဦးလှဝင်းမျက်နှာကို မြင်ယောင်လာတယ်။

တော်ပြီ။

ဒီနေ့ကျောင်းမတက်တော့ဘူး။

ဦးလှဝင်းနဲ့ သွားတွေ့ပြီး အကျေအလည် ဆွေးနွေးမယ်လို့ ဆုံးဖြတ်လိုက်ပြီး ကျောင်းကို ဦးတည်နေတဲ့ ခြေလှမ်းများကို ဆန့်ကျင်ဘက် ရွှေ့လိုက်တယ်။ ကျောင်းပြေးတဲ့ ကိစ္စကို အိမ်က သိရင် နောက်မှပဲ ရှင်းတော့မယ်လို့ စိတ်ကို ဆုံးဖြတ်ထားလိုက်တယ်။

အင်္ဂါနေ့ (9:00 AM)

ဦးလှဝင်း အိမ်တံခါးရှေ့ရောက်တော့ အိမ်ထဲမှာ ညှော်သည် ရောက်နေပုံရတယ်။

လှေကားမှာ ဖိနပ်တွေလည်း တွေ့ရတယ်။ အထဲက အသံတွေလည်း ကြားရတယ်။

တံခါးခေါက်မလို့ ပြင်လိုက်တယ်။ အဲဒီအချိန်မှာပဲ အထဲက အမျိုးသားတစ်ယောက်ရဲ့ အသံကို ကြားလိုက်ရတယ်။








"ဒီသတင်းကို ပြန်ဖြုတ်ချပေးတဲ့ အတွက် တောင်းထားတဲ့ငွေ လာပေးတာပါ ..."
"အခုလို ကျေလည်သွားတော့ ကောင်းတာပေါ့ ..."
"ဟို ... ပစ္စည်းတွေကရော ..."
"ဒါကတော့ ... ဒီအတိုင်း ဘယ်ရမလဲ ကိုယ့်လူရဲ့ ..."
"အဲ့ဒါဆို ဘယ်လိုလုပ်ရမလဲ ..."
"..... ငွေပေးရမယ် ..."
"ဟာ ... မများလွန်းဘူးလား ..."
"ဒါကတော့ စဉ်းစားပေါ့ဗျ ..."

တင်းသွားတယ်။ ဦးလှဝင်းကိုလည်း ချက်ချင်းပဲ ဆောင့်တွန်း ပစ်လိုက်ချင်တယ်။

ဒါပေမယ့် မဖြစ်သေးဘူး။ သူက တစ်ယောက်ယောက်နဲ့ အပေးအယူ လုပ်နေပုံရတယ်။

ဒါနဲ့ အိမ်ဘေးကို ပတ်ပြီး ပြတင်းပေါက်ကနေ ချောင်းကြည့်မိတယ်။





www.burmeseclassic.com

www.burmeseclassic.com



ဦးလေ့ဝင်းနဲ့ စကားပြောနေတဲ့ လူကို မသိပါဘူး။ သေချာတာကတော့ ဦးလေ့ဝင်း မရိုးသားဘူး ဆိုတာပဲ။

ဘာပဲဖြစ်ဖြစ် သူ့ဆီက ပစ္စည်းတွေ ပြန်တောင်းရမယ်။ ဒါပေမယ့် သူက မပေးဘူးဆိုရင်ကော။

ပြန်မိုက်ရမယ်။ သိုင်းကားကြည့်ထားတာပဲ။ အားတင်းလိုက်တယ်။ ဒါနဲ့ ပြတင်းပေါက်ကနေ ထပ်ချောင်းပြန်တယ်။

ဦးလေ့ဝင်းနဲ့ ပြောတဲ့ လူကြီးက ပြန်တော့မယ်။ သဘောတူညီချက် ရသွားပုံ မပေါ်ဘူး။

စဉ်းစားပြီး ဖုန်းဆက်လိုက်ဦးမယ်လို့လည်း ပြောသံကြားရတယ်။

ဦးလေ့ဝင်းကို မိုက်တင်ချပြီး ပစ္စည်းတွေ ပြန်ယူလို့ ဖြစ်ပါ့မလား။ ဟိုက ကလေးဆိုတော့ သူ့ပဲ နိုင်မှာ။ ဒီလို ပြန်တွေးရသေးတယ်။

ဒါနဲ့ ပြတင်းပေါက်နားမှာ ငုတ်တုတ်ထိုင်ချလိုက်ပြီး စဉ်းစားရပြန်တယ်။







ဦးလေ့ဝင်းနဲ့ စကားပြောတဲ့ လူကြီး ပြန်သွားပြီ ထင်တယ်။ နှုတ်ဆက်သံနဲ့ တံခါးပိတ်သံတွေ ကြားရတယ်။

ဆယ်မိနစ်...။

ဆယ့်ငါးမိနစ်...။


မိနစ်နှစ်ဆယ်...။

တစ်နာရီ...။



အသံကြားရတယ်။ ဦးလေ့ဝင်းကြီး အိပ်ပျော်သွားပြီ ထင်တယ်။ တုတ်သားပဲ။ သူက မကြာခဏ ဆိုသလိုပဲ အိပ်တတ်ပုံ ရတယ်။

ထိုင်ရာက ထပြီး ပြတင်းပေါက်ကနေ ပြန်ချောင်းရတယ်။ ထင်တဲ့ အတိုင်းပဲ ဦးလေ့ဝင်းကြီး အိပ်ပျော်နေတယ်။






www.burmeseclassic.com

www.burmeseclassic.com

ဘေးနားမှာ အိတ်တစ်အိတ် ချထားတာ တွေ့ရတယ်။ သူ့ အလုပ်အိတ် ဖြစ်ပုံရတယ်။ အဲ့ဒီအိတ်ထဲမှာပဲ သူ့ပစ္စည်းတွေ ရှိနေမလား။

ဒီပစ္စည်းတွေကို အခြားနေရာတွေမှာ ထားလိမ့်မယ်လို့ မထင်မိ။ သူ့ကိုင်နေကျ အိတ်ထဲမှာပဲ ထည့်ထားလိမ့်မယ်။

အဲ့ဒီအိတ်ကို ဘယ်လိုယူရမလဲ။ ပြတင်းပေါက်က ကျော်တက် ယူရင်ရော ဖြစ်နိုင်မလား။

ခုန်ပြီးတက်ကြည့်တယ်။




မရ...။ အပေါ်ရောက်သည့်တိုင်အောင် အခန်းထဲကို ဒလိမ့် ခေါက်ကွေး ဝင်သွားနိုင်တယ်။ အဲ့ဒီအခါ ဦးလှဝင်းက နိုးသွားလိမ့်မယ်။ မဖြစ်ဘူး။ မဖြစ်ဘူး။

စိတ်ပျက်ပျက်နဲ့ ပြန်ထိုင်နေရတယ်။



အဲ့ဒီအချိန်မှာပဲ သား ရှေ့တည့်တည့်က သစ်ပင်မှာ ထောင်ထားတဲ့ ဝါးလုံးရှည်ကြီးကို လှမ်းမြင်လိုက်ရတယ်။



ပျော်သွားတာပေါ့။ ဒါနဲ့ဆို အလုပ်ဖြစ်နိုင်တယ်။ ဒါနဲ့ဆို အလုပ်ဖြစ်နိုင်တယ်။ သားက ဝါးလုံးကို ပြေးယူပြီးတော့ ပြတင်းပေါက်နားကို ပြန်ကပ်။ ဝါးလုံးကြီးကို ကိုင်လို့ပေါ့။

ပြတင်းပေါက်ထဲကို ဝါးလုံးကြီးထည့်ပြီး အိတ်က ကွင်းကို ဝါးလုံးနဲ့ လှမ်းထိုးလိုက်တယ်။

လွဲသွားပြီ။ သေချာပြန်ချိန်ရတယ်။ ဒီတစ်ခါတော့ လက်ကိုင် ကွင်းထဲကို ဝင်သွားတယ်။


မ,ကြည့်တယ်။ မရဘူး။ အိတ်က လေးနေတယ်။ အရင်ကလည်း မှီမကာမိ ဖြစ်နေတယ်။



www.burmeseclassic.com

အသံမထွက်အောင် ဖြည်းဖြည်းလေး လုပ်ရသေးတယ်။ တော်ကြာ ဦးလှဝင်း နိုးလာမှဖြင့် ပြေးနေရဦးမယ်။

ဘေးနားမှာ ခုံလိုလို ဘာလိုလို တွေ့ရတယ်။



ခုံကို ခြေထောက်အောက်မှာ ခုလိုက်ပြီး မီးလုံးကို အားနဲ့ မယူလိုက်တယ်။

နည်းနည်းပါလာတယ်။ မီးလုံးက ရစ်သွားတယ်။ အသံထွက်သွားတာကြောင့် အသက်တောင် ကောင်းကောင်း မရှူရဲဘူး။

ဦးလှဝင်းရဲ့ တအင်းအင်းနဲ့ ညည်းသံကြားလိုက်ရတယ်။

မဖြစ်ဘူး။ မြန်မြန် လုပ်မှပဲ။

သားမှာ ရှိတဲ့ ခွန်အားတွေနဲ့ အိတ်ကို တဖြည်းဖြည်း ဆွဲယူရတယ်။

အိတ်က ပါလာတယ်။

ထပ်ဆွဲတယ်။ ရွေ့လာပြန်တယ်။

နောက်ဆုံး အိတ်က သားနဲ့ လက်လှမ်းမှီတဲ့ နေရာရောက်လာတယ်။ မီးလုံးကို သူ့နေရာသူ ပြန်ထား၊ အိတ်ကို လှမ်းယူပြီး ဖွင့်ကြည့်တယ်။



"ဟာ..."

ထင်တဲ့အတိုင်းပဲ သားပေးထားတဲ့ သူတာပစ္စည်းတွေကို တွေ့ရတယ်။

သူတာ ပစ္စည်းတွေကို အိတ်ထဲက ထုတ်ပြီး အိတ်ပြန်ပိတ်ကာ အခန်းထဲ ပြန်တည့်ပေးထားလိုက်တယ်။

ဦးလှဝင်းကတော့ အိပ်ပျော်နေတုန်းပါပဲ။

**တနင်္ဂနွေ (11:00 AM)**

မိုက်တဆောလာတယ်။ ဘယ်သွားလို့ ဘယ်သွားရမှန်း မသိဘူး။ ကျောပိုးအိတ်ထဲမှာကလည်း စာအုပ်တွေနဲ့ သူတာ ပစ္စည်းတွေက ပြည့်ကျပ်နေတယ်။


ဘာလုပ်ရမလဲ။

စဉ်းစားစမ်း။ စဉ်းစားစမ်း။

အခုနေ အိမ်ပြန်ရင်တော့ အမေက သေချာပေါက်ရိုက်မှာပဲ။

ရိုက်မယ့်အတူတူတော့ အိမ်မပြန်သေးဘူးလို့ ဆုံးဖြတ်လိုက်တယ်။

အရှေ့မှာ မုန့်ဆိုင် တစ်ဆိုင်တွေ့တယ်။



www.burmeseclassic.com

S M T W T F S
Date : / /

အိတ်ထဲကို ကြည့်လိုက်တော့ မနက်က အမေပေးလိုက်တဲ့ မုန့်ဖိုး ကျန်နေသေးတယ်။

မုန့်ဝယ်စားမယ်။ ပြီးရင်ဘာဆက်လုပ်ရမလဲလို့ ဆက်တွေးရမယ် ဆိုပြီး ဆုံးဖြတ်ရတော့တာပေါ့။

မုန့်ဆိုင်က ဦးလေးကြီးက သားကို မသက်သာလို ကြည့်တယ်။ ကျောင်းပြေးလာတဲ့ ကလေးပေါ့။ သားကလည်း ဟုတ်တာပဲ။ အင်္ကျီက ကျောင်းစိမ်းအင်္ကျီနဲ့လေ။

မတတ်နိုင်ပါဘူး။ မုန့်နှစ်ခုနဲ့ ရေဘူးဝယ်ပြီး ဆိုင်ထဲကနေ ခပ်မြန်မြန် ပြန်ထွက်ရတယ်။

ကျောင်းကို မုန့်ဆက်ပြီး တိုင်နေရင် ဒုက္ခပဲ။

ဆိုင်နဲ့ဝေးရာကို ခပ်မြန်မြန်ပြေးရတယ်။

အဲဒီအချိန်မှာပဲ အိမ်တစ်အိမ်ရှေ့မှာ ချိတ်ဆွဲထားတဲ့ ဆိုင်းဘုတ် တစ်ခုကို သတိထားမိလိုက်တယ်။






S M T W T F S
Date : / /

အမှုတွေ ဘာတွေလုပ်ရင် ရှေ့နေတွေနဲ့ လုပ်ရတယ်လို့ အဖေတို့ ပြောတာ ကြားဖူးတယ်။

အခုလည်း သူတအမှုအတွက် ရှေ့နေငှားရင် ကောင်းမှာပဲလို့ အကြံဖြစ်ပေါ်မိတယ်။


သူက ပိုက်ဆံတောင်းနေရင် ငါ့မှာကလည်း ပိုက်ဆံမရှိဘူး။ မုန့်ဖိုးနည်းနည်းပဲ ကျန်တော့တယ်။

ကျန်တဲ့ ပိုက်ဆံကို ရတဲ့ မုန့်ဖိုး နည်းနည်းလေးစီ စုပြီး နောက်မှ လာပေးရင်ရော။ မီရှေ့နေကြီးက လက်ခံပါ့မလား။

အိတ်ကတ်ထဲကို နှိုက်ကြည့်လိုက်တယ်။ ပိုက်ဆံ ၅၀၀ ပဲ ကျန်တော့တယ်။

ဒါကို အရင်ပေးပြီး နောက်မှ လာပေးမယ်လို့ ပြောကြည့်ရမှာပဲ။ ရှေ့နေကြီး အိမ်ရှေ့မှာ ရပ်လိုက်တယ်။

ဘဲလ်တ မမြင်မကမ်း ဖြစ်နေတယ်။ ဒါကြောင့် လှမ်းခုန်ပြီး နှိပ်ရတယ်။





www.burmeseclassic.com

www.burmeseclassic.com

ဘဲလ်သံလေး ဒူ ဒူ ဒူ နဲ့ ကြားရတယ်။ ဘယ်လို ဘဲလ်သံကြီးမှန်း မသိဘူး။ နားညီးလိုက်တာ။

တံခါးပွင့်သွားပြီး သားထက် နည်းနည်းကြီးတဲ့ ကောင်မလေး တစ်ယောက် ထွက်လာတယ်။




ဦးမြဝေနဲ့ တွေ့ချင်လို့ ...

အရေးထဲ နှပ်ချေးက ထွက်ကျလာသေးတယ်။ ဒါနဲ့ နှာခေါင်းကို ဆွဲဆွဲ ပွတ်ရတာပေါ့။ ပေနေလား မသိဘူး။

ကောင်မလေးက သားကို ခြေအဆုံး ခေါင်းအဆုံး ကြည့်ပြီး–

အဖေရေ ... ဒီမှာ ဘယ်သူလဲ မသိဘူး ...



ဆိုပြီး အိမ်ထဲကို လှမ်းအော်တယ်။

ခဏကြာတော့ လူကြီးတစ်ယောက် ပြေးထွက်လာပြီး–

ဘာဖြစ်တာလဲ သမီးရဲ့ ...

ဒီမှာ အဖေ့ကို တွေ့ချင်လို့တဲ့ ... ဘယ်က ကောင်လေးလဲမသိဘူး ...

ရှေ့နေကြီးက သဘောကောင်းပြီး ရိုးသားပုံ ရတယ်။ သားကိုလည်း သေချာကြည့်ပြီး–

ဘာကိစ္စလဲ သားရဲ့ ...

နှပ်ချေးကို ရှုံ့သွင်းလိုက်တယ်။ အရေးအကြောင်းဆို နှပ်က ရှုတ်ပြီ။

ဦးက ရှေ့နေကြီး ဦးမြဝေ လား ... ရှုတ် ...

ဟုတ်ပါတယ်။ သားက ...

ဟုတ်ကဲ့ ... သားနာမည်က အံ့သြအောင်ပါ ... ဟို ... သားသူငယ်ချင်းအတွက် ဦးဆီမှာ အမှုအပ်ချင်လို့ပါ ... ရှုတ် ...

ဟေ ...

ရှေ့နေကြီးက မျက်လုံးပြူးသွားတယ်။ သားကလည်း မတတ်နိုင်ဘူး။ အဲဒီလို ပြောပြီးပြီးချင်း အိမ်ထဲကို အတင်းစွတ်ဝင် လိုက်တော့တာပဲ။

တစ်လမ်းလုံး လမ်းလျှောက်လာရတော့ သားက ထိုင်ချင်နေပြီ။




www.burmeseclassic.com

www.burmeseclassic.com

S M T W T F S

Date: / /

**တနင်္လာနေ့ (11:30 AM)**



ရှေ့နေကြီးက သားရှေ့က ခုံမှာ ဝင်ထိုင်တယ်။ သားက ဘာမှ မပြောသေးပဲ လွယ်အိတ်ကို ဖွင့်ပြီး သုတာပစ္စည်းတွေ ထုတ်တယ်။

ပြီးတော့ အိတ်ထဲတကျန်တဲ့ မုန့်ဖိုးပိုးရောထုတ်ပြီး ရှေ့နေကြီးကို လှမ်းပေးလိုက်တယ်။

အမှုအတွက် သားမှာ ရှိတဲ့ မုန့်ဖိုးလေး အရင် ယူထားပါ ... နောက်နေ့ မုန့်ဖိုးရရင် လာပေးပါဦးမယ် ...

ရှေ့နေကြီးက သားကို ကြည့်ပြီး ရယ်ပါလေရော။ ဘာကို ရယ်မှန်းလည်း မသိဘူး။ ပိုက်ဆံပေးတာ ရယ်စရာကျနေတာပဲ။

ကဲ ... ကဲ၊ ဒီပိုက်ဆံ ထားပါဦးကွာ၊ အမှုအကြောင်း လေးပြောရအောင် ... သားက ဘာအမှု အပ်ချင်လို့လဲ ...



S M T W T F S

Date: / /

ရှေ့နေကြီး ပုံစံကြည့်ရတာ သားကို ယုံကြည်ပုံ မရဘူး။ ကလေးတစ်ယောက်ကို စိတ်ချမ်းသာပါစေတော့ဆိုပြီး ပြန်မေးနေပုံ ရတယ်။

ထားလိုက်ပါလေ။ ဖြစ်ချင်ရာဖြစ်၊ ပြောသင့်တာတော့ ပြောရမှာပဲ၊ ကိုယ့်မုန့်ဖိုး ပေးထားပြီးမှပဲ။

သား သူငယ်ချင်းက လွန်ခဲ့တဲ့ တစ်နှစ်လောက်က ကျောင်းမှာ လဲကျ သေဆုံးသွားတဲ့ သုတာပါ ...

သြော်.. ဒါဆို ဟိုတစ်နေ့က သတင်းစာထဲမှာ ပါတဲ့ ကောင်လေးနှစ်ယောက်ထဲက တစ်ယောက်ပေါ့ ... ဟုတ်လား ...

ဟုတ်ပါတယ် ...

ရှေ့နေကြီးက ဗိုပြီး အပယ့်အကြည့် မဲ့သွားပုံရတယ်။

ဒါကြောင့် သား ဖတ်လမ်းကို အစအဆုံး ပြန်ပြောပြရတယ်။ ရှေ့နေကြီးက အစပိုင်းတော့ ပြုံးစိစိနဲ့ နားထောင်နေတယ်။

သုတာရဲ့ ပစ္စည်းတွေကို အမှိုက်ကားက ဦးလေးကြီး ယူပေးတဲ့ အခန်းရောက်တော့ နည်းနည်း စိတ်ဝင်စားလာတာ တွေ့ရတယ်။

နောက်ဆုံး သုတာရဲ့ ပစ္စည်းတွေကို ထုတ်ပြလိုက်ပြီး သားရဲ့ ထင်မြင်ချက်တွေကို ပြောပြလိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com

S M T W T F S
Date : / /

**အင်္ဂါနေ့ (5:30 PM)**

ရှေ့နေကြီး အိမ်ခံဘဲကနေ ခေါင်းငိုက်စိုက်ပြီး ပြန်လာရတယ်။ ပင်ပန်းတော့ အိပ်တာလည်း အိပ်ချင်နေပြီ။

အိမ်ရောက်တော့ ထင်တဲ့အတိုင်းပဲ အဖေနဲ့ အမေက ကြိမ်လုံးကြီးနဲ့ စောင့်နေတယ်။

ကျောင်းက အိမ်ကို ဖုန်းဆက်တယ် ထင်တယ်။

မတတ်နိုင်ဘူး။ လုပ်ချင်တာတွေ လုပ်ပြီးသွားပြီ ဆိုတော့ ခံယုံ ရှိတော့တာပေါ့။

**အင်္ဂါနေ့ (9:00 PM)**

အိပ်လို့မပျော်ဘူး။ ညနေက အရိုက်ခံထားတဲ့ အရိုးရာတွေက အခုမှ ပိုနာလာသလိုပဲ။

ဘယ်သွားနေတာလဲ မေးတာကို မဖြေလို့ ပိုရိုက်ခံရတယ်။ မဖြေပါဘူး။ ဖြေရင်လည်း သူတို့က ယုံမှ မယုံတာ။

ဒီနေ့ဖြစ်တဲ့ အကြောင်းကိုတောင် မနည်းပြန်ရေးရတယ်။

အား ...။ ရေးရင်းနဲ့တောင် နာလာပြီ။





S M T W T F S
Date : / /

**ဗုဒ္ဓဟူးနေ့**

မနေ့က ကျောင်းပြေးတဲ့အတွက် ဆရာမက အတန်းရှေ့ ခေါ်ပြီး ရိုက်ပါလေရော။

တစ်တန်းလုံးက ဝိုင်းကြည့်နေကြတယ်။ အားရပြီး ကျေနပ်တဲ့ မျက်ဝန်းတွေနဲ့ပေါ့။ အားရပြီး ကျေနပ်တဲ့ မျက်ဝန်းတွေနဲ့ပေါ့။

အောင်ဘုကတော့ မျက်နှာလွှဲထားတယ်။

ဆရာမ ရိုက်တာကို ခံနေရင်းမှ ငိုကလေးရှိလာရင် မရိုက်ဘူးလို့ ဆုံးဖြတ်မိတယ်။

ဂျင်းနီနဲ့ ဇုဗိုင်း ရယ်နေတာကို တွေ့ဖြစ်အောင် တွေ့လိုက်ရတယ်။ အခြားအခန်းက ကျောင်းသား၊ ကျောင်းသူအချို့လည်း အခန်းရှေ့မှာ ရပ်သီရပ်သီ လုပ်ပြီး ချောင်းကြည့်နေတာ တွေ့ရတယ်။

ဒီတစ်ခါတော့ မငိုတော့ပါဘူး။ အံကိုကြိတ်ထားတယ်။ မျက်ရည်တို့လည်း မကျအောင် ထိန်းထားတယ်။

ကိုယ့်နေရာကို သွားပြန်ထိုင်တော့ ...
နောက်တစ်ခါ ဒီထက်နာမယ် ...

ခုံမှာ ပြန်ထိုင်တော့ ဖင်က နာတယ်။ အဲ့ဒီအချိန်မှာပဲ အတန်းရှေ့ကို ကျောင်းအုပ်ကြီး ရောက်လာတယ်။ လက်ထဲမှာလည်း သတင်းစာကြီး ကိုင်ထားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာမရဲ့ အမှုကို ပြန်တင်လိုက်ပြန်ပြီ ...

ဟင် ... ဘယ်သူကလဲ ဆရာကြီး ...

ရှေ့နေတစ်ယောက်တဲ့ ... ဒီနေ့ သတင်းစာမှာ ပါလာတယ် ...

ဆရာကြီးက သားကို လှမ်းကြည့်တယ်။ ဒါပေမယ့် ဘာမှတော့ မပြောပါဘူး။

ဆရာမကို ခေါ်ပြီး အတန်းအပြင်ကို ထွက်သွားတယ်။

ဆရာမ မရှိတော့ တစ်ခန်းလုံးက သားကို ဝိုင်းလှောင်ပါလေရော၊

သောက်ရူး။

သောက်ပေါ။

အူကြောင်ကြား....။

အီးပေါလော ...။

ဂေါက်ကြောင် ....။

ကျောင်းပြေး ....။

.................... ။

.................... ။

.................... ။

နောက်ဆုံး နားတောင်ပိတ်ထားရတယ်။







ဗုဒ္ဓဟူးနေ့ ( 5:30 PM )

ကျောင်းကနေ အပြန် အိမ်ထဲ ဝင်ဝင်ချင်း အဖေနဲ့ အမေနဲ့အတူ ဧည့်သည်တစ်ယောက်ကိုလည်း တွေ့ရတယ်။

အဲဒီဧည့်သည်ကတော့ ရှေ့နေကြီး ဦးမြဝေပါပဲ။ မနက်ဖြန် ကျောင်းစစ်ဆေးမှာရှိ သားကို ရုံးတော်မှာ မေးမြန်းရန်ဆိုပြီး အဖေနဲ့ အမေဆီ လာပြောတာပါ။ ကျောင်းကိုလည်း ခွင့်တောင်းပြီးပြီလို့ ဆိုပါတယ်။

အဖေနဲ့ အမေကတော့ ဘာပြောလို့ ပြောရမှန်းမသိ ဖြစ်နေတဲ့ ပုံပါပဲ။

ကြာသပတေးနေ့

ဒီနေ့ရုံးတော်မှာ အစစ်ဆေးခံရမှာ ဖြစ်တာကြောင့် စိတ်လှုပ်ရှားပြီး စောစောနိုးနေတယ်။ အဖေနဲ့ အမေကတော့ နှစ်ယောက်စလုံး လိုက်ပို့မယ်ဆိုပြီး ညကတည်းက ပြောထားတယ်။

ရင်တုန်လိုက်တာ၊ တရားသူကြီးက ဘာမေးမှာလဲ၊ အောက်ထပ်ကို ရောက်တော့ အဖေနဲ့ အမေက အဝတ်အစား လဲပြီးသွားပြီ။

ဟိုနေ့တွေကလိုတော့ သိပ်မဆူတော့ပါဘူး။

ချော့ချော့မော့မော့နဲ့ အေးအေးဆေးဆေး ရှိနေတဲ့ ပုံပါပဲ။ အဲဒီအချိန်မှာ သားအစ်ကို ရောက်လာပြီး သူလည်း လိုက်မယ်လို့ ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



အမေက သားကို အင်္ကျီလဲ ပေးတယ်။ အင်္ကျီအသစ်နဲ့ဆိုတော့ မှန်ထဲမှာ ကြည့်မဝဘူး။



ကြာသပတေးနေ့ ( 9:30 AM )

ရုံးရောက်လို့ **Taxi** ပေါ်က ဆင်းလိုက်တယ် ဆိုရင်ပဲ တင်မရှေ မီးတွေက တဖျတ်ဖျတ် လက်သွားတယ်။

ပထမတော့ ဘာဖြစ်တာလဲ ဆိုပြီး ကြောင်နေသေးတယ်၊ နောက်မှ သတင်းထောက်တွေပဲ ဆိုပြီး ပြန်တွေးမိတယ်။

ရုံးရှေ့မှာတင် လူတွေက နည်းတာ မဟုတ်ဘူး။ ကင်မရာတွေက လည်း ဆက်တိုက်ဆက်တိုက် လင်းနေတယ်။







အမေ့လက်ကိုပဲ တင်းတင်း ဆုပ်ကိုင်ထားတယ်။ လူတွေက လည်း သားကိုပဲ စိတ်ဝင်တစားနဲ့ ကြည့်နေကြတယ်။

လူတွေများမှာပေါ့။ သူတာ အမှုကလည်း အရင်တုန်းက တော်တော်လေး ကျော်ကြားခဲ့တာကိုး။

ရုံးထဲရောက်တော့လည်း အပြင်မှာလိုပဲ လူတွေ အများကြီး တွေ့ရတယ်။ သားကလည်း ဟိုကြည့် ဒီကြည့်နဲ့ လျှောက်ကြည့်နေမိတယ်။

သားနဲ့ သိတဲ့ လူတော်တော်များတယ်၊

၁။ ကျောင်းအုပ်ကြီး

၂။ သားတို့ အတန်းပိုင်ဆရာမ

၃။ သူတာ အမေ (စာကြည့်တိုက် သတင်းစာတွေထဲမှာ မြင်ဖူး) နှင့်သားက လူတစ်ယောက်

၄။ ဆောရှည်အမေ (တာဝန်ပြခန်းမှာ တွေ့ဖူး)

၅။ အရိုက်သိမ်းကားက ဦးလေးကြီး

၆။ အောင်ဘုန်နဲ့ အောင်ဘုအမေ

၇။ ကျောင်းလာပို့ရင် မြင်နေကျ မိဘများ၏ မျက်နှာများ (သားသိပ်မမှတ်မိပါဘူး)

၈။ သားတို့ စာကြည့်တိုက်က အန်တီမှန်

၉။ ကျောင်းစောင့်ကြီး

၁၀။ ကင်မရာကိုင်ထားတဲ့ သတင်းထောက်များ

(ဟိုတစ်နေ့ အိမ်လာသောသူများ)

၁၁။ ဦးလှဝင်း (သားတို့ ရှတင်းတင်းနဲ့ ကြည့်နေတယ်)



www.burmeseclassic.com

www.burmeseclassic.com

၁၂။ ရွှေနေကြီး ဦးမြဝေနဲ့ သူ့သမီး
၁၃။ နောက်ထပ် ရွှေနေ ပုံစံဝတ်ထားတဲ့သူ နှစ်ဦး
၁၄။ နောက်ထပ် သားမသိသောလူများ (တော်တော်များပါတယ်)

ရုံးထဲကို သားဝင်လာတော့ ဦးမြဝေက သားတို့ကို ထိုင်ဖို့ နေရာ သပ်သပ်ပေးပါတယ်။

အဲဒီအချိန်မှာပဲ ရုံးထဲမှာ တီးတိုးတီးတိုး စကားပြောသံများနဲ့ ဆူညံနေတယ်။ သူတအမေကို လှမ်းကြည့်လိုက်တယ်။

သားကို ကြည့်နေတာ တွေ့ရတယ်။ မျက်နှာက ခပ်တည်တည်ကြီး ဖြစ်နေတယ်။ သူ့သားကို သတိရနေလို့လား၊ ဘာလား ဝေခွဲလို့ မရပါဘူး။

သိပ်မကြာသော အချိန်မှာပဲ ရုံးစတော့မယ်ဆိုပြီ ရွှေနေကြီး ဦးမြဝေက လာပြောပါတော့တယ်။

**ကြာသပတေးနေ့ ( 10:30 AM )**

တရားသူကြီးဝင်လာတော့ အားလုံး မတ်တပ်ရပ်ကြရတယ်။ သားလည်း ရပ်ရတာပေါ့။

ခဏနေတော့ တရားသူကြီးက စကားစပြောပါတယ်။ သူ့စကား တွေကို အသေးစိတ်တော့ မမှတ်မိဘူး။

ဒါပေမယ့် ပြောတဲ့ အကြောင်းအရာတကော့ လွန်ခဲ့တဲ့



တစ်နှစ်ကျော်လောက်က ကျောင်းတစ်ကျောင်းမှာ လဲကျသေဆုံးခဲ့တဲ့ ကျောင်းသားလေး အမှုကို ယနေ့ တရားစွဲဆိုတဲ့ ရွှေနေဦးမြဝေက ပြန်လည် အမှုဖွင့်တယ်ဆိုတဲ့ အကြောင်း၊ ထိုအမှုမှာ "နှလုံးရောဂါဖြင့် သေဆုံး" ဆိုပြီး အမှုပိတ်ခဲ့သည့် အမှုဖြစ်ကြောင်း စသည်ဖြင့် သားနားမလည်နိုင်တဲ့ တရားရုံးဆိုင်ရာ စကားတွေနဲ့ ပြောပါတယ်။

တစ်ခုတော့ သတိထားမိတယ်။ ဒီအမှုမှာ ရွှေနေကြီး ဦးမြဝေ မနိုင်ခဲ့ပါက သူ့နာမည်ပျက်နိုင်တယ်လို့ သား စဉ်းစားမိတယ်။

သူ့နာမည် မပျက်နိုင်အောင်လည်း သားဖြေမယ်လို့ ဆုံးဖြတ်ထားတယ်။

တရားသူကြီးက စကားဆက်ပြောနေတယ်။ သားနာမည် ပါလာလို့ နားထောင်မိတာပါ။

"ယခု ဒီအမှုကို ..... ကျောင်းတွင် တက်ရောက်နေသော မောင်အံ့ကြွအောင် အမည်ရှိ ကျောင်းသားတစ်ဦးက မိမိတို့ကျောင်း၌ သေဆုံးသွားသော သူတမှာ နှလုံးရောဂါဖြင့် သေဆုံးခြင်း မဟုတ်ဘဲ အသတ်ခံရ၍ သေဆုံးသည်ဟု ဆိုကာ တရားရုံးသို့ ရွှေနေကြီး ဦးမြဝေမှ တစ်ဆင့် လျှောက်ထားခဲ့ပါတယ်။ ယခု ဒီအမှုကို ကြားနာ စစ်ဆေးမှာ ဖြစ်ပါတယ်။"

**တာဝန်နေ့ ( 10:45 AM )**

ရွှေနေကြီး ဦးမြဝေက တရားသူကြီးကို စတင် လျှောက်ထား တယ်။ မလျှောက်ထားခင် အတုံးလိုလို ပေရှက်လိုလိုဟာကို ကိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com

S M T W T F S
Date : / /

စကားပြောရသေးတယ်။

နောက်မှ အဖေက ပြောပြလို့ ကျွန်းကျွန်တယ်ဆိုတာ သိရတယ်။ လိမ်ပြီး မပြောအောင်လို့တဲ့။ လိမ်ပြီးပြောပါက ...... ဆိုပြီး အဖေက ရှင်းပြလိုက်တာ ကြက်သီးတောင်ထတယ်၊

ဦးမြဝေက တရားသူကြီးမင်းကို ဦးတိုက်လိုက်ပြီး–

"တရားသူကြီးမင်း ခင်ဗျား။ ရုံးတော်မှာ ရောက်ရှိနေသော ကျောင်းသားလေး မောင်အုံ့ညြအောင်က ကျွန်တော့်အိမ်ကို အင်္ဂါနေ့မနက် (၁၁း၃၀) မှာ ရောက်ရှိလာပါတယ်။ နောက်တော့ သူက ကျွန်တော့်ကို အမှုအပ်ချင်တယ်ဆိုပြီး ပြောပါတယ်။ အမှုလိုက်ခအဖြစ် သူ့မှာရှိတဲ့ မုန့်ဖိုးငါးရာကို လည်း စရန်အဖြစ်ပေးပါတယ်၊ ကျန်ငွေများကိုတော့ မုန့်ဖိုးများ စုပြီး လာပေးပါမယ်ဆိုပြီး ကတိပေးပါတယ် ..."

ရုံးတော်ထဲမှာ ရယ်သံများ ထွက်လာတယ်။

"ပထမတော့ ကျွန်တော်က ကလေးဆိုတော့ နားထောင်ပေးပါတယ်။ သူက သူ့ကိုယ်သူ မိတ်ဆက်ပြီး သူ အပ်ချင်တဲ့ အမှုက လွန်ခဲ့တဲ့ တစ်နှစ်ကျော်လောက်က လဲကျသေဆုံးသွားတဲ့ ကျောင်းသား မောင်သုတရဲ့ အမှုပါ ..."



S M T W T F S
Date : / /

"အဲဒီမှာ ကျွန်တော်က သိပ်စိတ်မဝင်စားတော့ပဲ၊ ကလေးကို အိမ်ပြန်လွှတ်ဖို့ စဉ်းစားနေတုန်းမှာပဲ ကလေးက ပစ္စည်းအချို့ကို ထုတ်ပြပါတယ်၊ ပြီးတော့ အဲဒီ ပစ္စည်းတွေဟာ သုတပစ္စည်းတွေဖြစ်ကြောင်းပြောပြပြီး ဒီပစ္စည်းများ ရလာပုံကို အသေးစိတ် ပြောပြပါတယ်"

ရုံးတော်တစ်ခုလုံး အပ်ကျသံ မကြားရလောက်အောင် တိတ်ဆိတ်သွားတယ်။

အဲဒီနောက် ရှေ့နေကြီး ဦးမြဝေက သားပြောခဲ့တဲ့ သုတ ပစ္စည်းများ ရရှိလာပုံကို ရုံးတော်ကို ပြန်ပြောပြတယ်။

" ------------------------------------------------
------------------------------------------------
------------------------------------------------
------------------------------------------------

အဲဒီမှာပဲ သူက ဒီပစ္စည်းတွေကို အမှိုက်ကားက ဦးလေးကြီး အကူအညီနဲ့ ရရှိတယ်လို့ ဆိုထားပါတယ်၊ အခု အဲဒီ အမှိုက်ကားမှ လူကြီးလည်း ရုံးတော်ကို ရောက်ရှိနေပါတယ်"

အဲဒီနောက် ရုံးတော်က အမှိုက်ကားမှ ဦးလေးကြီးကို စစ်ဆေးပါတယ်။

ဦးလေးကြီးကလည်း ဒီပစ္စည်းများကို ရုံးတော်မှာ ထိုင်နေတဲ့ ကျောင်းသားလေးက ယူခိုင်းလို့ ယူပေးခဲ့ခြင်းဖြစ်ကြောင်း၊ မည်သည့်ပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ မသိကြောင်း ကျမ်းကျိန်ပြီး ထွက်ဆို သွားပါတယ်။

နောက်ပြီး သားပြောပြတဲ့ အထဲမှာ ပါခဲ့တဲ့ သားတို့စာကြည့်တိုက်က အန်တီမှန်၊ ကျောင်းက မုန့်ဟင်းခါးရောင်းတဲ့ ဒေါ်စိန်၊ ကျောင်းစောင့်ကြီးတို့ကလည်း မှန်ကန်ကြောင်း အသီးသီး ပြောပြသွားခဲ့တယ်။

"အဲဒီလို ရှိပြီးတဲ့ နောက်မှာ ကျောင်းသား မောင်အံ့ညွှန်အောင်နဲ့ သူ့သူငယ်ချင်းတို့ဟာ သတင်းထောက်ကြီး ဦးလှဝင်းဆီကို သွားပြီး ပစ္စည်းများအပ်ကာ အကူအညီတောင်းခဲ့တယ်လို့ဆိုပါတယ်"

ရှေ့နေကြီးက ပစ္စည်းပြန်ယူခဲ့ပုံများကို ဆက်ပြောပြပါတယ်။

ဦးလှဝင်းက ငြင်းမရလို့ ဟန်ပြင်ပါသေးတယ်။ ဒါပေမယ့် တရားသူကြီးက ဦးလှဝင်းကို မမေးမြန်းခဲ့ပါဘူး။

အဲဒီမှာ တရားသူကြီးက ရှေ့နေကြီး ဦးမြဝေကို–

"ရှေ့နေကြီး ..."

"ဟုတ်ကဲ့ပါ ... တရားသူကြီးမင်း ခင်ဗျား ..."

"ယခု အမှုအတွက် ထွက်ဆိုချက်ကို ကလေးကိုယ်တိုင် မည်သူက ဖြေပေးမှာလဲ ..."

"ဘယ်သူမှ မဖြေပါဘူး ခင်ဗျား ... ကလေးကိုယ်တိုင် ဖြေမယ်ဆိုပြီးစီစဉ်ထားပါတယ် ... ကာယကံရှင် ကလည်း သဘောတူထားပါတယ် ..."





ရုံးတော်ထဲမှာ တီးတိုးတီးတိုး အသံများက ပိုကျယ်လာတယ်။

တရားသူကြီးက တူကြီးနဲ့ ထုတယ်။ အားလုံး ငြိမ်သွားပြန်ရော။ အဲဒီအချိန်မှာပဲ တရားသူကြီးက–

"မောင်အံ့ညွှန်အောင်ကို ခေါ်စေ ..."

ဆိုပြီး ပြောသံကြားလိုက်ရတယ်။

<u>ကြာသပတေးနေ့</u> **( 11:30 AM )**

**Q** သားနာမည်က ဘယ်လိုခေါ်လဲ။

**A** အံ့ညွှန်အောင်လို့ ခေါ်ပါတယ်။

**Q** သားရဲ့မိဘတွေရဲ့နာမည်၊ သားရဲ့ကျောင်းနဲ့ အတန်းကို ပြောပြပါဦး။

**A** အဖေက ဦးတင်ထွန်း ပါ။ အမေက ဒေါ်ခင် လို့ ခေါ်ပါတယ်၊ ကျောင်းကတော့ ..... ကျောင်းကပါ။ အတန်းကတော့ ..... ပါ။

**Q** သားက ခု ဒီတရားရုံးမှာ ဘာအမှုကို စွဲချက်တင်ထားတာလဲ။

**A** စွဲချက်ဆိုတာ ဘာလဲ။



www.burmeseclassic.com

www.burmeseclassic.com

**Q** ဩော်... သားက အခု ဒီတရားရုံးမှာ ဘာအမှုကို ပြောပြချင်တာလဲလို့ မေးတာ။

**A** သုတ အမှုပါ။

**Q** သုတ အမှုကို သားက ဘယ်လို ပြောချင်တာလဲ။

**A** သုတက သတင်းစာတွေထဲမှာ ပါသလို နှလုံးရောဂါနဲ့ သေဆုံးတာ မဟုတ်ပါဘူး။ အသတ်ခံရလို့ သေဆုံးတာပါ။

**Q** သားက ဘာကိုကြည့်ပြီး အဲ့ဒီလို ပြောနိုင်တာလဲ။

**A** သုတ ပစ္စည်းတွေကို ကြည့်ပြီး စဉ်းစားမိတာပါ။

**Q** ဘယ်လိုမျိုး စဉ်းစားတာလဲ ပြောပါဦး။

**A** ဦးဦးရှေ့နေကြီးကို သားပေးထားတဲ့ ပစ္စည်းတွေ ရှိပါတယ်။ ဒိုင်ယာရီ စာအုပ်တစ်အုပ်ရယ်၊ ခဲတံပုံတစ်ပုံရယ်၊ စာချုပ်တွေလို ထင်တဲ့ အိတ်တစ်အိတ်ရယ်အပြင် စာတစ်စောင်လည်း ပါပါတယ်။

**Q** ဟုတ်ပါတယ်။ ပေးထားပါတယ်။



**A** အဲ့ဒီအထဲက ပထမဆုံး ဒိုင်ယာရီကို ဖတ်ကြည့်ပြီး လူသတ်မှုပဲဆိုတာ တွေးမိပါတယ်။

**Q** ဒါဆို ဘယ်သူ သတ်တာလဲ။

**A** သုတရဲ့ ပထွေးပါ။

"ဟင်"

"အာ"

"အို"

အားလုံးရဲ့ အကြည့်များက သုတ အမေရဲ့ဘေးမှာ ထိုင်နေတဲ့ လူကြီးဆီကို ရောက်သွားတယ်။ ထိုလူကြီးကတော့ ပြုံးနေတာပဲ။

ကလေးက မဟုတ်က ဟုတ်ကတွေ ပြောနေတယ်လို့လည်း အော်ပြောတယ်။

**Q** သားက ဘာဖြစ်လို့ သူသတ်တယ်လို့ ထင်နေရတာလဲ။

**A** သုတ ဒိုင်ယာရီထဲက သားမှတ်ထားတဲ့ စာသားလေးတွေကို ရွတ်ပြပါမယ်။

**Q** အေး... အေး ရွတ်ပြပါဦး။



www.burmeseclassic.com

www.burmeseclassic.com



သားက စာအုပ်ထဲမှာ လိုင်းတားပြီး မှတ်ထားတဲ့ စာသားတွေကို အားလုံးကြားလောက်အောင် တစ်ခုချင်းစီ ရွတ်ပြလိုက်တယ်။

'အဖေသေလို့ သိပ်မကြာပါဘူး။ အမေက သား အဖေလေ ဆိုပြီး လူကြီးတစ်ယောက်ကို အိမ်ခေါ်လာတယ်။ သူ့ကို သဘောမကျဘူး။ အမေနဲ့ တွေ့ရင်တစ်မျိုး သားနဲ့တွေ့ရင် တစ်မျိုးပဲ'

'ဒီနေ့ အမေနဲ့ အဲ့ဒီလူကြီး ရန်ဖြစ်ကြတယ်။ အော်ကြီးဟစ်ကျယ် ပြောသံတွေကြောင့် အခန်းနားကပ်ပြီး နားထောင်နေမိတယ်၊ ဟိုလူကြီးက အဖေထားခဲ့တဲ့ ပစ္စည်းတွေအကြောင်း မေးနေတာ၊ အမေကလည်း မသိဘူးလို့ ဖြေတာကြောင့် ရန်ဖြစ်နေတာပါ။'

'အမေ့ကို ရိုက်နေတာကြောင့် အခန်းထဲ ဝင်ပြီး အမေ့ကို ပြေးဖက်ရတယ်။ အမေ ငိုနေတယ်။ အဖေ့တုန်းကတောင် မရိုက်ရက်တဲ့ အမေ့ကို ဒီလူကြီးက ရိုက်တယ်။ အဲ့ဒီလူကြီး သေပါစေ ... ။ အဲ့ဒီလူကြီးက သားကိုပါ ရောပြီး ရိုက်တယ်။ အမေကတော့ ဆွဲရတာပေါ့'

'နောက်နှစ်ရက် သုံးရက်လောက်ကြာတော့ အဲ့ဒီလူကြီးက သားကို မေးတယ် ... "မင်းအဖေက သေခါနီး ဘာပြောခဲ့လဲကွ" ဆိုပြီး သူ မူးနေတယ်။ သားကလည်း မဖြေပါဘူး။ သူက ရိုက်တယ်။ အဲ့ဒီအချိန် အမေက ဈေးသွားနေတယ်။'





'အရင်တုန်းက ကျောင်းသွားနေရင် အမေက ကျောင်းသွားတဲ့ ခြင်းတောင်းကို ပြင်ပေးနေကျပါ။ ဒီနေ့ကစပြီး အဲ့ဒီလူကြီးက ပြင်ပေး တယ်။ သားသောက်နေကျ ရေဗူးထဲလည်း ရေတွေ ထည့်ပေးတယ်။ နောက်ရက်တွေလည်း ဒီလိုပဲ ...'

'ဟိုလူကြီး သား အခန်းထဲကို ဝင်မွှေနေတာ တွေ့ရတယ်။ အမေကတော့ မရှိပါဘူး။ ဘာဖြစ်လို့ သားအခန်းထဲက ပစ္စည်းတွေ လျှောက်ကိုင်နေတာလဲ မေးတော့ မဖြေပါဘူး။

ပြီးတော့ပစ္စည်းတွေကိုလည်းနေရာတကျပြန်မထားပေးသွားဘူး။'

'နောက်တစ်နေ့ အိမ်မှာ ဘယ်သူမှ မရှိတုန်း ခြံထဲက တွင်းတူး တစားနေကျ နေရာကို ပြေးရတယ်။ ပြီးတော့ တွင်းထဲက အဖေ မသေခင် ပေးခဲ့တဲ့ အိတ်ကို ထုတ်ပြီး နေရာပြောင်းဖို့ ပြင်ရတယ်။ ဘယ်နေရာကို ပြောင်းရမလဲ မသိဘူး။ တော်ကြာ ဟိုလူကြီး သိသွားရင် ဒုက္ခပဲ၊ အခုတော့ ကျောပိုးအိတ်ထဲမှာပဲ ထားဦးမယ်'

'မုန့်စားဆင်းတော့ ဟိုလျှောက်ဒီလျှောက်လုပ်ရင်း အမှိုက်ပုံကို တွေ့ရတယ်၊ ကျောပိုးအိတ်ထဲက အဖေပေးသွားတဲ့ အိတ်ကို ဒီနားမှာပဲ တွင်းတူးမြုပ်ရင် ကောင်းမယ်၊ အမှိုက်ပုံနားဆိုတော့ လူတွေ သိပ်မလာ ဘူး။ ဟုတ်တယ်၊ မြုပ်ထားရမယ်'



www.burmeseclassic.com

www.burmeseclassic.com

S M T W T F S
Date : / /

'ဟိုလူကြီးက သားကို သေစေချင်ပုံ ရတယ်။ မျက်နှာကလည်း ကြောက်ဖို့ကောင်းတယ်။ သားကို တွေ့ရင် ဒီနေ့ရေသောက်သေးလားလို့ မေးတယ် ... ။ ကြောက်လိုက်တာ။'

'အခုတလော အိပ်မက်တွေ မက်နေတယ်။ ဟိုလူကြီးက သားကို လိုက်သတ်နေတယ် ဆိုပြီး မက်တာ။ မနက်ကျတော့ အမေ့ကို မပြောရဲဘူး။ အမေ စိတ်ဆင်းရဲမှာ စိုးလို့ပါ ...'

'ဒီနေ့ ကောင်မလေးတစ်ယောက်နဲ့ ရန်ဖြစ်ရတယ်၊ သူ့စာအုပ်ထဲမှာ ဘောပင်နဲ့ လျှောက်ခြစ်လို့ဆိုပြီး။ တောင်းပန်ပါတယ်ဟာ။ ငါ စာအုပ်အသစ်ဝယ်နိုင်တဲ့ တစ်နေ့ ပြန်ဝယ်ပေးပါ့မယ် ...'

'ဒီနေ့ သင်္ချာစာအုပ် ဘယ်မှာ ပျောက်သွားလည်း မသိဘူး။ အမိုက်ပုံနားကို အခြေအနေသွားပြန်ကြည့်တုန်းက ပြုတ်ကျသွားလား မသိဘူး၊ မရှာတော့ပါဘူး၊ စာအုပ်က ကုန်နေပြီပဲ၊ အသစ်ပဲ ထုတ်လိုက်တော့မယ် ...'

'ဟိုလူကြီး ငါ့ကို သတ်တော့မယ်၊
ဟိုလူကြီး ငါ့ကို သတ်တော့မယ်၊
ဟိုလူကြီး ငါ့ကို သတ်တော့မယ် ...'



S M T W T F S
Date : / /

'ဒီနေ့ အိပ်မက်ထဲမှာ အဖေ့ကို တွေ့တယ်။ သူဆေးရုံမှာ လဲနေတဲ့ အချိန်ပါ။ ဆေးရုံမှာ ဘယ်သူမှ မရှိတုန်း သားကို တိုးတိုးလေး ကပ်ခေါ်တယ် ...'

"သား"

"ဗျာ... အဖေ"

"မင်း အမေနဲ့ အိမ်မှာ နေရတာ အဆင်ပြေလား"

"ပြေပါတယ် အဖေရဲ့ အဖေ နေကောင်းရင် စားဖို့ ကြက်သားကြော်ပေးလို့ ပြောထားတယ်"

အဖေက သားကို ဖက်ပြီး ငိုတယ်။ အဖေ ငိုတာကို ပထမဆုံး မြင်ဖူးတာပဲ။

"သား"

"ဟင် ... အဖေ၊ ဘာလုပ်ချင်လို့လဲ"

"အဖေပြောတာတွေ သားက လိုက်လုပ်မှာလား"

"လုပ်ပေးမယ်လေ၊ သားက ဘာလုပ်ရမှာလဲ ပြော"

အဖေက ဆေးရုံရဲ့ အခန်းတံခါးကို ပိတ်နိုင်းတယ်။ ပြီးတော့-

"အဖေ စာဖတ်တဲ့ အခန်း သိလား"

"သိတာပေါ့ အဖေရဲ့ ပြော ... ဘာစာအုပ် ဖတ်ချင်လို့လဲ"

"အဲ့ဒီ စာအုပ်စင်မှာ သားဖတ်နေကျ ပုံပြင်စာအုပ်လေးလေ မှတ်မိလား"

"ဘာလဲ... ယုန်ကလေးကိုးကောင် စာအုပ်လား"

"ဟုတ်တယ်... သား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်... အဲ့ဒါ အဖေက ဖတ်မလို့လား"

"မဖတ်ပါဘူး။ အဲ့ဒီနောက်မှာ အဖေ့ အိတ်ကလေး တစ်အိတ် ထား ထားတယ်၊ အဲ့ဒီ အိတ်ကလေးကို သားက လှုံခြုံတဲ့ နေရာမှာ ဝှက်ထား။ ပြီးတော့ ဘယ်သူ့ကိုမှ မပြောပြနဲ့"

"အမေ့ကို မပြောပြရဘူးလား"

အဖေက ထပ်ငိုပါတယ်။ သားကောင် ငိုချင်လာတယ်။

"သားအမေက အဖေ့အပေါ်မှာ သစ္စာမရှိဘူး"

သစ္စာမရှိဘူးဆိုတာ ဘာကိုပြောတာလဲ၊ ဘယ်လို အဓိပ္ပါယ်ဆိုတာ မသိပါဘူး။ ဒါပေမယ့် အဖေ့ကို ဘယ်သူ့မှ မပြောဘူးလို့ ပြောလိုက်တယ်။

"သား အသက်ကြီးလာမှ ဒီအိတ်ကို ဖွင့်ကြည့်ရမယ်၊ ဘယ်လိုလဲ ... အဖေပြောတာကို သားလုပ်ပေးမှာလား"

"လုပ်ပေးမှာပေါ့၊ ဒါနဲ့ သားက ဘယ်အရွယ်လောက်မှ ကြည့်ရမှာလဲ"

"သား တက္ကသိုလ်တက်တဲ့ အချိန်ဆိုရင် ကြည့်လို့ရပြီ"

"အမေက အတင်းယူကြည့်ရင်ရော"

"မပြနဲ့ပေါ့။ သူမသိအောင်လို့ သား ကစားနေကျ ခြံထောင့်က မြေကြီးအောက်မှာ မြှုပ်ထားလေ"

တံခါးခေါက်သံကြောင့် အိပ်ရာက လန့်နိုးသွားတယ်။

အမေက ကျောင်းသွားဖို့ လာနှိုးတာပါ။'





'ဒီဒိုင်ယာရီ ရေးတဲ့ စာအုပ်ကိုပါ ကျောင်းအမှိုက်ပုံနားက အိတ်ထဲမှာ ထည့်မှ ဖြစ်မယ်၊ ဟိုလူကြီးတွေသွားရင် ဖတ်နေဦးမယ်၊ ပြီးတော့ အဖေ့အကြောင်းတွေ သိနေဦးမယ်။

ဒိုင်ယာရီလေးရေး ငါကတော့ ဆက်ရေးချင်ပါတယ်။ ဒါပေမယ့် ငါဆက်ရေးလို့ မရတော့ဘူး ဖြစ်နေတယ်။

ငါ တက္ကသိုလ် ရောက်မှပဲ ပြန်တွေ့မယ်ကွာ။'

<u>ကြာသပတေးနေ့</u> ( 12:30 )

သား စကားဆုံးတော့ ရုံးတော်ထဲမှာ တိတ်သွားတယ်။ သူတ အမေရဲ့ ရှိုက်ငိုသံတို့ ကြားရတယ်။

တရားရုံးကို နေ့လယ် (၁း၃၀) မှာ ပြန်စမယ်လို့ တရားသူကြီးက အမိန့်ချတယ်။

သူတအမေနဲ့ ပထွေးကိုတော့ တရားရုံးမှာပဲ နေဖို့ တရားသူကြီးက အမိန့်ချမှတ်တယ်။

<u>ကြာသပတေးနေ့</u> ( 1:30 )

Q သူတ ရေးထားတာတွေတော့ ဟုတ်ပါပြီ။ ဒါပေမယ့် သူတ သေဆုံးချိန်မှာ သူတရဲ့ ပထွေးက သူတ အနားမှာ မရှိဘူး။ သူတ ပထွေးက သူတကို သတ်တယ်လို့ ဘာကြောင့် ပြောရတာလဲ။ ဘယ်လို သတ်တယ်လို့ ထင်လဲ။



www.burmeseclassic.com

www.burmeseclassic.com



**A** အင်း ...။

သားဆက်မဖြေတတ်တော့ပါဘူး။ သူတ ပထွေး သတ်တာပဲ သားက ယုံကြည်တာ။ ဘယ်လို သတ်တာလဲဆိုတာ မသိဘူး။ ဒါပေမယ့် တစ်ခုတို့ သတိရသွားတယ်။

**A** သူတကို သူ့ပထွေးက ရေတိုက်ပြီး သတ်တာ ဖြစ်မှာပါ။

တရားရုံးတစ်ခုလုံး ငိုင်းရယ်ကြတယ်။ အတော မသတ်နိုင်တော့ဘူး။ တရားသူကြီးက တူနဲ့ထုတယ်။ အားလုံး ငြိမ်သွားပြန်ရော။

**Q** ဘာဆိုင်လို့လဲ။ ရေသောက်ပြီး လူသတ်လို့ ရတယ်လို့ မကြားဖူးဘူး။

**A** သူတရဲ့ စာအုပ်ထဲမှာ သူ့ပထွေးက သူ့ကျောင်းရေဘူးထဲကို သူတို့အိမ်က သုံးနေကျ ရေသန့်ဗူးထဲက မထည့်ပဲ အခြားနေရာက ထည့်နေတာကို မြင်ဖူးဘယ်လို့ ရေးထားပါတယ်။ အဲ့ဒါ သူ့သတ်ဖို့အတွက် ရေထည့်တာပေါ့။

အားလုံး ငိုင်းရယ်ကြပြန်ရော။ မရယ်တာဆိုလို့ တရားသူကြီးရယ်၊ ရှေ့နေကြီးရယ်၊ သူတအမေရယ်ပဲ ရှိပါတယ်။

**Q** ဆိုလိုတာက ရေထဲမှာ တစ်ခုခု ထည့်တယ်ပေါ့။

**A** အဲ့ဒါတော့ သား မသိဘူး။





**Q** အဲ့ဒီရေကို ဘယ်လို စစ်ရမလဲ။ သူတကို ထည့်ပေးတဲ့ ရေကလည်း မရှိဘူး။ သူ့ပထွေး သတ်ကြောင်း ဘယ်လိုမှ သက်သေပြလို့ မရဘူး။

သားတော်တော် စိတ်ညစ်သွားတယ်။ သားက သားအမေကို လှမ်းကြည့်ရတယ်။ သူက သားကိုပဲ ကြည့်နေတယ်။ အားကိုးရာမဲ့သွားတယ်။

သူတ ပထွေးကတော့ သားကို ရယ်နေတာပေါ့။

အဲဒီအချိန်မှာပဲ သူတ အမေဆီက စကားတစ်ခွန်း ထွက်လာတယ်–

"အဲ့ဒီရေကို ကြည့်လို့ရပါတယ် ..."

အော်ပြောလိုက်သော အသံကြောင့် အားလုံးမှာ စိတ်ဝင်စားသွားပြီး ရှေ့နေကြီးတလည်း ခုံတန်းမှာ ထိုင်နေတဲ့ သူတအမေကို လှမ်းကြည့်လိုက်တယ်။

"ဘယ်လိုစစ်ရမှာလဲ ..."

"သားလေးသေတုန်းက သူ့အခေါင်းထဲကို သူ့ရဲ့ အသုံးအဆောင်ပစ္စည်းတွေပါ ထည့်ပေးလိုက်တယ် ... အဲ့ဒီထဲမှာ သူသောက်လက်စ မကုန်သေးတဲ့ ရေဘူးတစ်ဘူးပါတယ် ..."

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ခန်းမတစ်ခုလုံး ဆုံ့ငြိသွားတယ်။ စိတ်ထင်စားမှုအရှိန်တလည်း မြင့်တက်လာတယ်။

သူတာပတွေနဲ့ မြူမြူတော်မြူဂျေ မျက်နှာကြီးကို မြင်လိုက်ရတယ်။ တရားသူကြီးက ရုံးနားကြောင်းကြေငြာတယ်။

<u>သောကြာနေ့</u>

**Q** ဒေါက်တာ နာမည် ဘယ်လိုခေါ်ပါသလဲ။

**A** ဒေါက်တာ စောမင်းသူဦး လို့ ခေါ်ပါတယ်။

**Q** ဒေါက်တာခင်ဗျား ... ရုံးတော်ကို Arsenic ဓာတ်အကြောင်း ရှင်းပြပေးလို့ရမလား။

**A** Arsenic ဓာတ်က သဘာဝအတိုင်းဖြစ်ပေါ်လေ့ရှိတဲ့ ဓာတ်တစ်မျိုးပါ။ ကမ္ဘာမြေကြီးရဲ့ အက်ကွဲကြောင်းတွေမှာ တွေ့ရတတ်ပါတယ်။ ရာနိုင်နှုန်းအနည်းငယ်သာပါဝင်တဲ့ Arsenic ဓာတ်ကိုတော့ အပင်နဲ့ အစားအသောက်တွေမှာ တည်ရှိတတ်ပါတယ်။ အိုအပြင် ငါးနဲ့လေထဲမှာလည်း တွေ့ရတတ်တယ် ... Arsenic ဓာတ်ဟာ အခြားဒြပ်စင်များနဲ့ ပေါင်းစပ်ပြီးတွေ့ရပါတယ် ... အဲဒါကို Arsenic Compounds လို့ ခေါ်တာပေါ့ ... သူမှာ သိသာ





ကွဲပြားတဲ့ အနံ့အရသာမရှိဘူး ... Arsenic Compound တော်တော်များများကတော့ သဘာဝအတိုင်းဖြစ်တာများပါတယ်... လူလုပ်လို့ဖြစ်ပေါ်တာတွေလည်း ရှိပါတယ် ... ဆေးနဲ့ အခြားထုတ်လုပ်မှုတွေမှာလည်း Arsenic Compound တွေကို အနည်းငယ်အသုံးပြုလေ့ရှိပါတယ် ...။

**Q** ရေထဲမှာရော Arsenic ဓာတ်တွေရှိပါသလား။

**A** အလွန်အရေးကြီးတဲ့ ကိစ္စပေါ့ ... ရေထဲမှာ Arsenic ဓာတ်ပါဝင်နိုင်မှုက တော်တော်များပါတယ် ... လူ့ရဲ့ခန္ဓာကိုယ်မှာ Arsenic ဓာတ် အလွန်အလွန်နည်းငယ်တဲ့ ပမာဏလောက်ကို လိုအပ်ကောင်းလိုအပ်ပါတယ် ... ဒါပေမယ့် အရမ်းများရင်တော့ အန္တရာယ်ဖြစ်တတ်ပါတယ်။

**Q** ဘယ်လိုရေမျိုးတွေမှာ Arsenic ဓာတ်တွေ ပါတတ်ပါသလဲ။

**A** ရေတွင်းရေကန်တွေမှာ တွေ့ရတတ်ပါတယ် ... ဒါကလည်း ကြည့်ရုံနဲ့ မသိရပါဘူး ... စစ်ဆေးကြည့်မှ သိရတာပါ ... ရေတွင်း ရေကန်တိုင်းတော့ မဟုတ်ပါဘူး ...

**Q** တစ်ခုမေးပါရစေ ဒေါက်တာ ...။



www.burmeseclassic.com

www.burmeseclassic.com



**A** မေးပါ ... ရပါတယ် ... ။

**Q** သောက်သုံးရေကန်ပဲဆိုပါစို့ ... အဲဒီရေကန်က အရင်တုန်းက Arsenic ဓာတ်မရှိပါဘူး ... ဒါပေမယ့် အကြောင်းအမျိုးမျိုးကြောင့် Arsenic ဓာတ်ရှိသွားနိုင်ပါသလား။

**A** ရှိနိုင်ပါတယ် ... ဘယ်လိုမျိုးလဲဆိုတော့ ... Arsenic ဓာတ်က ရေမှာ ပျော်ဝင်နိုင်ပါတယ် ... မြေအောက်ရေ တော်တော်များများဟာ လူတွေစွန့်ပစ်ထားတဲ့ Arsenic ဓာတ်ပါဝင်တဲ့ စွန့်ပစ်ပစ္စည်းတွေကြောင့် ညစ်ညမ်းပြီး Arsenic ဓာတ်ပါဝင်နိုင်ပါတယ် ... အဲဒီက နေဖြစ်ပေါ်လာတဲ့ ရေတွေကလည်း Arsenic ဓာတ်ပါဝင်နိုင်ပါတယ် ... ဒါ့အပြင် ရာသီဥတုနဲ့ မြေဆွေးတွေကြောင့် ဖြစ်ပေါ်လာတဲ့ Arsenic ဓာတ်က မြေအောက်ရေတွေမှာ တွေ့ရှိရတာ အများဆုံးပါ ... တစ်လောကတောင် ဗီယက်နမ်နိုင်ငံရဲ့ လူဦးရေထူထပ်တဲ့ မြစ်နီ မြစ်ဝကျွန်းပေါ်ဒေသအနီးက ရေတွင်းရေကန်လေးပုံတစ်ပုံမှာ Arsenic ဓာတ် လွန်လွန်ကဲကဲ ပါဝင်နေတယ်ဆိုပြီး သတင်းထဲမှာ ဖတ်လိုက်ရပါသေးတယ် ...

**Q** Arsenic ဓာတ်ပါဝင်တဲ့ရေကို သောက်ခြင်းဖြင့် ရောဂါဖြစ်ပွားစေပါသလား ... ။





**A** ဖြစ်တာပေါ့ ... ယေဘုယျပြောရရင် စိတ်ဂနာမငြိမ်ဖြစ်ခြင်း၊ စိတ်ဖိစီးခြင်းနဲ့ အရေပြားကင်ဆာတို့ကို ဖြစ်စေတယ် ... အသေးစိတ်အနေနဲ့ ပြောရရင်တော့ ... အများကြီးပေါ့ ... ဒါ့အပြင် Arsenic ဓာတ် ပါဝင်တဲ့ ရေကို သောက်မိတဲ့သူက ချက်ချင်းလက်ငင်း ရောဂါဖြစ် သေဆုံးနိုင်သလို ... ကာလကြာရှည်ရောဂါဖြစ်နိုင်ပါတယ် ... ။

**Q** ချက်ချင်းလက်ငင်းရောဂါဖြစ်နိုင်တယ် ... ကြာရှည်ရောဂါဖြစ်နိုင်တယ်ဆိုတာ ဘာကိုဆိုလိုပါသလဲ ... ။

**A** Arsenic ဓာတ်ပါဝင်မှုပေါ်မူတည်ပါတယ် ... Arsenic အလွန်အကြူးပါရင် ချက်ချင်းလက်ငင်းဖြစ်ပွားနိုင်တဲ့ ရောဂါတွေရှိပါတယ် ... ဥပမာ ... အော့အန်၊ ဝမ်းလျှော၊ ဝမ်းဗိုက်ပိုင်းနာကျင်၊ ပင်ပန်းနွမ်းနယ်၊ နှလုံး နှုန်း မြန်၊ ခြေတွေ လက်တွေမှာ ပေါက်ပြီး မြင်မကောင်းအောင်လည်း ဖြစ်မယ် ... စတဲ့ ရောဂါတွေအများကြီးရှိတာပေါ့ ...

ကြာရှည်ဖြစ်ပွားစေတာတွေကတော့ ... ကင်ဆာလိုရောဂါမျိုး၊ နှလုံးနဲ့ ပတ်သက်တဲ့ ရောဂါတွေ၊ မျိုးပွားခြင်းနဲ့ ပတ်သက်တဲ့ ရောဂါတွေ၊ အာရုံကြောနဲ့ ပတ်သက်တဲ့ရောဂါတွေ စတဲ့ ရောဂါများ ဖြစ်ပွားတတ်ပါတယ် ... ။



www.burmeseclassic.com

www.burmeseclassic.com

**Q** တစ်ခုထပ်မေးပါရစေ ... ဒေါက်တာ ...။

**A** ဟုတ်ကဲ့ ...။

**Q** ဆရာစစ်ပေးတဲ့ ... ကလေးတစ်ယောက်ရဲ့ ရေဘူးထဲမှာ ... Arsenic ဓာတ်ပါဝင်ပါသလား ...။

**A** ပါဝင်ပါတယ် ...။

**Q** ပါဝင်တဲ့ပမာဏ ဘယ်လောက်ရှိပါသလဲ ...။

**A** တော်တော်များပါတယ် ... မတန်တဆပါဝင်နေပါတယ် ...။

**Q** အဲဒီ နှလုံးရောဂါအခံရှိတဲ့ ကလေးတစ်ယောက်က ... အဲဒီရေကို ခဏ ခဏ သောက်မိမယ်ဆိုရင်ရော ... ဆရာ ...

**A** Arsenic ဓာတ်က ကလေးတွေမှာ အဆိုးရွားဆုံး ခံစားရတတ်ပါတယ် ... နှလုံးရောဂါအခံရှိတဲ့ ကလေးဟာ အး ပိုးပေါ့ ... အကြောင်းအမျိုးမျိုးကြောင့် ရုတ်ချည်းသေဆုံးနိုင်ပါတယ် ...

**Q** ကျေးဇူးပါပဲ ... ဒေါက်တာ ...။



**A** ဟုတ်ကဲ့ ...။

(အသေးစိတ်မမှတ်မိတဲ့အတွက် ဖေကြီးကို ရုံးကမှတ်တမ်းတွေ ယူခိုင်းပြီး အဲဒီထဲက ပြန်ကူးရေးထားတာပါ။)

**စနေနေ့**

သား ဒီနေ့ ဘယ်မှ မသွားရဘူး။ အိမ်မှာပဲ။

**တနင်္ဂနွေနေ့**

မနက်ဖြန်ရုံးကိုသွားရဦးမယ်။ အဲဒါကြောင့် ဘာမှ ထွေထွေထူးထူး မရေးဖြစ်ဘူး။

**တနင်္လာနေ့ ( 11:00 AM )**

**Q** နာမည်က ... ဦးနေ ဆိုတာ ဟုတ်ပါသလား ...။

**A** ဟုတ်ပါတယ် ...။

**Q** သေဆုံးသူ ... ကလေးအမေရဲ့ ဒုတိယအိမ်ထောင်ဆိုတာ ဟုတ်ပါသလား ...။

**A** ဟုတ်ပါတယ် ...။



www.burmeseclassic.com

www.burmeseclassic.com

S M T W T F S
Date : / /

**Q** အရင်က ... ခတ်ခွဲခန်းမှာ အလုပ်လုပ်ဖူးတယ်နော် ... ။

**A** ဟုတ် ... ဟုတ်ပါတယ် ... ။ (အနည်းငယ်တုန်ဆိုင်းနေ)

**Q** မောင်သုတရဲ့ ရေဘူးထဲကို Arsenic ခတ်ပါတဲ့ရေ တမင်သက်သက်ထည့်ပြီး သေစေတယ်လို့ စွပ်စွဲထားတယ် ... ဘာပြောဦးမလဲ။

**A** ကျွန်တော်မထည့်ပါဘူး ... သူ့ကို အိမ်က သုံးနေကျရေသန့်ဘူးထဲက ရေပဲထည့်ပေးတာပါ ... ပါချင်းပါ ရေသန့်ဘူးထဲကပဲ ပါပါမယ် ... သူ့အမေကို ကျွန်တော်ယူထားတဲ့အတွက် မယားပါသား တစ်ယောက်အနေနဲ့ ကျွန်တော့်ကို မကျေနပ်လို့ ရေးထားတာ ဖြစ်မှာပါ ... ။

**Q** အိမ်မှာ ဘာရေသန့်သုံးလဲ ... ။

**A** PPP Purified Drinking Water ကိုသုံးပါတယ် ... ။

**Q** ဒါဆို မောင်မင်းက ကလေးကို Arsenic ခတ်ပါတဲ့ တမင်သက်သက်ထည့်ပြီး သတ်တယ်ဆိုတာ ဝန်မခံဘူးပေါ့ ... ။

**A** ကျွန်တော်မှ မသတ်တာ ... ။



S M T W T F S
Date : / /

အားလုံးတိတ်ဆိတ်သွားကြပြန်တယ်။

စိတ်လှုပ်ရှားမှုနှင့်အတူ အသက်ရှူဖို့ မေ့နေကြပုံရတယ်။ သားကတော့ စိတ်တိုနေတယ်။ ဒီလူကြီးသတ်တာ သေချာပါတယ်။

**Q** ဒါဆို ... မောင်သုတရဲ့ စာရွက်စာတမ်းတွေကို သတင်းထောက် ဦးလုဝင်းစီမှာ ငွေကြေးနဲ့ ဝယ်ယူတာကိုရော ဘာပြောဦးမလဲ ... ။

**A** ကျွန်တော်မဝယ်ပါဘူး ... ။

**Q** သေချာလား ... ။

**A** သေချာပါတယ် ... ။

**Q** အိုကေ ... ဒါဆို နောက်ဆုံးတစ်ခုပဲ မေးတော့မယ် ... ။

**A** မေးပါ ... ။

**Q** မောင်သုတကို ထည့်ပေးတဲ့ ရေသန့်ကိုပဲ တစ်အိမ်လုံး သောက်တာလား ... ။

**A** ဟုတ်တယ် ... ။



www.burmeseclassic.com

www.burmeseclassic.com

**Q** ကျေးဇူးတင်ပါတယ် ... ။

**တနင်္လာနေ့ ( 11:10 AM )**

**Q** PPP ရေသန့် ကုမ္ပဏီကဆိုတာ ဟုတ်ပါသလား ... ။

**A** ဟုတ်ပါတယ် ... PPP ရေသန့် ကုမ္ပဏီက ထုတ်လုပ်ရေး မန်နေဂျာပါ ... ။

**Q** အဲဒီမှာ တာဝန်ယူတာ ဘယ်လောက်ရှိပြီလဲ ... ။

**A** လုပ်သက် (၁၀) နှစ်ရှိပါပြီ ... ။

**Q** ထုတ်လုပ်တဲ့ ရေသန့်ဘူးအားလုံးကို Q.C (Quality Contorl) ဘယ်လိုလုပ်ပါသလဲ ... ။

**A** သီးသန့်စစ်ဆေးတဲ့ Q.C Department ရှိပါတယ် ... နိုင်ငံတကာစက်တွေနဲ့ စစ်ဆေးပါတယ် ... ။

**Q** ရေသန့်ထဲမှာ Arsenic ဓာတ် ပျော်များစွာပါတယ်လို့ လူတစ်ဦးက စွပ်စွဲရင် ဘယ်လိုဖြေရှင်းချင်ပါသလဲ ... ။



**A** ဒါမဖြစ်နိုင်တဲ့ ကိစ္စပါ ... ရေသန့်ထဲမှာ သိသာလောက်တဲ့ Arsenic ဓာတ် ပါတယ်ဆိုရင် ... ကျွန်တော်တို့ဟာ ပြည်သူတွေဆီကို ဖြန့်ဝေလို့မရပါဘူး ... လွန်စွာ အန္တရာယ်ကြီးပြီး ကျွန်တော်တို့ ကုမ္ပဏီလည်း ပြဿနာအကြီးအကျယ်ဖြစ်နိုင်တယ်ဆိုတာ သိပါတယ် ... ဒါကြောင့် လုပ်ငန်းစဉ်တိုင်းမှာ အမှားအယွင်းမရှိအောင် စစ်ဆေးပါတယ် ... ကျွန်တော်တို့ ကုမ္ပဏီက အစိုးရရဲ့ အသိအမှတ်ပြု ကုမ္ပဏီတစ်ခုပါ ... ။

**Q** ကျေးဇူးတင်ပါတယ် ... ။

**A** ဟုတ်ကဲ့ ... ။

**တနင်္လာနေ့ ( 11:30 AM )**

'ယခုလို အပြန်အလှန်စစ်ဆေးပြီးတဲ့နောက်မှာ ကာယကံရှင်ဖြစ်တဲ့ ဒေါ်ထားဦးကို စစ်ဆေးမေးမြန်းရန်အတွက် ဒေါ်ထားဦးရှေ့သို့ ခေါ်ပါရန်'

ယခုအခါ သူ့အမေက အငိုတိတ်နေပြီး တည်တည်ငြိမ်ငြိမ်ဖြစ်နေတယ်။ အားလုံးရဲ့ အကြည့်များကလည်း သူ့ဆီရောက်နေတယ်။ ဒေါ်ထားဦးက စစ်ဆေးတဲ့နေရာမှာ ဝင်ရပ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

S M T W T F S
Date / /

Q နာမည်က ... ဒေါ်ထားဦးနော် ... ။

A ဟုတ်ပါတယ် ... ။

Q သေဆုံးသူမောင်သုတရဲ့ အမေအရင်းနော် ... ။

A ဟုတ်ပါတယ် ... ။

Q အခု ... ရုံးတော်ကို အသစ်တစ်ဖန် ပြန်လျှောက်တဲ့ အမှုအတွက် ဘာများပြောချင်ပါသေးလဲ ... :

A ဟုတ်ကဲ့ ... ရုံးတော်ကိုလျှောက်ထားတဲ့ သားလေး အုံညြအောင်ရဲ့ စွပ်စွဲချက်က အမှန်လို့ထင်ပါတယ် ... ။

"ဟင်"

"ဟာ"

အားလုံးမှာ တီးတိုး တီးတိုး အသံများဖြင့် ဆူညံသွားတယ်။ တရားသူကြီးက တူနဲ့ ထုရပြန်တယ်။

Q ဘာဖြစ်လို့အဲဒီလိုထင်ရတာလဲ ... ။



S M T W T F S
Date / /

A တစ်နေ့မှာ ... သားလေး သုတရဲ့ကျောင်းရေဘူးထဲကို အခြားနေရာမှ (ကျွန်မတို့သောက်နေကျရေသန့်ဘူးထဲကမဟုတ်) ရေများ ထည့်ပေးနေတာ တွေ့ရပါတယ် ... ။

Q ဘယ်နှကြိမ်လောက်တွေ့ဖူးတာလဲ ... ။

A သုံးကြိမ်ထက်မနည်းပါဘူး ... ။

Q ဟုတ်ကဲ့ ... ဆက်ပြောပါဦး ...

A သူက ကျွန်မခင်ပွန်းဟောင်းရဲ့ပစ္စည်းတွေကို မက်မောလို့ ... ကျွန်မကိုယူခဲ့တယ်ဆိုတာ နောက်ပိုင်းမှ သိရပါတယ် ...

Q ဘယ်လိုသိရတာလဲ ... ။

A ပိုင်ဆိုင်မှု စာရွက်စာတမ်းတွေမေးပါတယ် ... ။ ဘယ်မှာထားလဲ ... ။ နင်သိရမှာပေါ့ဆိုပြီး ရိုက်နှက်မေးပါတယ် ... ။ ကျွန်မကလည်း တကယ်မသိလို့ မသိဘူးလို့ ပြောခဲ့တယ် ... ။ အခုမှပဲ ကျွန်မခင်ပွန်းဟာ ကျွန်မကို မယုံကြည်လို့ ဒီလိုစီစဉ်ခဲ့တာပဲဆိုတာတွေးပြီး ကျွန်မ နောင်တရနေပါတယ် ... ။



www.burmeseclassic.com

www.burmeseclassic.com

ပြောရင်းနဲ့ သူတိုအမေက ငိုပါလေရော။ အားလုံး စိတ်မကောင်း ဖြစ်သွားကြတယ်။

**Q** ကလေးကိုရော ရိုက်တာတွေ့ဖူးလား ... ။

**A** ကျွန်မရှေ့မှာတော့ ငါးခါလောက် လက်ပါဖူးပါတယ် ... အဲဒီအခါမှာ ကျွန်မနဲ့ ရန်ဖြစ်ရပါတယ် ... အခုမှ သားလေးရဲ့ ဒိုင်ယာရီအရ ကျွန်မကွယ်ရာမှာလည်း ရိုက်တယ်ဆိုတာ သိရတာပါ ... ကျွန်မ တော်တော်ကြီးကို စိတ်မကောင်းပါဘူး ... ကျွန်မဟာ မိခင်ဆိုး တစ်ယောက်ဖြစ်နေရပါပြီ ...

**Q** ဘာများထပ်ပြောချင်ပါသေးလဲ ... ။

**A** ရုံးတော်ကို ကျွန်မသားလေးအမှု အမှန်ဖြစ်အောင် ဆောင်ရွက်ပေး ဖို့နဲ့ ... အမှုကိစ္စပြီးပါက ကျွန်မရဲ့ ဒုတိယခင်ပွန်းနဲ့ ကွာရှင်းပေးဖို့ တောင်းဆိုပါတယ် ... ။



**တနင်္လာနေ့ ( 1:00 PM )**

နေ့လယ်ပိုင်းရောက်တော့ တရားခံ ဦးနေမိုးကို ထပ်မံမေးမြန်း ပါတယ်။ ဦးနေမိုးက ငြင်းချင်ပါသေးတယ်။

အဲဒီအချိန်မှာပဲ တရားသူကြီးက ဦးလှဝင်းကိုခေါ်ပြီး စစ်ပါတော့ တယ်။ စစ်ဆေးခံရတဲ့ ဦးလှဝင်းမျက်နှာဟာ တော်တော်ကြီးကို စိတ်မကောင်းဖြစ်နေပုံရတယ်။

အဲဒီနောက် စာရွက်စာတမ်းတွေကို သူ့ဆီက လာဝယ်သူမှာ ယခု ရုံးတော်တွင် တရားခံဖြစ်သူ ဦးနေမိုးဖြစ်ကြောင်း ထွက်ဆိုသွား ခဲ့ပါတယ်။

ထိုအချိန်မှာပဲ ရဲများက တရားခံ ဦးနေမိုး ထိုင်ရာနေရာမှာ ဝန်ခံ ပြီး မတ်တတ်ရပ်နေတာ တွေ့ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

S M T W T F S

Date. / /



S M T W T F S

Date: / /

## လွန်ခဲ့တဲ့ တစ်နှစ်က လူသတ်မှုပေါ်ပြီ

.... မြို့ .... ရက်၊ .... လ

ယနေ့ တရားရုံးက လွန်ခဲ့တဲ့ တစ်နှစ်က ဖြစ်ပွားတဲ့ ကျောင်းသားလေးတစ်ယောက် လဲကျသေဆုံးမှုအား အမိန့်ချမှတ်လိုက်သည်။

တရားခံဖြစ်သူ မောင်နေမိုးမှာ ပြစ်မှုထင်ရှားကြောင်းတွေ့ရှိရသဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် (   ) နှစ် ကျခံစေရန်နှင့် စာရွက်စာတမ်းများအား လွှဲပြောင်းရောင်းချရန် ကြိုးစားသော သတင်းထောက် ဦးလှဝင်းအား အလုပ်ကြမ်းနှင့် ထောင်ဒဏ် (   ) နှစ်ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

ထိုပြင် တွေ့ရှိရသောမောင်သုတ၏ဖခင်ပိုင်စာရွက်စာတမ်းများအား မောင်သုတ၏ အမေ သေတမ်းစာအရ ပြုလုပ်ရန် ဆုံးဖြတ်လိုက်သည်ဟု သတင်းရရှိပါသည်။

.... သတင်းစာ



www.burmeseclassic.com

www.burmeseclassic.com

S M T W T F S

Date : / /



S M T W T F S


Date : / /

## သုတ အဖေ၏ သေတမ်းစာ

ကျွန်တော်ပိုင်ဆိုင်သော ငွေကြေးများ၊ ရွှေထည်ပစ္စည်းများ၊ အိမ်ခြံမြေ များအားလုံး၏ လေးပုံနှစ်ပုံအား ကျွန်တော့်သား မောင်သုတ အရွယ်ရောက်ချိန်၌လည်းကောင်း၊ နှစ်ပုံတစ်ပုံအား မောင်သုတလှူဒါန်း လိုသော နေရာသို့ လှူဒါန်းရန်နှင့် ကျန်တစ်ပုံအား ၎င်းမိခင်အတွက် ၎င်းအရွယ်ရောက်လာချိန်တွင် ကျွေးမွေးဆပ်ရန်အတွက် တစ်ပုံ အသီးသီး သတ်မှတ်ထားပါသည်။

ပူးတွဲပါ စာအိတ်ထဲတွင် ကျွန်တော်၏ ပိုင်ဆိုင်မှု အထောက် အထားများအား ကျွန်တော့်သားနာမည်နဲ့ လွှဲပြောင်းပြုလုပ်ထားသော ပိုင်ဆိုင်မှုများ ဖြစ်ပါသည်။

အရွယ်မရောက်ခင် ကျွန်တော့်သား ကွယ်လွန်ခဲ့ပါက သုံးပုံ အား လှူဒါန်း၍ ကျန်တစ်ပုံအား ၎င်းမိခင်အတွက် ကျွေးမွေးဆပ်ငွေဟု ယူဆပါရန်။



(လက်ဗွေ)



www.burmeseclassic.com

www.burmeseclassic.com

S M T W T F S
Date : / /

**အင်္ဂါနေ့**

ဒီနေ့ကျောင်းပြန်တက်ရမယ့်နေ့ဆိုတော့ တက်ကြွနေတယ်။ အမေနဲ့ အဖေက သားအပေါ်ယုံကြည်မှု ရှိလာတယ်လို့လည်း ခံစားလာရတယ်။

အစ်ကိုကလည်း သားကို လေးလေးစားစား ဆက်ဆံနေတယ်။ ကျောင်းရောက်တော့ ကျောင်းသား၊ ကျောင်းသူ တော်တော်များများက သားကို ပြုံးပြကြတယ်။

လာနှုတ်ဆက်ကြတဲ့ လူတောင်ရှိတယ်။ သူတို့ကိုတော့ သား မသိပါဘူး။ ကျောင်းခန်းထဲ ရောက်တော့လည်း ဒီလိုပါပဲ။ နှုတ်ဆက်ကြ၊ စကားလာပြောကြနဲ့၊ ထူးခြားတာက ဖွင်းနဲ့ စုပိုင်းပါ။

သားကို တကူးတက လာနှုတ်ဆက်တယ်။ သူတို့ကျောင်းစာအုပ်မှာ အမှတ်တရရေးပေးဖို့လည်းပြောတယ်။




ပျော်လိုက်တာ။ ဘယ်လိုပျော်လို့ ပျော်မှန်းမသိဘူး။ လော့ရှည်တို့တော့မတွေ့ဘူး။ လော့ရှည်သူငယ်ချင်းတွေဖြစ်တဲ့ ဗူပူ၊ ဝက်ကြီးနဲ့ ဆံတောင်တို့ကလည်း သားသူငယ်ချင်းလုပ်ချင်ကြောင်း လာပြောတယ်။



S M T W T F S
Date : / /

ဒေါင်ဘူနားမှာလည်း ကောင်မလေးတွေ ဝိုင်းနေတယ်။ ဒေါင်ဘူကတော့ မျက်နှာကြီး တပြုံးပြုံးနဲ့ပေါ့။



အဲဒီအချိန်မှာ အခန်းရှေ့ကို ကျောင်းစောင့်ကြီးရောက်လာပြီး "မင်းတို့ ကျောင်းအုပ်ကြီးက ဂုဏ်ပြုပွဲလုပ်ပေးမယ်လို့ ပြောသံကြားတယ်ကွ" ဆိုပြီး လာပြောသွားတယ်။

အားလုံးက "ဟေး" ကနဲ အော်ကြတယ်။ ဒီနေ့က သားဘဝမှာ အပျော်ဆုံးပါပဲ။

လော့ရှည်က ဒီနေ့ ကျောင်းမတက်ဘူးလို့ သိရတယ်။

**ဗုဒ္ဓဟူးနေ့**

ဒီနေ့ သားနဲ့ ဒေါင်ဘူကျောင်းရှေ့ရောက်တဲ့ အချိန်မှာ ကျောင်းအဝင်ဝကြော်ငြာသင်ပုန်းရှေ့တွင် ကျောင်းသား၊ ကျောင်းသူများ တိုးဝှေ့ကြည့်နေတာကို တွေ့ရတယ်။ ဘာတွေများ ကြည့်နေတာပါလိမ့်လို့ စိတ်ဝင်စားသွားတယ်။


www.burmeseclassic.com

S M T W T F S
Date / /

ကလေးဗိုဗို သားလည်း အတင်းတိုးပြီး ငေးကြည့်တာပေါ့။ အောင်ဘုတလည်း အရပ်ပုတော့ အနောက်ကနေ ခုန်ပြီးကြည့်တယ်။

ကြော်ငြာသင်ပုန်းပေါ်တွင် သတင်းစာမှ သတင်းတစ်ခု ကပ်ထား တာကို တွေ့လိုက်ရတယ်။

မြို့နယ်ပေါင်းစုံ ကလေးကာတွန်းပြိုင်ပွဲ ပထမဆုရရှိခဲ့သူ ရှေ့ဆောင်၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလက်ရာမှာ သူများ လက်ရာအား ခိုးကူးထားခြင်းဖြစ်နေသည်ကို တွေ့ရှိရပါသည်။ အောက်ပါပုံမှာ မူရင်းအတိုင်း ကူးဆွဲထားသည့် ပုံဖြစ်ပါသည်။





ထို့ကြောင့် ပထမဆုရရှိခဲ့သည်ကိုပယ်ပြီး ဒုတိယအကောင်း ဆုံးဖြစ်ခဲ့သည့် မောင်အုံ့ညိုအောင်၏ လက်ရာအား ပထမဆုအဖြစ် မြို့နယ်ပေါင်းစုံကလေးကာတွန်းပြိုင်ပွဲမှ ကြေညာအပ်ပါသည်။



S M T W T F S
Date : / /

ကမ္ဘာကြီးအတွက် မီးခိုးမထွက်တဲ့ကား




လေးစားစွာဖြင့်

လှနေ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ကျေးဇူးတင်လွှာ

ဘီအိုဘိုကေအတွက် လိုချင်သောကာတွန်းပုံစံများအား မိုးလင်းမိုးချုပ် လက်ဖက်ရည်တစ်ခွက်သောက်ရင်း ရေးဆွဲပေးခဲ့သည့် ကာတွန်းဆရာ မိုးမင်းမြတ်၊ အလုပ်တွေမအားသည့်ကြားက ကြားပေါက် Book Layout လုပ်ပေးခဲ့သည့် ဒီဇိုင်း ရဲဝင့်ကျော် (ခ) ရဲလေး၊ ပိုက်ဆံတောင်းခါနီးတွင် ခေါင်းကိုက်၊ ဗိုက်နာ၊ ရင်မှ ရောဂါတစ်ခုခု မဖြစ်မနေဖြစ်တတ်သော ကျွန်တော့်ရဲ့ ထုတ်ဝေသူ၊ ဤဝတ္ထုပုံစံလေး ရေးကြည့်ရင်ကောင်းမယ်ဟု အကြံဉာဏ်ပေးခဲ့သည့် နိုင်ငံခြားမှ သူငယ်ချင်းတစ်ဦး၊ ထို့အပြင် ကျွန်တော့်စာအုပ်များအား ကောင်းကောင်း ဆိုးဆိုး ဖတ်ရှုပေးခဲ့သည့် စာဖတ်ပရိသတ်များကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါသည်။

လေးစားစွာဖြင့်

လှနေ



www.burmeseclassic.com

www.burmeseclassic.com

S M T W T F S
Date / /

## "ပါဆယ်" လုံးချင်းဝတ္ထု
## သိန်း (၂၀) ကိစ္စနှင့် ပတ်သက်၍

အိမ်မက်အသစ် စာပေသို့ ရောက်ရှိလာသော အဖြေမှန်သူ (၁၁၁) ဦးထဲမှ ၂၀၁၀ ခုနှစ် ဒီဇင်ဘာလ (၁၇) ရက်နေ့တွင် City Star Hotel ၌ စာနယ်ဇင်းဆရာ၊ ဆရာမများ၏ ရှေ့မှောက်တွင် ဆရာသစ္စာနီ၊ ဆရာ လွမ်းဝေနိုင် (မန္တလေးအာရုဏ်ဦးဂျာနယ်)၊ ကိုမိုး=မြန်မာစာ (ပေါ်ပြူလာ ဂျာနယ်)၊ ဆရာသျှိသျှအောင် (ရတီမဂ္ဂဇင်း)၊ ဒေါ်စိုးယုဝေ (Hello Madam Fashion Catalogue) တို့မှ အောက်ပါ (၅) ဦးအား ထပ်မံ၍ မဲနှိုက်ရွေးချယ်ခဲ့ပါသည်။

၁။ မသင်းသင်းမြတ်နိုး
၁၂/သလန (နိုင်) ၁၀၅၁၀၇
အမှတ် (၈၈)၊ ကျိုက်ခေါက်ဘုရားလမ်းနံ၊ သန်လျင်မြို့။

၂။ မဝင်းပို့အောင်
၁၂/တမန (နိုင်) ၁၁၁၉၃၂
အမှတ် (၄၃)၊ ပထမထပ်၊ အင်းဝလမ်း၊
ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

၃။ မထက်ထက်ဝေ
၁၀/မလမ (နိုင်) ၁၉၂၆၇၃
အမှတ် (၆၅၈/A)၊ နတ်မော်တန်း၊ မောင်ငံရပ်၊
မော်လမြိုင်မြို့။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

S M T W T F S

Date : / /

၄။ မောင်စိုင်းစိုးအောင်

၉/မကတန (နိုင်) ၁၂၆၉၀၀

မိုးကုတ်မြို့ အနောက်ပိုင်း။

၅။ မောင်ရဲရင့်အောင်

၁၂/ဥကတ (နိုင်) ၁၈၈၃၁၂

အ.ထ.က (၆)၊ မိုလ်တထောင်ကျောင်းဝင်း၊ ရန်ကုန်မြို့။

အထက်ပါ ရွေးချယ်ခံထားရသူ (၅) ဦးထဲမှ သိန်း (၂၀) ရရှိမည့် ကံထူးရှင် (၁) ဦးအား ထပ်မံ၍ ရွေးချယ်မည် ဖြစ်ပါသောကြောင့် "လူနေ၏ ဘီအိုဒီတော" လုံးချင်းဝတ္ထုထွက်ပြီး တစ်ပတ်အတွင်း ဆက်သွယ်မည် ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

အိပ်မက်အသစ်စာပေ



BURMESE CLASSIC .com

www.burmeseclassic.com